
www.burmeseclassic.com



BURMESE CLASSIC .com

www.burmeseclassic.com

www.burmeseclassic.com

စာမူခွင့်ပြု - ၄၈၃/၉၂ (၁၀)
မျက်နှာဖုံးနှင့် အတွင်းပုံများခွင့်ပြု - ၄၁၁/၉၂ (၁၁)

ပထမအကြိမ် - ၁၉၆၅၊ နိုဝင်ဘာ
ဒုတိယအကြိမ် - ၁၉၆၆၊ နိုဝင်ဘာ
တတိယအကြိမ် - ၁၉၉၁၊ ဩဂုတ်
စတုတ္ထအကြိမ် - ၁၉၉၃၊ ဇန်နဝါရီ
အုပ်ရေ - ၁၀၀၀
တန်ဖိုး - ၃၇ ကျပ်

မျက်နှာဖုံးပန်းချီ - ညွန့်ဝေသစ်
အတွင်းပန်းချီ - ဦးအောင်မြင့်

လှထူဦးလှရဲ့ ကျောင်းကန်အနီးမှ မြန်မာ့ပုံပြင်များ စာအုပ်ကို
ဦးအောင်ညွန့် (မြ-၀၆၄၃) ထွန်းရင်စာပေ၊
အမှတ် ၄၈၆၊ ၃၈ လမ်း၊ ၆၃ - ၃၇ လမ်းကြား၊
မန္တလေးက ထုတ်ဝေပြီး
ဦးသိန်းကျော် (၀၄၆၉၉) မြမာလာအော့ဖ်ဆက်၊
၂၆ လမ်းနဲ့ ၈၀ လမ်းထောင့်၊
မန္တလေးမြို့က ပုံနှိပ်ပါတယ်။

# မာတိကာ

မိတ်ဆက် ၇
၁။ ဖိုးသူတော်စာ ဖိုးသူတော်ဝတ်တတ် ၁၄
၂။ ဟိုဒင်းနှင့် အဂ္ဂါ ဖိုးသူတော်နှစ်ဦး ၁၈
၃။ အကြံကြီးသော ကိုရင် ၂၀
၄။ တပည့်တော် မလိမ်အားသေးပါ ၂[illegible]
၅။ မွှစ်ဟင်းကြိုက်သော ကိုယ်တော် [illegible]
၆။ အလိမ်အလှူခံသော ဖိုးသူတော် ၂၈
၇။ ပြဿဒါးနှင့် ရက်ရာစာ ၃[illegible]
၈။ မကြောင်းနှင့်ကျော[illegible] [illegible]
၉။ သရက်သီးနှင့်[illegible] ၃၆
၁၀။ မရှိဘူး[illegible] မရှိဘူး ၃၉
၁၁။ [illegible]တဲ့ ကိုရင်ကြီး ၄၁
၁၂။ [illegible] ရေခက်မရှု ၄၂
၁၃။ [illegible]တော့ဖုံးမရဘူး ၄၆
၁၄။ ငါ့ယောက်ာ မင်းတို့အတွက် ၄၇
၁၅။ သေခြင်းတရား အပြောကောင်းသူ ၅၀
၁၆။ လွဲလိုက်လေ မောင်ပဥ္စင်း ၅၂
[illegible]။ ကောင်းနည်းသော ဦးပဥ္စင်း ၅၄
၁၈။ အဋ္ဌသာလိနီ အဋ္ဌကထာပါဠိ ၅၅

www.burmeseclassic.com


၁၉။ အဝိတ်ကောက်လွှဲသူ ၅၆
၂၀။ ကိုရင်ကလေးနှင့် ဦးအောင်ညို ၆၀
၂၁။ သည်တစ်ခါမှ ကော်တော့တာပဲ ၆၃
၂၂။ သိမ်မဝင် ၆၅
၂၃။ အကြံမှိုင်သောဦးသူတော် ၆၆
၂၄။ ဝါတဲ့ရွာ ဝါတဲ့ ၇၂
၂၅။ ဘာကောင်းတုံမင်းသားလဲ ၇၅
၂၆။ လိုတရ ပုတီး ၇၈
၂၇။ လူမိုက်ကြီးနှင့် သီလရှင် ၈၇
၂၈။ မေ့တတ်သော ဖိုးသူတော် ၈၉
၂၉။ စကားမနိုင် ပန်းကန်ကိုင်ပေါက် ၉၂
၃၀။ ဒုက္ခမသိသော မျောက်ကြီး ၉၇
၃၁။ တရားမလေ့ကျင့်သော ဘုန်းတော်ကြီး ၁၀၀
၃၂။ ခန့်ပုံထားသော ကျောင်းသားနှစ်ယောက် ၁၀၈
၃၃။ မငြိုးထားသော မြောက်ကျောင်းဘုန်းကြီး ၁၁၀
၃၄။ သ သက်သလား ၁၁၂
၃၅။ မှောက်ဘုန်းကြီး နှစ်ချက်ခေါက် ၁၁၃
၃၆။ စာဆိုတော်ဖြစ်ချင်သူ ၁၁၆
၃၇။ မသိသူကျော်သွား သိသူကော်စား ၁၂၀
၃၈။ မောင်လီမှာ ၁၂၄
၃၉။ ဟ သူတော် နှမင်ဖြူး ၁၃၀
၄၀။ ငယား ဘုန်းကြီးပင်နည်း ၁၃၅
၄၁။ ဒေါသကြီးသောတပ္ပိယ ၁၃၇
၄၂။ ကားရားလေးချက် အဖော်ဖက် ၁၃၉
၄၃။ တူသောအကျိုးပေးလိမ့်မယ် ၁၄၂
၄၄။ ဓါးပုတာထက် နှုတ်ပုတာမခံနိုင် ၁၄၆
၄၅။ မကောင်းကျောင်းပို့ ၁၄၈
၄၆။ မြောက်ကျောင်းက ဘုန်းကြီး [illegible]
၄၇။ မူးတင်း ပဲတင်းနှင့် ရွှေကြက်တင် [illegible] ၁၅၄
၄၈။ အလှူခံကာ ၁၅၆
၄၉။ သုတ်ဖိုးသူတော်နှင့် ငါးမြင်းပြူတော် ၁၅၈
၅၀။ မြောက်မြစ်သား ၁၆၀
၅၁။ ပစ္စုပါဆိုတာ [illegible]သားပေဟ ၁၆၃


www.burmeseclassic.com

www.burmeseclassic.com

## ကျေးဇူးတင်ခြင်း

ဤ "ကျောင်းကန်အနီးမှမြန်မာပုံပြင်များ" စာအုပ်ဖြစ်ပေါ်လာစေရန် ကူညီကြသော ရွှေကူ ကိုလေးမောင် ၊ ရွှေဘို ဖုန်းသည် ၊ မန္တလေးမြို့ ဝန်းဓော်ကျောင်း ကိုလှိုင်ဆောင်း ၊ မန္တလေးမြို့ မောင်မြင့်နိုင် မန္တလေးမြို့ သစ်ဆိမ့်တိုက် ရှင်ကုသလ ၊ ပလက်ဝ စေရေး ကိုသာဇွမ်မောင် မန္တလေးမြို့ ဦးကြည် ၊ မန္တလေးမြို့ ကိုစန်းမောင် ၊ မန္တလေးမြို့ မိုးဗိုမ်တိုက် အရှင် ဥနနောရံသီ ၊ ဆားတောင် အရှင်တောသဂ္ဂ လေးမျိုး သုခရိုကျောင်းတိုက်ဦးတိလောကဥာဏ၊ မန္တလေးမြို့ မောင်ထွန်းအောင် စစ်ကိုင်းတောင် မျှော်စရိယ ပါဠိတက္ကသိုလ် အရှင် သီလာစာရ မိတ္ထီလာမြို့ ကျောင်းဆရာကြီး ဦးချစ်တီး ၊ မြစ်ငယ်မြို့ ကိုထွန်းဝင်း ၊ မန္တလေးမြို့ ကျောက်တိုက် အရှင်ဥာဏာလ စစ်ကိုင်းတောင်ရိုး မျှော်စရိယပါဠိတက္ကသိုလ် အရှင်ဥာဏာဓလ ၊ စစ်ကိုင်းမြို့ အရှင်ပညာသိရိ၊ ကန့်မြို့နယ် မဲထင်းရွာ ဦးသောဘိတ ၊ စစ်ကိုင်းမြို့ ဦးဝင်း ၊ ရေနံချောင်းမြို့ မင်းလသာသာညဉ်တိုက် အရှင်ပဏ္ဍိစ္စသာရ၊ မန္တလေးမြို့ သစ်ဆိမ့်တိုက် ရှင်ဝါယမ၊ တံတားဦးမြို့ ကျောင်းဆရာ ဦးစံထွန်း ၊ ကြာညှပ်ရွာ ဆရာကြီး ဦးဖေအး ၊ မြင်စည် မြတ်သိန်း ၊ မန္တလေးမြို့ မောင်ဖေဦး ၊ ရွှေဘိုမြို့ ငွေပါနရယ် ကိုဘိုကြီး မန္တလေးမြို့ အသောကာ ရာမတိုက် အရှင်သောပါက ၊ အရှင်ဓမ္မသေန၊ အင်းဝမြို့ မောင်မြမောင် ၊ မန္တလေးမြို့ ဂျူလန်း ဦးအောင်မြင့် ၊ ကျောက်ဆည်မြို့ ဗိုလ္လသုစောဖေး မောင်ထွန်းရီ စသောပုဂ္ဂိုလ်များအား များစွာ ကျေးဇူးတင်ရှိကြောင်း ဖေါ်ပြ အပ်ပါသည် ။

## မိတ်ဆက်

ဗုဒ္ဓဘာသာ မြန်မာလူငယ်မှန်လျှင် ဘုန်းကြီးကျောင်းသား အဖြစ်ကိုရင်ကလေးအဖြစ်ဖြင့် ဘုန်းကြီးကျောင်းတွင် နေခဲ့ကြသည်။

ဆရာတော်ကြီးများ ဘုန်းတော်ကြီးများနှင့် ဦးပဉ္စင်းများသည် တပည့်ကိုရင် ကျောင်းသားလေးများအား ရှေးဟောင်းပုံပြင်များ ပြောပြလေ့ ရှိကြသည်။ ဆရာတော်ကြီးများအား ညဦးပိုင်းအချိန် [illegible] ကြိတ်ကာ ဝတ်ပြုဆေးရှိခိုးနိုင်တွင် ကိုရင်ကလေး ကျောင်းသားကလေးများ သည် ရှေးဟောင်း ပုံပြင်များစွာကို ကြားကြရသည် [illegible] စာတန်းဝါတ်များထဲက နည်း၍ ဆရာတော်ကြီး [illegible] မှတ်သား ထားသည်များနှင့် အချို့မှာ ဆရာတော်ကြီး [illegible] ကိုယ်တိုင်တီထွင် ပြောကြ သည်များ ဖြစ်တန်တူမသည်။ [illegible] ဟာသပုံပြင်များ ဖြစ်သောကြောင့် ကလေးများ [illegible] သည့်ကိုရင်ကလေး ကျောင်းသား ကလေးများက အလွန်ကြိုက် [illegible] သည်။

ကျွန်တော်တို့ [illegible] များသည် ဆရာတော်ကြီးများထံမှ ယေဒဥ်က ကြားရမှတ်ရ [illegible] ရှေးစကားများကို မိမိတို့အပေါင်းအသင်းများအား ပြောပြ [illegible] ပြောပြမိကြသည်မှာ ကြီးသည့်အသက်အရွယ်တိုင် ဖြစ်သည်။ သို့ [illegible] ထိုပုံပြင်ကလေးများကို သက်ဆုံးတိုင် မမေ့ကြတော့ပေ။

မြန်မာအမျိုးသားများမှာ ဟာသ [illegible] သူများဖြစ်သည်ဟုယင်က လေးနှင့် သရော်ပုံများမှာလည်း အလွန်ထိသည်။ မြန်မာများသော မကျတ် ပြည်မကောင်းစုသားအားလုံးတွင် ဤရွှင်သော လျှင်သော ဟာသဥာဏ်များရှိ ကြသည်ကို ထုတ်ဖော်ပြီးသော ပြည်ထောင်စုသား ပုံပြင်စာအုပ်များက

www.burmeseclassic.com

www.burmeseclassic.com

သက်သေခံပြီး ဖြစ်ကြသည်။

အခြေအများသော မြန်မာပုံပြင်တိုကလေး တစ်ပုဒ်မှာ ....

" ဖိုးသူတော်တစ်ယောက်သည် ဆွမ်းခံသွားရင်း ချောင်းခင်း တစ်ခင်းထဲတွင် ချောင်းဖူးဝင်ချိုးသည်။ ချောင်းဖူးက အနေမရှိသေးနောက် တစ်မျိုးချိုးလိုက်သောအခါတွင်လည်း နှစ်ခု သုံးခုသော ပါသည်ဆိုအခါ ဖိုးသူတော်က ချောင်းပင်ကိုဆဲသည်။

ထိုအခါ ချောင်းပင်က ....

" ဦးသူတော် ကျွန်တော့်ကိုဆဲရင် ကျွန်တော်မခံရဘူးပေါ့ တကယ် ဆိုတော့ ကျွန်တော်ကအကောင်ငယ်မှာလေ၊ မြေကြီးကိုလည်းကြည့်ပါအုံး "ဟု ဆို၏ ။

မြေကြီးကိုကြည့်လိုက်သောအခါ ပေါက်ကြားများအက်နေ ခြောက် နေသည် ။

ထိုအခါ ဖိုးသူတော်က မြေကြီးကို မေးလေတော့သည်။

မြေကြီးက" ဦးသူတော် ကျွန်တော့်ဆဲလို့အသဘောပေါ့ ၊ မိုး ခေါင်နေတာလည်း ကြည့်ပါအုံး "ဟုဆိုကာမကောင်းတင်ကို လက်ညှိုးထိုး ပြကာ နေမင်းသည် ပြင်ပြင်တောက်ပနေ၏။

ဖိုးသူတော်သည် နေကိုကလော်တော့ပြန်၏။

နေက" ငါ့မှမရှာဘဲကျုပ်ဘာတတ်နိုင်မလဲခင်ဗျားဆဲချင်ဆဲပေါ့ " ဟုပြန်ပြော၏။

ဖိုးသူတော်က ပေါ်သဖြင့်ဖြစ်နှင့်မိုးကို ကလော်ဆဲပြန်သည်။

ထိုအခါမိုးက ...

" ဖိုးသူတော် သူတော်သူမြတ်ဆိုပြီး သူများ ချောင်းသွားခင်းထဲ ဝင်ချိုးနေတယ် မဟုတ်လားကျုပ်ဘယ်လိုလုပ် ရွာမလဲ "ဟုပြန်ပြောလိုက် လေသည်။ .... "

ဤပုံပြင်ကလေးသည် သူ့နေရာနှင့်သူ အလွန်တိတိမိမိရှိလှသော ကြောင့် ကျွန်တော်၏လက်သုံးပုံပြင်ကလေး တစ်ပုဒ်ပင် ဖြစ်ပါသည်။

ဆင်တူရှိမှား မှန်ပုံပြင်တစ်ပုဒ်ရှိသေးသည်။

တောကြီးထဲတွင် တစ်ခါတုန်း သိတင်းသုံးနေသော ရသေ့ကြီး တစ်ပါးသည် တစ်နေ့သော နံနက်စောစောတွင် [illegible] ကလေးငိုသံကြား၍ သွားကြည့်ရာ မွေးကင်းစ [illegible] ဖြစ်နေ သည် ။ ယောကျ်ားကလေးဖြစ်၍ ရသေ့ကြီးသည် [illegible] မိမိ မွေးတိုက်ပါက လက်ညှိုးက နို့ရည်ထွက်[illegible] နို့ရည်များ ပန်းယူလိုက်သည်။

ရသေ့ကြီးသည်ကလေး[illegible] အရွယ်ရောက်သည်အထိ ကောင်း စွာ ပြုစုစောင့်ရှောက်[illegible]

ယောက်ျားပြည့်[illegible]သောအခါ ဘုရင်ဖြစ်မည်ဆိုသည်ကိုမှ သိသောကြောင့် [illegible] တိုင်းပြည်သို့သွားရန်ညွှန်ကြားလိုက်သည်။

[illegible]သည် လမ်း၌ပင် [illegible] ပြည့်မှာပင် ဘုရင်ဖြစ်သွားလေသည်။

[illegible] လ အတန်ကြာသော်ရသေ့ကြီးသည် [illegible]

[illegible]

www.burmeseclassic.com

များများရှိပြီး တော်တော်များများက အစောကြီးတိုးကျွဲကဲသလိုရှိသည်ကိုတွေ့ ရသည်။

ထိုအခါရသေ့ကြီးက " ဘယ်လိုဖြစ်တာလဲမြေခြင်္သေ့လေးရယ် တစ်ပင်တည်းမှာပင် ပြန်နှံ့ကောင်းသွားတော့ဘူးလား " ဟုနှုတ်မှမေးလျှက် ပြောဆိုလိုက်သည်။

ထိုအခါ မြေစောင့်နတ်ပေါ်လာပြီး ...

" အရှင်ရသေ့ကြီးမြင်တာ တစ်ပင်လုံးသို့ ပွားစွာမပျောက် ခြင်းမှာ လေမိုးမမှန်၊ ရာသီဥတု ဖောက်ပြားတဲ့အတွက် ဖြစ်ပါတယ် တပည့်တော်ရဲ့အပြစ်မဟုတ်ပါ " ဟုလျှောက်ထားလိုက်သည်။

ထိုအခါ ရသေ့ကြီးက တောင်သူလယ်သမား ဆင်းရဲသားများ နစ်နာလှသည်မိုးနတ်သားကို ငါကိုယ်တိုင် သွားပြောဦးမှဖြစ်မယ်ဟုဆိုပြီး မိုးနတ်သားထံ ရောက်ဖြင့်ကြွသွားပြီး မေတ္တာရပ်ခံရာ မိုးနတ်သားက ...

" ကျွန်တော်မျိုးတာနေနှင့် ကတစ်ကျောကျောမိုးမှန်လေမှန် ဟုသိ ဥတုမှန်ဖြစ်စေလိုပါသော်လည်း လူပြည်ရှိ ဘုရင်ကတရားနှင့်သည် မကျင့် မကြံရှင် မတတ်နိုင်ပါဘုရား " ဟုပြန်လည်လျှောက်လိုက်လေ၏။

မိုးနတ်သား၏စကားသည် မှန်နိုင်ရာသည်ဟု တွေးတောပြီး ရသေ့ကြီးသည် သားတပည့်ဖြစ်သူဘုရင်ထံသို့ အမြန်ကြွသွားလေသည်။ ဘုရင်လည်း ဖခင်ရသေ့ကြီး ကြွလာသောကြောင့် ရာဇပလ္လင်ပေါ်တွင် နေရာပေးပြီး ရှိသေစွာရှိခိုးသည်။ ထိုအခါရသေ့ကြီးက ...

" ငါ့တပည့် မင်းဘုရင်ဖြစ်တာ ငါးနှစ်ကျော် ခြောက်နှစ်ရှိပြီ ဤကာလအတွင်း တစ်ရက်မှမင်းကျင့်တရား ဆယ်ပါးနှင့်အညီ နေထိုင် သည်ဟူ၍ မရှိဘူးလို့ ငါကြားရတယ်မှန်သလော " ဟုမေးလိုက်သည် ။

ထိုအခါဘုရင်က " မှန်ပါတယ်ဘုရား တပည့်တော်မင်းကျင့်တရား ဆယ်ပါးဆိုတာ ဘာဟူ၍ပင်မသိပါဘုရား " ဟုပြန်လည်လျှောက်ထားလေ သည်။

ထိုအခါမှ ရသေ့ကြီးသည် " မင်းဖြစ်မည့်သူကို မင်းကျင့်တရား ဆယ်ပါး သင်မပေးလိုက်မိသည်မှာ ဆရာဖြစ်သူငါ့တွင် အပြစ်ကြီးတစ်ခုရှိ တော့တယ် " ဟုသဘောပေါက်ခဲ့ရာင်တရလေတော့သည်။

ကျောင်းကန်အနီးမှ ပုံပြင်ကလေး [illegible] ကျွန်တော်အပေါ်သေ ဝင် စာရေးဆရာသော်တင်းစာသဘောအဖြစ် [illegible] ပြည်တာခုနှ်ကို ထမ်းဆောင် လျှက်ရှိသော ပုဂ္ဂိုလ်များအား [illegible] အဝတ်ဝတ်ပြီး အကျင့်မပျက် ရန်တိုက်တွန်းပြည်၏ အနောက် [illegible] ထမ်းဆောင်ရမည့် လူငယ်များအား ပေးကြရမည့် ဥညာ [illegible] မပေါ့မတန်ပေးမိကြရန်သတိပေး နေသည်ကို [illegible] သည်အဆိုးရှာက်မှ ပုဂ္ဂိုလ်များအထူးအားဖြင့် ပညာရေး [illegible] ပုဂ္ဂိုလ်များအားလည်း သတိပေး နှိုးဆော်နေ ကြသည် [illegible] သည်။

ကျောင်းကန်အနီးမှ မြန်မာပုံပြင်များ " စာထုပ်တွင် အလားတူ သင်ခန်းစာများပါရှိဟုသကြွယ်သော ပုံပြင်ကောင်တော်များများပါရှိပါသည်။ ရှေးဟန်း သံယောဇော်များရှာပုဂ္ဂိုလ်မိတ်ဆွေများ၏ အကူအညီဖြင့် စုဆောင်း ရရှိသော ပုံပြင်များအနက် အကါရာဖြစ်နိုင်သည်များကို ဖယ်ရှားထားခဲ့ပါ သည်။ ဂရုသာချိုးနုံပါသော ဤကျောင်းကန်ပုံပြင်များသည် စာဖတ်သူမိတ်

www.burmeseclassic.com

www.burmeseclassic.com

များများရှိပြီး တော်တော်များများက အစေ့ကျိုးတိုးကျဲတဲ့သာရှိသည်ကိုတွေ့ရသည်။

ထိုအခါရသေ့ကြီးက " ဘယ်လိုဖြစ်တာလဲ မြေကြီးစာသားအပင်တစ်ပင်တည်းမှာပင် ပြန့်နှံ့ဆောင်မသွားတော့ဘူးလား "ဟုနှုတ်မှရေရွတ်ပြောဆိုလိုက်သည်။

ထိုအခါ မြေအောင်နတ်ပေါ်လာပြီး ...

" အရှင်ရသေ့ကြီးမြေကြီးစာ တစ်ပင်လုံးသို့ မျှတစွာမတွေ့ရတာ ခြင်းမှာ လေမိုးမမှန်၊ ရာသီဥတု ဖောက်ပြန်တဲ့အတွက် ဖြစ်ပါတယ် တပည့်တော်သဲ့အပြစ်မဟုတ်ပါ " ဟုလျှောက်ထားလိုက်သည်။

ထိုအခါ ရသေ့ကြီးက တောင်သူလယ်သမား ဆင်းရဲသားများ နစ်နာကြသည်မိုးနတ်သားကို ငါကိုယ်တိုင် သွားပြောဦးမှဖြစ်မယ်ဟုဆိုပြီး မိုးနတ်သားထံ ချက်ချင်းကြွသွားပြီ။ မေတ္တာရပ်ခံရာ မိုးနတ်သားက ...

" ကျွန်တော်မျိုးဟာနန့် တာဝန်ကျေကျေ မိုးမှန်လေမှန် ရွာသိ ဥတုမှန်ဖြစ်စေလိုပါသော်လည်း လူ့ပြည်မှ ဘုရင်ကတရားနှင့်အညီ မကျင့်မကြံရင် မတတ်နိုင်ပါဘုရား " ဟုပြန်လည်လျှောက်လိုက်လေ၏။

မိုးနတ်သား၏စကားသည် မှန်နိုင်ရာသည်ဟု တွေးတောပြီး ရသေ့ကြီးသည် သားတပည့်ဖြစ်သူဘုရင်ထံသို့ အပြန်ကြွသွားလေသည်။ ဘုရင်လည်း ခမည်းတော်ရသေ့ကြီး ကြွလာသောကြောင့် ရာဇပလ္လင်ပေါ်တွင် နေရာပေးပြီး ရိုသေစွာရှိခိုးသည်။ ထိုအခါရသေ့ကြီးက ...

" ငါတပည့် မင်းဘုရင်ဖြစ်တာ ငါးနှစ်ကျော် ခြောက်နှစ်ရှိပြီ ဤကာလအတွင်း တစ်ရက်မှမင်းကျင့်တရား ဆယ်ပါးနှင့်အညီ နေထိုင်သည်ဟူ၍ မရှိဘူးလို့ ငါကြားရတယ် မှန်သလော "ဟုမေးလိုက်သည် ။

ထိုအခါဘုရင်က" မှန်ပါတယ်ဘုရား တပည့်တော်မင်းကျင့်တရား ဆယ်ပါးဆိုတာ ဘာဟူ၍ပင်မသိပါဘုရား "ဟုပြန်လည်လျှောက်ထားလေသည်။

ထိုအခါမှ ရသေ့ကြီးသည် "မင်းဖြစ်မည့်သူကို မင်းကျင့်တရား ဆယ်ပါး သင်မပေးလိုက်မိသည်မှာ ဆရာဖြစ်သူငါတွင် [illegible] အပြစ်ရှိတော့တယ် "ဟုသဘောပေါက်နောင်တရလေတော့သည်။

ကျောင်းကန်အနီးမှ ပုံပြင်ကလေးနှင့် [illegible]သည် ကျွန်တော်အပါအဝင် စာရေးဆရာသတင်းစာဆရာအဖြစ် [illegible]တာဝန်ကို ထမ်းဆောင်လျက်ရှိသော ပုဂ္ဂိုလ်များအား သူတော်[illegible] အဝတ်ဝတ်ပြီး အကျင့်မပျက်ရန်တိုင်းပြည်၏ အနာဂတ် တာ[illegible]ကို ထမ်းဆောင်ရမည့် လူငယ်များအား ပေးကြရမည့် ပညာရပ်များ [illegible] မပေါ့မတန်ပေးနိုင်ကြရန်သတိပေး နေသည်ဟု ကျွန်တော် [illegible]သည်။ အစိုးရတာဝန်မှ ပုဂ္ဂိုလ်များအနေအားဖြင့် ပညာရေး၊ နိုင်ငံရေးတာဝန်မှ ပုဂ္ဂိုလ်များအားလည်း သတိပေး နှိုးဆော်နေကြသည်[illegible]ထင်သည်။

" ကျောင်းကန်အနီးမှ မြန်မာပုံပြင်များ " စာအုပ်တွင် အလားတူ သင်ခန်းစာများပါ၍ဟာသကြွယ်သော ပုံပြင်တော်တော်များများပါရှိပါသည်။ ရာနှုန်း သံယောဇဉ်များလှ ပုဂ္ဂိုလ်မိတ်ဆွေများ၏ အကူအညီဖြင့် စုဆောင်းရရှိသော ပုံပြင်များအနက် အဂါရဝ ဖြစ်နိုင်သည်များကို ဖယ်ရှားထားခဲ့ပါသည်။ အရသာရှိခဲ့ပါသော ဤကျောင်းကန်ပုံပြင်များသည် စာဖတ်သူမိတ်

www.burmeseclassic.com

www.burmeseclassic.com

ဆွေမျိုးအား သင်ခန်းစာကောင်းများနှင့် ပျော်ရွှင်မှု သုခအပေါင်း ပေးနိုင်ပါစေသတည်း။



၁၀–၁၀–၆၅

BURMESE CLASSIC .com

ကျောင်း ကန် အ နီး မှ

# မြန်မာပုံပြင်များ

ပထမတွဲ

www.burmeseclassic.com

www.burmeseclassic.com



BURMESE CLASSIC .com

## ဖိုးသူတော်စာ
## ဖိုးသူ တော်ဖတ်တတ်

ရှေးအခါက တောရွာ ဘုန်းကြီးကျောင်း တစ်ကျောင်းတွင် ဖိုးသူတော်ကြီး တစ်ပါးပျံလွန်တော်မူသဖြင့် ၎င်း၏ အိပ်ရာနေရာများကို ရှင်းလင်းကြသောအခါ ၎င်းဖိုးသူတော်ကြီး၏ ခေါင်းအုံးနှစ်လုံးကြားတွင် သူမကျန်းမာစဉ်က ရေးထားခဲ့သော စာကလေးတစ်စောင်ကို တွေ့ရှိကြလေသည် ။ ထိုစာမှာ . . . " ထရာဇာသော သုဉ်ဒသကို မုနိသုဒ္ဓါ ဒဒေယျာသိ " ဟူ၍ဖြစ်သည် ။ ထိုစာကို ဘုန်းတော်ကြီးနှင့်တကွ ရပ်ရွာထဲမှ အတော်အတန် စာပေဗဟုသုတ ရှိသူတို့ အခေါက်ခေါက်အခါခါ ဖတ်ကြပါသော်လည်း အဓိပ္ပာယ် မှန်အောင် မပြန်ဆိုနိုင်ကြပေ ။

တစ်နေ့သ၌ ၎င်းကျောင်းသို့ ဧည့်သည် ဖိုးသူတော်ကြီး တစ်ပါး ရောက်လာလေသည် ။ သို့နှင့်ဘုန်းတော်ကြီးနှင့် ဖိုးသူတော်တို့ စကားစမြည်ပြောဆိုကြရင်း ပျံလွန်သွားသော ဖိုးသူတော်ကြီးအကြောင်း စပ်မိသွားကြသဖြင့် ဘုန်းတော်ကြီးက စာကို ဖတ်ပြမေးမြန်းသောအခါ

www.burmeseclassic.com

www.burmeseclassic.com



ညွှသည်ဖိုးသူတော်ကြီးသည် စာကို စူးစိုက်စွာဖတ်ပျက် အတန်ကြာစဉ်းစားနေပြီး ....

ဖိုးသူတော် ။ ။ " ထ ကတော့ ထ ပဲဆရာတော် ၊ ရာဇာက မင်း ၊ သော ဆိုတာကတော့ ခြောက် ဆိုတော့ထနဲ့မင်းနဲ့ ခြောက်နဲ့ပေါင်းရင် ထမင်းခြောက် ဖြစ်ရမယ်။ သုဥ္ဒသ ဆိုတာကတော့ ကိုးကြောင်းအခေါ် ငွေတစ်ဆယ် ကိုခေါ်တယ် ၊ မုနီ က မိန ၊ သုဒ္ဓါ က သာဓုတ် ဖြစ်ရမယ် ။ ဒဒေယျာသိ ဆိုတာက ပေးလိုက်ပါ လို့အဓိပ္ပာယ်ထွက်တယ် ၊ ဖိုးသူတော်ကြီးမှာ မိနဆိုတဲ့နမ မရှိဘူးလားဆရာတော် "။

ဘုန်းတော်ကြီး ။ ။ " အဲ ရှိတယ်ဦးသူတော်ရေ့ ၊မွေ့မျိုးဆိုလို့ သူ့မှာ ဒီနမတစ်ယောက်ပဲရှိရှာတယ် "။

ဖိုးသူတော် ။ ။ " ဖိုးသူတော်ကြီးဟာ ထမင်းခြောက်ကော မလှန်းဘူးလား ဆရာတော် "။

ဘုန်းတော်ကြီး ။ ။ "မလှန်းလားဦးသူတော်ရဲ့ ၊ ဘုန်းကြီးတို့ကျောင်းက ထမင်းဟင်းများပေါ်လွှန်းလို့ ကိုရင်ကျောင်းသားအပြင် ခွေး၊ ငှက် တိရစ္ဆာန်တွေတောင် စားမကုန်တာနဲ့ ဦးသူတော်ကြီး ကွမ်းဖိုး ဆေးဖိုးရအောင်ဆိုပြီး ဘုန်းကြီးကပဲ ထမင်းခြောက်လှန်းဖို့ အကြံပေးရတယ် "။

ဖိုးသူတော် ။ ။ " ရွာထဲမှာ သာဓုတ် ဆိုတဲ့ ဒကာကော ရှိသလား ဆရာတော် "။

ဘုန်းတော်ကြီး ။ ။ " အင်း သာဓုတ်လဲရှိတာယ်၊ ဦးသူတော်ကြီး ထမင်းခြောက်တွေ တစ်ဆင့်ရောင်းပေးတဲ့ လူပေါ့ "။



ဖိုးသူတော် ။ ။ " ဒီလိုဆိုရင် သာဓုတ်ကို ထမင်းခြောက်ရောင်းခိုင်းထားလို့ သူငွေတစ်ဆယ် ရစရာရှိလိမ့်မယ် ၊ အဲဒီငွေတစ်ဆယ်ကို သာဓုတ်က မိနကိုပေးလိုက်ပါလို့ ရေးထားခဲ့တာဖြစ်ရမယ် ဆရာတော် "။

ထိုအခါမှ ဘုန်းတော်ကြီးမှာ ကောင်းစွာသဘောပေါက်ပြီး သာဓုတ်ကို ခေါ်မေးရာ ညွှသည် ဖိုးသူတော်ကြီး ပြောသည့်အတိုင်း မှန်ကန် နေသဖြင့် သာဓုတ်ထံမှ ငွေတစ်ဆယ် တောင်းယူပြီး ဖိုးသူတော်ကြီး၏နမ မိနကို ပေးလိုက်ရလေသည် ။ ထိုအခါမှစ၍ " ဖိုးသူတော်စာ ဖိုးသူတော် ဖတ်တတ် " ဟူသောစကားပုံ ပေါ်ခဲ့သည်ဟု လူကြီးသူမတို့ ပြောစမှတ် ပြုခဲ့ကြသည် ။

www.burmeseclassic.com

www.burmeseclassic.com

## ဟိုဒင်း နှင့် အဝှါ ဖိုးသူတော်နှစ်ဦး

ရှေးရှေးတုန်းက ရသေ့ တောကျောင်း တစ်ကျောင်းတွင် ရသေ့တစ်ပါး နှင့် ဖိုးသူတော် နှစ်ဦးရှိလေသည် ။

ရသေ့ကြီး၏ မေတ္တာတရား ကြီးမားမှုကြောင့် ကျောင်းအောက်တွင် တောကြက်များဖွာလည်း လာရောက် မှီခိုနေကြသည် ။ တောကြက်ဥများ ၊ ကြက်ငယ်ကလေးများသည် ကျောင်းအောက်တွင် ပြန့်ကျဲလျက်ရှိသည် ။

ဖိုးသူတော်တစ်ဦးကသူနှင့်အတူနေသော အခြားဖိုးသူတော်တစ်ဦးအား " ကျောင်းအောက်ကကြက်ဥတွေ တစ်လုံးစ နှစ်လုံးစ ရသေ့ကြီးမသိအောင် ပြုတ်စားရရင် မကောင်းပေဘူးလား "ဟု တိုးတိုးတိတ်တိတ်တိုင်ပင်ကြည့်ရာ အတိုင်ပင်ခံရသောဖိုးသူတော်က " ဖိုးသူတော်အဝတ်ကြီးနဲ့ပုတီးစိပ်နေပြီး ဒီအကြံအစည်မျိုး မပြုသင့်ပါ " ဟု ဟောပြောပြသတရားချလိုက်လေသည် ။

ကြက်ဥပြုတ်စားလိုသော ဖိုးသူတော်သည် သူ၏ဆန္ဒကိုမလျှော့မည်သူမျှမသိစေဘဲ ကြက်ဥများကို ပြုတ်ပြီး သတိပဋ္ဌာန်စာအုပ်အောက်တွင်ဝှက်ထားခဲ့ကာ ချောင်းငယ်တစ်ခုသို့ ရေချိုးဆင်းသွားလေသည် ။



ကျောင်းတွင် ကျန်ရစ်သော ဖိုးသူတော်သည် စာကျက်ရန်သတိပဋ္ဌာန်စာအုပ်ကိုယူလိုက်ရာ စာအုပ်အောက်တွင်ဖုံးကွယ်ဝှက်ထားသောကြက်ဥပြုတ်များကို တွေ့ရလေရာ မနေနိုင်တော့သဖြင့် အားလုံးစားပြီးခြေရာ လက်ရာ မပျက်စေဘဲ စာအုပ်ကို မူလအတိုင်း ပြန်ထားလိုက်လေသည် ။

ချောင်းငယ်မှ ရေချိုးပြန်လာသော ဖိုးသူတော်သည် အလစ်တွင်သူတစ်ဦးတည်းကြက်ဥပြုတ်များကိုတွယ်လိုက်မည်ဟုအားခဲကာကြက်ဥများထားရာ မူလနေရာသို့သွားသည်။ ကြက်ဥများကိုကား မတွေ့ရတော့ပေ။ ထိုအခါ ကျောင်းတွင်ကျန်ရစ်သော ဖိုးသူတော်စားလိုက်ပြီဟု သေချာပေါက်တွေးမိသော်လည်း ရသေ့ကြီးသိနေလျှင် မကောင်းတတ် သောကြောင့် "သူများကဟိုဒင်း ပြုရအောင်ပါလို့ ပြောတုန်းကတော့ အဝတ်ကြီးနှင့်လေးပုတီးနှင့်လေးနဲ့ တရားတွေ ကြီးကြီးကျယ်ကျယ် ဟောပြီး ခုသူများဟိုဒင်းပြုတားမှ သင်းတစ်ယောက်ထဲ ဟိုဒင်းပြုတယ် " ဟု မြည်တွန်တောက်တီးနေလေရာ ကြက်ဥခိုးစားထားသော ဖိုးသူတော်က စိတ်မလုံသဖြင့် "ဦးသူတော် ကျုပ်တော့ အဝှါမပြုဘူးနော်၊ ဦးသူတော် မကျေနပ်ရင်ကျောင်းအောက်မှာ အများကြီးပဲဟာ ၊ ညတော့မှ ရသေ့ကြီး မသိအောင်ဦးသူတော်အတွက်ရော ကျုပ်အတွက်ပါ အဝှါပြုပေးပါ့မယ် အဝှါကဒီတိုင်း မကောင်းဘူးဗျ ၊ ဆီကလေး ဆားကလေးနဲ့မှ ကောင်းတာ" ဟုပြောပြလိုက်လေသည် ။

www.burmeseclassic.com

www.burmeseclassic.com

# အကြံကြီးသော ကိုရင်

တောရွာဘုန်းတော်ကြီးကျောင်းတစ်ကျောင်း၌ ကိုရင်ကြီးတစ်ပါးနှင့် ကျောင်းသားတစ်ယောက်ရှိသည် ။ကိုရင်ကြီးသည် ကျက်သရေခန်းတွင် ဆွဲထားသော တင်လဲရည်အိုးကို မျက်စိကျနေသည်။ စားချင်လှ၍ သွားရည်တကျကျ **ဖြစ်နေသည်** ။ သို့သော် ဘုန်းတော်ကြီးကိုကြောက်၍ **နိုး**လည်းမစားရဲပေ ။ **နိုးစားပါ**လျက် မခိုးပါဟုပြောပါက"လိင်ကျမည်"ဟု **သိထားပူး**သဖြင့် မြင်ရုံသာမြင်ရ မကြင်ရ တင်လဲရည်ဖြစ်နေသည် ။

**တစ်နေ့**တွင် ကိုရင်ကြီး **အကြံ**တစ်ခုရလာသည်။ **ကောင်းသော** အကြံဖြစ်သဖြင့်တင်လဲရည် စားရတော့မည်သေချာသည်။ ကိုရင်ကြီး သည် ချက်ချင်း ကျောင်းသားထံပြေးပြီး ခေါင်းချင်းရိုက် တိုင်ပင်၍ နှစ်ဦးသဘောတူလိုက်ကြသည် ။

ဘုန်းတော်ကြီး တခြားသို့ ကြွသွားသောအခါ အကြံရှင်နှစ်ဦးသည် တင်လဲရည်အိုးမနီးမဝေး၌ ကိုရင်ကြီး၏ ကုပ်ပေါ် ကျောင်းသားက ခွတက်ပြီးတင်လဲရည်အိုးဆီသွားကြသည်။ ကိုရင်ကြီးကမော့မကြည့်မိအောင် ထိန်း၍ ကျောင်းသားကလည်း ကြမ်းပြင် ခြေမထိအောင် ကြိုးစားကာ တင်လဲရည်များခပ်ယူကြသည်။ရလျှင်တစ်နေရာသွား၍ အားရပါးရစားတော် ခေါ်လိုက်ကြသည် ။

နောက်တစ်နေ့တွင်ဘုန်းတော်ကြီးသည် တင်လဲရည်ဘုဉ်းပေးရန် ကြည့်သောအခါ တင်လဲရည်များ တော်တော်လျော့နေသည်ကိုတွေ့ရသဖြင့်စောရဦးစီးကိုရင်ကြီးနှင့်ကျောင်းသားတို့ကိုခေါ်ယူစစ်ဆေးတော့သည်။



ထိုအခါ **ကိုရင်ကြီး**က ဒေါနှင့်မောနှင့် "တပည့်တော်တော့ အရှင်ဘုရား တင်လဲအိုးကိုမော့တောင်မကြည့်မိပါ"ဟုဖြေ၏ ။မောင်ကျောင်းသားကလည်း "တပည့်တော်တော့အရှင်ဘုရားတင်လဲရည်အိုးနားခြေတောင်မချပါဘုရား"ဟု ဖြေလိုက်သဖြင့် ဘုန်းတော်ကြီးမှာ လက်လျှော့ လိုက်ရတော့သည် ။

www.burmeseclassic.com

www.burmeseclassic.com



## တပည့်တော် မလိမ်အားသေးပါ ဘုရား

တစ်ချိန်ကပုခန်းသားများသည်စကားအလွန်ကပ်သူများဖြစ်သည်။ အလိမ်အညာ အရာ၌လည်း ပိရိအောင် လိမ်နိုင်စွမ်း ရှိသူများဖြစ်သည်ဟု ကျော်ကြားခဲ့ကြပေသည် ။

ထိုသတင်းကို အညာဒေသမှဘုန်းတော်ကြီးတစ်ပါးက ကြား၏။ ထိုဘုန်းတော်ကြီးသည် မိမိကိုယ်ကို ပါးနပ်သူဟု ထင်ပြီး "ငါ့ တော့ ဘာရမလဲ " စသည်ဖြင့်ပြောလေ့ရှိ၏ ။

တစ်နေ့သော် ဒကာတစ်ဦး ရောက်လာပြီး " ပုခန်းသားများ တော့သွားမစမ်းပါလေနှင့်ဘုရား ၊ အလိမ်အညာမှာ ပိရိကြလှပါတယ် " ဟုလျှောက်ထားသည် ။

ထိုအခါ ဘုန်းတော်ကြီးက" လူနလို့ အလိမ်ခံရတာပါ၊ ငါ့လို

www.burmeseclassic.com

www.burmeseclassic.com



လူကို လိမ်လို့ဘာရမလဲ ” ဟု မာနသံပါပါနှင့်ဆို၏ ။

“ အရှင်ဘုရား မယုံလျှင် ပုခန်းကို ရောက်ဖူးတယ်ရှိအောင် သွားကြည့်ပါဘုရား ၊ အလိမ်ခံရမှာသေချာပါတယ် ” ဟုဒကာကပြန်လည် လျှောက်ထားလိုက်၏ ။

ဘုန်းတော်ကြီးသည် မခံချင်သောစိတ်နှင့်ပုခန်းသို့ကြွသွားတော်မူသည် ။

ပုခန်း ရွာဦးကျောင်းသို့ ဝင်ရောက်ပြီး တည်းခိုသောအခါ ကျောင်းထိုင်ဆရာတော်သည် အခြားတပါးသို့ကြွသွားနေခိုက်ဖြစ်သည် ။

ကျောင်း၌ရှိနေရစ်သောကိုရင်တစ်ပါးအား ....

“ ကိုရင်တို့ရွာသားများဟာ အလိမ်အညာ အရာမှာ တတ်ကျွမ်းလှတယ် ကြားရတယ် ၊ မနက်ဖြန်မိုးသောက်ရင် အလိမ်အညာတော်တဲ့လူတစ်ယောက် ကျောင်းကို ခေါ်ခဲ့စမ်းပါ ” ဟုမိန့်တော်မူလိုက်သည် ။

“ တပည့်တော်တို့ရွာမှာ လိမ်တတ်သူမရှိပါဘုရား ”ဟုကိုရင်က ပြန်လျှောက်သည် ။

နောက်တစ်နေ့နံနက်စနာရီခန့်တွင် ဒကာတစ်ဦး ဘုန်းတော်ကြီးထံပါးသို့ ရောက်လာကာ ရှိသေစွာရှိခိုးကန်တော့သည် ။

“ ဒကာကြီးက ဒီရွာကလား ၊ အလိမ်အညာတတ်ရင် ကျုပ်ကိုယုံကြည်လောက်အောင်လိမ်ပြစမ်းပါ ”ဟုဘုန်းတော်ကြီးကမိန့်တော်မူသည်။

ထိုအခါ ကျောင်းပေါ်ရောက်နေသော ပုခန်းသားက ....

“ တပည့်တော် မလိမ်တတ်ပါဘုရား ၊ လိမ်လဲ မလိမ်အား



သေးပါဘုရား ရွာလည်သူကြီးအိမ်က ဆွမ်းတရားနာအတွက် ဆရာတော်အား ပင့်ချေဆိုလို့သာ ကျောင်းကိုရောက်ရခြင်းဖြစ်ပါတယ် ၊ ကျောင်းထိုင်ဆရာတော်လဲ **မရှိတဲ့အတွက်** အရှင်ဘုရားသာ ကြွတော်မူပါတော့ဘုရား ”ဟုလျှောက်**ထားကာ** “ရပ်ရွာတွင်းရှိ လူကြီးများကိုပါ ဖိတ်ကြားဖို့ရှိနေသေးတာမို့ ခွင့်ပြုတော်မူပါဘုရား ”ဟုလျှောက်ထားပြီးလျှင် ဒကာကြီးသည် ရှိသေစွာ ဦးချ၍ ရွာဆီသို့ပြန်သွား၏ ။

ဘုန်းတော်ကြီးသည်တကယ်ပင်ဆွမ်းတရားနာ ရှိသည်အထင် နှင့်သက်န်းကိုရုံ၍ ယပ်ကိုထမ်းကာ ရွာတွင်းသို့ကြွခဲ့သည် ။

ရွာလုံးနှံ့မျှ လိုက်လံရှာဖွေပါသော်လည်း သူကြီးအိမ်ကိုလည်း ရှာမတွေ့ ၊ ဆွမ်းကျွေးလည်း ဘယ်မှာမှမရှိ ဖြစ်နေ၍ ကျောင်းသို့ပြန်ကြွလာခဲ့ရလေသတည်း ။

www.burmeseclassic.com

www.burmeseclassic.com

## မျှစ်ဟင်းကြိုက်သော ကိုယ်တော်

ရှေးအခါကရွာတစ်ရွာတွင် ရွာဦးကျောင်း၌ လက်ရှိဘုန်းတော်ကြီး ပျံလွန်တော် မူသဖြင့် ရွာထဲက ဒကာ ဒကာမတို့သည် မိမိတို့ကိုးကွယ်စရာ ကျောင်းတွင် ဘုန်းကြီးမရှိသဖြင့် နောက်ထပ် ကျောင်းထိုင်ဆရာတော် တစ်ပါးအလိုရှိ၍ လိုက်ရှာကြလေသည်။ ထိုအခါအရပ် တစ်ရပ်၌ဆရာတော် တစ်ပါးတွေ့၍ထိုဆရာတော်အား မိမိတို့ရွာဦးကျောင်းတွင် ကျောင်းထိုင်ရန် လျှောက်ထားလေသည်။ ဆရာတော်ကလည်းဒါဖြင့် " လာတာပါ့ " ဟုဆိုကာဒကာကြီးများနှင့်ကျောင်းသို့ အတူလိုက်သွား၏။ တစ်နေ့တွင်



ထိုဆရာတော်ဘုရား ကျောင်းသို့ရွာထဲမှ ဒကာမတစ်ယောက် ဆွမ်းပို့လာလေသည်။ဆရာတော်ကလည်းထိုဒကာမအား "ဘာပို့လာသလဲ" ဟုမေး ရာ " အရှင်ဘုရားဘုဉ်းပေးဖို့ဆွမ်းလာပို့တာပါဘုရား "ဟုလျှောက်ထားလေသည်။သို့ဖြင့်ဆရာတော်က "ဘာဟင်းနဲ့များလာပို့သလဲ"ဟုမေးရာဒကာမက "မျှစ်ဟင်းနဲ့ပါဘုရား၊ အရှင်ဘုရားမျှစ်ဟင်း ဘုဉ်းပေးပါသလားဘုရား" ဟု လျှောက်ထားရာ ဆရာတော်က မျှစ်ဟင်းကို ဘုဉ်းပေးကြောင်းကြိုက်ကြောင်းပြောပြလေသည်။ ထို့နောက် ဒကာမသည် ဆရာတော်အား ဆွမ်းကပ်ပြီး မိမိအိမ်သို့ ပြန်လာလေသည်။ အိမ်သို့ရောက်သောအခါ ရွာထဲမှ လူများအား ဘုန်းကြီးက မျှစ်ဟင်းကြိုက်ကြောင်း၊ ဘုဉ်းပေးကြောင်းပြောပြလေသည်။ ရွာထဲကလူများကလည်း ဆရာတော်မျှစ်ဟင်းကြိုက်ကြောင်းသိရသဖြင့် ဆွမ်းသွားသွားပို့တိုင်း မျှစ်ဟင်း၊မျှစ်ချက်၊မျှစ်ကြော်များနှင့်သာပို့လေသည်။ အတန်ကြာသော်ဆရာတော်လည်းနေ့စဉ်နှင့်အမျှ မျှစ်ဟင်းမျှစ်ကြော် မျှစ်ချက်များနှင့်သာ ဘုဉ်းပေးနေရသဖြင့် မျှစ်ဟင်း မျှစ်ချက် မျှစ်ကြော်များ မပို့တော့အောင် ဒကာဒကာမများကို ဘယ်လိုလုပ်ရပါမည်နည်းဟု ကြံစည် စိတ်ကူးလေသည်။ ထိုသို့ကြံစည် စိတ်ကူးပြီး တစ်နေ့သော ဥပုသ်နေ့၌ ဒကာမတို့သည်ဆရာတော်၏ တရားကို နာလိုသဖြင့် ကျောင်းသို့လှူဖွယ် ပစ္စည်းများကို ယူကာ လာကြလေသည်။ ကျောင်းသို့ရောက်သောအခါ ဆရာတော်အားကရားချီးမြှင့်ရန်လျှောက်ထားကြလေသည်။ဆရာတော်လည်း မျှစ်ဟင်း မျှစ်ချက် မျှစ်ကြော်သာ ပို့သော ဒကာ ဒကာမတို့ သိရောပေါ့ ဟုဆိုကာ " မျှစ်ဟင်းချည်းပို့နေကြတာ သား ငါး ပို့တော့ ကျားလာမှာ တဲ့လား " ဟု တရားထဲထည့်ဟောလိုက်လေသတည်း။

www.burmeseclassic.com

www.burmeseclassic.com



# ဆလိမ် အလှူခံသော ဖိုးသူတော်

ရှေးအခါက ဖိုးသူတော်တစ်ယောက်သည် ကျေးရွာတစ်ရွာသို့ အလှူခံရန် ရောက်ရှိလာပြီး ရွာဦးဇရပ်တွင် ခေတ္တတည်းခို နားနေလေ၏ ။

ဖိုးသူတော်သည် အခြားကျေးရွာများမှ အလှူခံ၍ ရရှိလာသော စားစရာများကို မွန်းမတိမ်းမီစားသောက်ပြီး နားနေရင်း ကျေးရွာများမှ အလှူခံ၍ ရရှိလာသောပစ္စည်းများကို တွက်စစ်နေလေသည်။ " ငါသည် ပစ္စည်းတော်တော်များများ စုဆောင်းမိပြီ ၊ ဒီကျေးရွာမှ အလှူခံရရှိမည့် ပစ္စည်းများ ထုခွဲရောင်းချသောငွေများနဲ့ ကျောင်းမှာ ဆရာတော်မသိအောင် ဝှက်သိမ်းထားတဲ့အုန်းမှုတ်ခွက်အတွင်းမှ ငွေများပါဆိုရင် လူ့ဘောင်မှာနေက မယားတစ်ယောက်တော့ချောင်ချောင်ချိချိကလေး ကျွေးမွေးနိုင်လောက်ပြီ " ဟု ကြံစည်စိတ်ကူးကာ လူထွက်ပြီး မယားယူရန် ဆုံးဖြတ်မိလေသည်။

ဖိုးသူတော်သည် ထိုသို့စဉ်းစားနေရာမှထ၍ ထိုနေ့ရလာသော ပစ္စည်းများကို ထုပ်ပိုးပြီး အနီးရှိရွာတွင်းသို့ ဝင်ရောက်အလှူခံပြန်သည်။ တချို့ အိမ်ကလှူ၍ တချို့ အိမ်များက မအားလပ်သောကြောင့် မလှူကြ။ တချို့ အိမ်များကမူလူမရှိကြပေ ။ သို့နှင့် တစ်အိမ်ဝင်တစ်အိမ်ထွက် အလှူခံ၍ လာခဲ့လေသည်။ အိမ်တစ်အိမ်သို့ ရောက်သောအခါ ဖိုးသူတော်သည် အလှူခံနည်းတစ်မျိုးဖြင့်" ဆလိမ်အလှူခံပါသဗျို့ ၊ ဆလိမ်ဆလိမ် ဟုပြောဆိုအလှူခံရာ အိမ်ရှင်ယောကျ်ားသည်အံ့အားသင့်လျက် အိမ်ရှင်မနှင့် သမီးကိုပါ ကြည့်မိရာမှ " ဘာဆလိမ်အလှူခံတာလဲ ဦးသူတော်ရဲ့ "

www.burmeseclassic.com



ဟုမေးလိုက်ရာ ဖိုးသူတော်က " ဆလိမ်ဆိုတာ ဆန်ဖျို့ ဆန်ဆန် "ဟု ပြောရာအိမ်ရှင်က " ဆန်မရှိလို့ပါ ဦးသူတော် "ဟုပြော၏။ " ဆန်မရှိရင် ဆီဆီ "ဟုဆိုသည် ။ အိမ်ရှင်မက " ဆီလဲမရှိဘူး "ဟုဆိုရာ " ဆီမရှိရင် ဆားဆား " ၊ " ဆားလဲမရှိဘူး " ။ " ဆားမရှိရင် ဆေးလှူဖျို့ ဆေးဆေး ဆေးရွက် "ဟုဆိုလိုက်သည် ။

ထိုအခါ အိမ်ရှင်သည် သူ့ဇနီး ဘက်သို့လှည့်၍ " ရှင်မရေ ဆေးရွက်တော့မြန်မြန်လှူလိုက်မှ တော်တော်ကြာ သမီးမိဆုံအလှူခံနေလို့ ခက်နေမယ် " ဟုတိုးတိုးပြော၍ အိမ်ရှင်မသည် ကပျာကရာထကာ ဆေးရွက်များယူပြီး လှူလိုက်ရလေသည် ။ သူတော်သည်သူ၏အလှူခံ နည်းကလေးကို သဘောကျစွာဖြင့် ၄င်းအိမ်မှ ထွက်ခွာသွားတော့သည် ။ ရရှိလာသောဆန်ဆီဆားဆေးများနှင့်အခြားသောပစ္စည်းများကို ရွာတစ်ရွာက ဈေးသည်အိမ် တစ်အိမ်တွင် ဝင်ရောက်ရောင်းချလိုက်ပြီး ငွေများယူ၍ ကျောင်းရှိရာသို့ ပြန်လာခဲ့လေသည် ။ ကျောင်းပြန်ရောက်၍ ဆရာ ဘုန်းတော်ကြီးကို ကြည့်သော်လည်း မမြင်၍ မိမိအုန်းမှုတ်ခွက် ဝှက်မြှုပ် ထားသော ပိန္နဲပင်ခြေရင်းသို့ လျှောက်လာပြီးကြည့်ရာ မြေများ အခြေပျက် နေသဖြင့် စိတ်ကထင့်ထင့်နှင့် လက်ဖြင့်ယက်ရာ မြေကြီးများသည် အလွယ် တကူပင် ယက်လိုက်သမျှပါလာသော်လည်း အုန်းမှုတ်ခွက် ရှာမတွေ့သဖြင့် ဇောချွေးများကျလာလေသည်။ သို့နှင့် လက်ဖြင့်မျက်နှာကို ပွတ်လိုက်သဖြင့် လက်မှ ဖုန်မှုန့်များက မျက်နှာက ချွေးများနှင့် ရောကပ်ပြီး မျက်နှာတွင် ရွှံ့တေ့ ပေနေလေတော့သည် ။



သူတော်သည် ခရီးကလည်းပင်ပန်းလာ၊ မြှုပ်ထားသောအုန်းမှုတ် ခွက်ကလည်းမတွေ့သဖြင့် စိတ်ထဲ၌ မချိမဆံ့ ဖြစ်ပြီး ငါသည်ကျေးရွာများမှ မရမက အလှူခံလာသော ပစ္စည်းများအားကိုးပြီး မယားပင် ယူမည်ဟု စိတ်ကူးမိသည်မှာမှားပြီ။ မယားလည်းမယူတော့ဘူး ကျေးရွာများသို့လည်း အလှူခံမသွားတော့ဘူး ဆရာတော်အနီးမှာ ဝတ်များပြုပြီး ဆရာတော်၏ အကြွင်းအကျန်စားကာ အေးအေးနေတော့မည်၊အလှူခံမသွားတော့ဘူးဟု တွတ်တွတ်တွတ်တွတ် ပြောဆိုရင်း ပင်ပန်း နေသော သူတော်သည် စိတ်ဓါတ်ကျ အားပျက်ပြီး မြေပြင်မှာပင် အိပ်ပျော် သွားလေတော့သည် ။

ခဏကြာသော်ဘုန်းတော်ကြီးသည် ရွာထဲမှ ပြန်ကြွလာသည် ။ ဤတွင် ပိန္နဲပင်ခြေရင်း၌ အိပ်ပျော်နေသော သူတော်ဆီသို့ လျှောက်လာပြီး ကြည့်ရာ မျက်နှာတွင် ရွှံ့များပေကျံနေသော သူတော်အား " ဟဲ့သူတော် ဘယ်နှယ့်ဖြစ်လာတာလဲ ၊ ထထ ထစမ်း "ဟုနှိုးလိုက်သည်။သူတော်သည် ကမန်းကတန်း ထပြီး " အလှူလဲမခံတော့ပါဘူး ၊ မိန်းမလဲ မယူချင် တော့ပါဘူး "ဟု ကယောင်ကတမ်း ပြောဆိုလေတော့သတည်း ။

www.burmeseclassic.com

www.burmeseclassic.com

## ပြဿဒါး နှင့် ရက်ရာဇာ

တစ်ခေတ်တစ်ခါက ရွာတစ်ရွာတွင်ဘုန်းကြီးကျောင်းတစ်ကျောင်းရှိ၏ ။ ထိုကျောင်းတွင် ပြဿဒါးနှင့် ရက်ရာဇာ ရက်ဆိုးရက်ကောင်း စသည်များကို အလွန်ယုံကြည်သည့် ဘုန်းတော်ကြီးတစ်ပါးရှိလေသည်။ ဘုန်းတော်ကြီးနှင့် ငယ်သူငယ်ချင်းဖြစ်သောလယ်သမားတစ်ဦးကမူပြဿဒါးနှင့် ရက်ရာဇာကို လုံးဝအယုံအကြည်မရှိပေ။ တစ်နေ့သော်လယ်သမားကြီးသည် စပါးသိမ်းရန် ဘုန်းကြီးကျောင်းရှေ့မှဖြတ်ပြီးလယ်တောသို့သွား၏။ ဘုန်းတော်ကြီး မြင်လေသော် “ ဘယ်လဲဒကာကြီး ” ဟုမေး၏။ လယ်သမားက “ လယ်တောပါဘုရား ” ဟုပြန်ဖြေ၏။ ထိုအခါ ဘုန်းတော်ကြီးက “ ကနေ ပြဿဒါးနေ ဒကာကြီး ” ဟုပြောပြန်၏။



နောက်နေ့တွင် ထိုကျောင်းရှေ့မှ သွားပြန်သော်ဘုန်းကြီးက“ ဒကာကြီး ဘယ်သွားမလို့လဲ ”ဟုမေးပြန်သည်။လယ်သမားက“လယ်တောပါဘုရား” ဟုပြန်ဖြေ၏။ ထိုအခါ ဘုန်းတော်ကြီးက “ ကနေ့ဝါရမိတ္တု ဒကာကြီး ” ဟုပြောပြန်၏။ လယ်သမားသည် ပြဿဒါးနှင့်ရက်ရာဇာများကို ယုံကြည်မှုမရှိသော်လည်း ပြန်လည်မလျှောက်ထားဘဲ ပြုံးပြုံးပြီး သွားလေ့ရှိ၏။ ရက်များမကြာခင် လယ်သမားသည် စပါးများကို လှည်းဖြင့် တိုက်လာပြီး ကျောင်းရှေ့မှဖြတ်လာ၏။ ဘုန်းတော်ကြီးကိုမြင်သော် “ ကိုယ်တော်ဘုရား ဝါရမိတ္တု ၊ ရက်ပေါင်းတွေစု ၊ လှည်းကိုးစုနဲ့ တိုက်မကုန်ဘူးဘုရား ” ဟုဆို၏။ ထိုအခါဘုန်းတော်ကြီးသည်အခံရခက်ကာဒေါသထွက်သော်လည်း ‘ တစ်နေ့တွေ့မယ် ’ဟုစိတ်ထဲကအောက်မေ့ပြီး အောင့်အီးနေလိုက်လေ၏။ မကြာမီ ထိုရွာကို မီးလောင်၍ လယ်သမားကြီး၏ စပါးပုံကိုပါလောင်ကျွမ်းသောအခါ ဘုန်းတော်ကြီးသည် သင်္ကန်းကို မနိုင်တနိုင်ရုံလျက် ပြေးလာပြီးလျှင် သူငယ်ချင်းလယ်သမားအား “ ဟဲ့ ဒကာ ဝါရမိတ္တု ၊ ရက်ပေါင်း တွေ့ရုံ ၊ နှင့်အိမ်ပြအုံ့ ဖြစ်ပေါ့ မဟုတ်လား ”ဟုပြောဆို ရေရွတ်လေသော ဟူသတည်း။

( ဉာဏ်ပိုပြင်အရဆိုလျှင် အယူသည်းသော ဘုန်းတော်ကြီးက မှန်သကဲ့သို့ဖြစ်နေပေသည်။အတူမီးလောင်ခံကြရသော ရွာထဲမှအခြားသူများသည် ရက်ကောင်းရက်ဆိုး မရွေးသူချည်းမဟုတ်။ ရွေးသူများပါပေမည်။ ရယ်ရွှင်ဖွယ်အဖြစ် ဉာဏ်ပိုပြင်ကို တင်ပြောကြားသူမှာ ပြဿဒါး၊ ရက်ရာဇာ စသည်များကို ကိုယ်တိုင်အလွန် ရွေးချယ်သူ၊ ဝါဒဖြန့်သူဖြစ်နိုင်ပေသည်။ )

www.burmeseclassic.com

www.burmeseclassic.com

## ကြောင်း နှင့် ကျောင်း

တစ်ခါက ကြီးမှုရဟန်းပြုသော ဘုန်းတော်ကြီးတစ်ပါးရှိ၏။ တောထွက်ဖြစ်သောကြောင့် စာပေကို ငယ်စဉ်ကကောင်းစွာ မသင်ခဲ့ရ၍ ဖြစ်ဖြစ်မြောက်မြောက် မတတ်ပေ။

ကျောင်းအဝင်ဝတွင်' ဦးသောဘိတကျောင်း 'ဆိုသည့်ဆိုင်းဘုတ်ငယ်ကို ချိတ်ဆွဲထား၏။ သို့နှင့် တစ်နေ့သ၌ ထိုဘုန်းကြီးကျောင်းရှေ့သို့ စာပေသမားနှစ်ယောက်ရောက်လာကြပြီး ' ကျောင်း ' နှင့် ' ကြောင်း ' ဆိုသည့် အရစ်နှင့်အပင့် အဓိပ္ပာယ်ကွဲပြားပုံကို ငြင်းခုံကြ၏။ ထိုအသံကို ဘုန်းတော်ကြီးသည် ကျောင်းပေါ်ကနေပြီး ကြားနေ၏။ လူတစ်ယောက်က ယပင့်နှင့်ကျောင်းမှာ နွားကျောင်းသည်ဟု ဆိုသံကိုသာ ဘုန်းတော်ကြီးက ကွဲကွဲပြားပြား ကြားလိုက်ရသည်။ တိုက်ဆိုင်ခြင်းမှာ ဘုန်းတော်ကြီးမှာလည်း ငယ်စဉ် လူဘဝမှာတုန်းက နွားကျောင်းခဲ့ဖူးသဖြင့် ထိုအသံကြားရသည်နှင့် ရှက်သလိုဖြစ်ကာ နောက်တစ်နေ့တွင် ယပင့်နှင့် ' ကျောင်း ' နေရာမှာ ရရစ်နှင့်ပြောင်းရေးပြီး ' ဦးသောဘိတကြောင်း 'ဟူသောဆိုင်းဘုတ်ကို ကျောင်းဝမှာ ပြန်ချိတ်ထားလေသည်။

မကြာမီမှာ ကျောင်းတစ်ကျောင်းက ကျောင်းသားကလေး



နှစ်ယောက် ထိုဘုန်းတော်ကြီးကျောင်းရှေ့ကို ရောက်လာကြ ပြန်သည်။ ကျောင်းသားကလေးနှစ်ယောက်ကလည်း ရရစ်နှင့်ကြောင်း၊ယပင့်နှင့်ကျောင်းအကြောင်း ငြင်းခုံကြပြန်သည်ကို ဘုန်းတော်ကြီးက ကျောင်းပေါ်မှ ကြားနေပြန်သည်။ကျောင်းသားကလေးတစ်ယောက်က" ရရစ်နဲ့ 'ကြောင်း' တာက အကြောင်းအရာ၊ ယပင့်နဲ့ 'ကျောင်း' တာမှ နေတဲ့ကျောင်း "ဟု ငြင်းခုံသံကြားရသောအခါ တောထွက်ဘုန်းတော်ကြီးသည်ဒေါသဖြစ်ဖြစ်နှင့် ကျောင်းပေါ် ပြတင်းပေါက်မှ ထွက်ပြီး " ဟေ့ ဒီမယ် ရရစ်နဲ့ ကြောင်းကြောင်း ယပင့်နဲ့ကျောင်းကျောင်း ဘယ်ခွေးမသားကမှ ' အိမ် ' လို့ မဖတ်ဘူးကွ " ဟုလှမ်းအော်ပြောလိုက်လေသတည်း။

www.burmeseclassic.com

www.burmeseclassic.com



## သရက်သီးနှင့် လျက်ဆား

ရှေးအခါက ရွာတစ်ရွာမှ ဘုန်းကြီးကျောင်းတစ်ကျောင်းတွင် ကပ္ပိယအဖြစ် ဘုန်းကြီးအနီး၌ နေထိုင်သော ဖိုးသူတော်တစ်ယောက်ရှိ၏။ ဆရာဘုန်းတော်ကြီးကကျက်သရေခန်းကိုအပ်ထားသောကြောင့် ဖိုးသူတော်မှာ နေ့နေ့ညညဘယ်အခါမှ အစားကောင်းအသောက်ကောင်းရှားပါးသည် ဟူ၍မရှိ။ ကျက်သရေခန်းထဲမှ စားသောက်စရာများကို သူမှန်မှန်ခိုးစားလေ့ ရှိလေသည်။

ဖိုးသူတော်၌ ဤအကျင့်ရှိသည်ကို တစ်နေ့သော်ဘုန်းကြီးသိလာသည်။ပါးနပ်သော ဖိုးသူတော်**ကလည်း** မိမိခိုးစားနေသည်ကို ဘုန်းတော်ကြီး ရိပ်မိမှန်းသိသည်။ ထို့ကြောင့် နေ့အခါတွင် ခိုးမစားတော့ဘဲ ညအချိန် ဘုန်းကြီးကျိန်းလောက်သောအခါမှ ခိုးခိုးစားလေသည်။

ညပိုင်းတွင်ဖိုးသူတော်ကျက်သ**ရေခန်း ဖွင့်**ဖွင့်နေသည်ကို သိရပြီး နောက်မကြာမီပင် ဘုန်းကြီးက သူခိုး**ဖမ်းဖို့ အကြံ**တစ်ခုရလေသည်။

တစ်နေ့သော် သရက်သီး ပျော့ပျော့ ကောင်းကောင်းများနှင့် လျက်ဆားများကို ကျက်သရေခန်းထဲတွင် ထားလိုက်သည်။ သူတော်လည်း ညအချိန်တွင် သူ့ထုံးစံအတိုင်း ကျက်သရေခန်းထဲ၌ စားစရာများရှာရာ သရက်သီးများကို တွေ့သောကြောင့် ၆လုံး ၇လုံး ခန့် ထုတ်ယူလာပြီး ခွဲစားလိုက်သည်။ လျက်ဆားများကိုကား ရေဖျော်ပြီးသောက်သည်။

**နံနက်**လင်းသော် ဘုန်းကြီးက " သူတော်ရေ "ဟု ခေါ်၏။ သူတော်**သည်**အလွန်နားပါးသူဖြစ်၏။ဘုန်းကြီးကခေါ်လျှင် ၂ခါ ခေါ်ရခဲ၏

www.burmeseclassic.com

www.burmeseclassic.com



ထို့ပြင် နံနက်ပိုင်း၌ **မြွေလုပ်စရာ** ဝေယျာဝစ္စများကိုလည်း ဤအချိန်တွင် တတောက်တောက် လုပ်နေလေ့ရှိ၏။ ယနေ့သော် ၂ခါလည်းမကြား၊ ၃ကြိမ်ခေါ်လည်းမကြား၊ ကျယ်ကျယ်ကြီးခေါ်လည်း **ပေါ်မလာ** သောကြောင့် ဘုန်းကြီးကိုယ်တိုင် ထ ရှာရာ အောက်ခြေယိုင်တိုင်တိုင်နှင့် ကုဋီမှထွက်လာသည်ကိုတွေ့ရ၏။

ထိုအခါဘုန်းကြီးသည် သူတော်၏ အနီးသို့သွားပြီး " သူတော်ကျက်သရေခန်းထဲက သရက်သီးနဲ့လျက်ဆား မင်းစားတယ် ဟုတ်လား " ဟု မေးလိုက်ရာ ဖိုးသူတော်လည်းမငြင်းဝံ့၊ မငြင်းနိုင်တော့သဖြင့် ခိုးစားမိကြောင်း လျှောက်ထား တောင်းပန်ပြီးလျှင် ထိုနေ့ကစ၍ ထိုအကျင့်ကို ပျောက်လိုက်လေတော့သည်။

## မရှိဘူးဆို အုန်းမှုတ်ပဲ့မှ မရှိဘူး

အတိတ်ကာလတုန်းက ရွာတစ်ရွာအနီးရှိ ဘုန်းတော်ကြီးကျောင်းတစ်ကျောင်းတွင် ကပ္ပိယကြီးတစ်ဦးရှိ၏။ ၎င်းကပ္ပိယကြီးသည်ကျောင်းထိုင်ဘုန်းတော်ကြီးနှင့် ဦးပဉ္စင်း၊ ကိုရင်များ ချမ်းသာစွာ သီတင်းသုံးနေနိုင်ရန် ကပ္ပိယပီပီ တာဝန်သိသိ သစ္စာရှိရှိ ကျောင်းကိစ္စများကိုဆောင်ရွက်နေရုံမျှမက ကျောင်းသားများကိုလည်း သနားငဲ့ညှာစွာ ကြည့်ရှုစောင့်ရှောက်လေ့ ရှိသူဖြစ်လေသည်။

ထို့ကြောင့် ကပ္ပိယကြီးအား ဘုန်းတော်ကြီးနှင့် ဦးပဉ္စင်း၊ ကိုရင်များကအရာရာမှာယုံကြည်စိတ်ချမှုံသာမက ကျောင်းသားများကလည်း အလွန်ခင်မင်ရင်းနှီးကြသည်။

www.burmeseclassic.com

www.burmeseclassic.com



ကျောင်းသားများသည် စားစရာသောက်စရာမှစ၍မိမိတို့မှာရှိလျှင် ကပ္ပိယကြီးအား ဦးဦးဖျားဖျား ပေးကမ်းကြသကဲ့သို့၊ ကပ္ပိယကြီးမှာ ရှိလျှင်လည်း စားစရာသောက်စရာမှစ၍ပိုက်ဆံပါမကျန်စားသောက်ဖြုန်းတီး ပစ်ကြ၏။ ထို့ကြောင့် ကျောင်းမှာ စားသောက်စရာများပေါများသည့်အခါ မကုန်မခမ်းပေါများသလောက် ရှားပါးသည့်အခါလည်းဘာမျှမရှိဖြစ်လေ၏။

ဤအကြောင်းကို ကောင်းစွာသိရှိသော ကပ္ပိယကြီးသည် ကျောင်းသို့ ဧည့်သည်အာဂန္တုများလာရောက်လျှင် လွယ်လင့်တကူ ဧည့်ဝတ်ပြုနိုင်ရန်ရည်ရွယ်ကာ ငွေတစ်ကျပ်ကိုအုန်းမှုတ်ပုံ့ထဲထည့်ပြီးကျောင်းသားများ မမြင်နိုင်၊ မယူနိုင်အောင် လူကြီးနှစ်ရပ်ခန့် မြင့်သောနေရာမှာ တင်ထား၏။ အုန်းမှုတ်ပုံ့ဖြစ်၍ကျောင်းသားများကငွေရှိသည်မထင်အောင် ဂရုမစိုက်အောင် ထည့်ဝှက်ထားခြင်းဖြစ်၏။

တစ်နေ့သော် ကျောင်းသို့ဆရာတော်ကြီးတစ်ပါး နှင့် ဦးပဉ္စင်း အချို့ အာဂန္တုအဖြစ် ကြွရောက်လာကြ၏။ ကပ္ပိယကြီးသည်အဖျော်ယမကာ ပြုလုပ်ကာ ကပ်လှူရန် ထန်းလျက်၊ ကြံသကာ၊ သကြား စသည်များကို ကြည့်ရှုရာ ဘာမျှမရှိ၊ မိမိမှာလည်း ပိုက်ဆံတစ်ပြားမှမရှိဖြစ်နေ၏။

အုန်းမှုတ်ပုံ့ဖြင့်ထည့်ကာ ဝှက်ထားသောငွေတစ်ကျပ်ကို သတိရ၍ သွားယူပြန်ရာတွင် ကျောင်းသားများကတွေ့နှင့်သောကြောင့်အုန်းမှုတ်ပုံ့ကိုပါ မတွေ့ရတော့ပေ။

ထိုအခါ ကပ္ပိယကြီးသည် မျက်နှာမကြည်မသာဖြင့် " အင်း .. မရှိဘူးဆို အုန်းမှုတ်ပုံ့မှ မရှိဘူး " ဟု ညည်းညူ ရှာလေသတည်း။

## စာကြံကောင်းတဲ့ကိုရင်ကြီး

တစ်ခါကဘုန်းကြီးတစ်ပါးသည် မိမိကျောင်းရှိ ကိုရင်ကြီးတစ်ပါး အား သဒ္ဒါ၊ သင်္ဂြိုဟ်၊ စာဝါများ ပို့ချပေးစဉ် နည်းပေးလမ်းပြ အနေဖြင့် "စာဆိုတာ ကြံရတယ်ကွ၊ ကြံမှသာစာပေရဲ့နက်နဲမှုအဓိပ္ပာယ်ဟာ ပေါ်လွင် ထင်မြင်လာပြီး မေ့ပျောက်မသွားနိုင်တာ"ဟုဆုံးမစကားပြောကြားလိုက်၏။ ထို့ကြောင့် ကိုရင်ကြီးသည် ညအချိန်လသာသာ ထိုင်ခုံပေါ် တွင်ထိုင်လျက် ကြယ်တွေကို ကြည့်ရှုပြီးနေ၏။ ဘုန်းကြီးသည် ကိုရင်ကြီး၏အနီးသို့ ကပ်လျက် " ဟဲ့ ကိုရင်ကြီး ဘာများစိတ်ကူးနေသလဲ " ဟု မေး လိုက်ရာ၊ ကိုရင်ကြီးက " စာကြံနေတာပါဘုရား " ဟု ပြန်လည်လျှောက် ထားလေ၏ ။

" ဘာစာများကြံနေသလဲ "ဟုထပ်မံမေးမြန်းလိုက်ရာ ကိုရင်ကြီး သည် မိုးပေါ်ကြည့်လျက် " အထက်မိုးပေါ်ကကြယ်တွေဟာဘယ်များဈေး ယှိချုပါလိမ့်လို့ကြံနေပါတယ်ဘုရား " ဟုလျှောက်လိုက်ရာဆရာဘုန်းတော် ကြီးသည် ဒေါသဖြစ်မှုထက် ရယ်ပြုံးလိုမှုပိုကာ "တယ် စာကြံကောင်းတဲ့ ကိုရင် ကြီးဘဲ "ဟု ပြောဆို ညည်းညူလိုက်မိလေတော့သည်။

www.burmeseclassic.com

www.burmeseclassic.com



## ရေမရှိလို့ ရေစက်မချ

တစ်ရံရောအခါ မြန်မာပြည်တွင် တစ်ခုသောမြို့မှ တစ်ခုသော ရွာငယ်၏ ရွာဦးကျောင်းဝယ် ဘုန်းတော်ကြီးတစ်ပါးရှိ၏။

ထိုဘုန်းကြီး၌ တပည့်တပန်းပေါ၏။ ထိုရွာမှ ရဟန်းဖြစ်သော ရဟန်းငယ်များပင်အတော်များ၏။ သို့သော် ထိုဘုန်းတော်ကြီး ပျံလွန်တော်မူသောအခါ တပည့်တို့သည် တခြားသို့ ပြောင်းရွှေ့ကုန်ကြတော့သည်။ များသောအားဖြင့် တောရွာ၌နေရသည်ကား အရောရာအောက်ကျနောက်ကျ နိုင်လှသည်ဟု သဘောထားကာ မြို့သို့ ပြောင်းရွှေ့နေကြသည်က များလေသည်။

သို့ဖြင့်ထိုရွာငယ်ကလေး၌နောက်ဆုံးတွင်တောထွက်ဦးပဉ္စင်းကြီး တစ်ပါးနှင့် ဖိုးသူတော် တစ်ယောက်သာ ကျောင်းထိုင်ကျောင်းစောင့်မည့်သူ ရှိလေတော့သည်။ ( တောထွက်ဆိုသည်မှာလူ့ဘဝကအိမ်ထောင်ကျကလေး များရ၍ သားမယားတို့ကိုစွန့်ကာ သို့မဟုတ် မယားသေဆုံး၍အသက်ကြီး မှ သာသနာ့ဘောင် ဝင်နေသူကို ခေါ်ခြင်းဖြစ်၏။ )

www.burmeseclassic.com

www.burmeseclassic.com



**တစ်နေ့တွင်ရွာထဲမှာလူတစ်ယောက်ကွယ်လွန်သဖြင့်** ဗုဒ္ဓဘာသာ မြန်မာလူ**မျိုးတို့**၏ ဓလေ့ထုံးစံအတိုင်း ဘုန်းကြီးကိုပင့်၍ ကွယ်လွန်သူကို ရည်မှန်းကာ သရဏဂုံဆောက်တည်ခြင်း၊ သီလဆောက်တည်ခြင်း၊ရေစက်ချ **အမျှဝေခြင်းများ** ပြုလုပ်လေ့ရှိကြသည့်အတိုင်း တောထွက်ဦးပဥ္စင်းကြီးအား **အသုဘနှင့်ပတ်**သက်၍ အဆိုပါထုံးတမ်းစဉ်လာအရ ဆောင်ရွက်စရာ ရှိသည်များကို ဆောင်ရွက်ရန် သုသာန်သို့ ပင့်ဆောင်ကြလေသည် ။

ဦးပဥ္စင်းကြီးလည်းအပါးတော်မြဲဖိုးသူတော်ကြီးကို တပည့်ကပ္ပိယ အဖြစ်ခေါ်လာခဲ့လေသည် ။

သုသာန်ဇရပ်ကား ကျောင်းနှင့် ရွာနှင့် သုံးမိုင်ခန့်ဝေးကွာ၏ ။ **သုသာန်သို့ရောက်**ခါနီးမှ ထိုတောထွက်ဦးပဥ္စင်းကြီးက ရေဆာသည့် **အကြောင်းပြော**လျက် ဒကာများထံရေတောင်းလေ၏ ။

ဒကာများတွင်လည်း ရေစက်ချရန်ရေမှတစ်ပါး အခြားမပါသော ကြောင့် ရေမရှိကြောင်း အထပ်ထပ် လျှောက်သော်လည်း မရသဖြင့် ရေစက်ချရန်ရေယူလာသူဒကာက “ ကိုင်းလေ . . ဒီရေမကုန်နိုင်ပါဘူး ရေဆာလွန်းပေမယ့် ကြည့်သောက်တန်ကောင်းပါရဲ့ ” ဟု အောက်မေ့ကာ ရေကပ် လိုက်လေသည် ။

တောထွက်ဦးပဥ္စင်း**ကြီးကား** သူတို့ထင်တိုင်းမဟုတ်ဘဲ **ရေကို** တစ်စက်မကျန်အကုန်သောက်ပစ်လိုက်လေသည် ။

သို့ဖြင့်အထင်နှင့်အမြင်လွဲကာ သုသာန်သို့အရောက်တွင် ရေစက် ချရန်ရေမရှိ ဖြစ်နေလေ၏ ။ဒကာတို့ကမူရေမရှိသော်လည်း ပါးစပ်နှင့်ပင်



ရေစက်ချလိမ့်မည်ဟု အောက်မေ့ကြလေသည် ။

ထို့ကြောင့် ရေစက်ချချိန်ရောက်သောအခါ ရေစက်ချရန် ရေ မရှိကြောင်း လျှောက်ထားရာ “ ဟေ့ ရေစက်ချဖို့ရေမရှိလို့ဘယ်ဖြစ်မလဲကွ အေးလေ . . . ရေမရှိလဲရေစက်မချပါနဲ့တော့ကွာ ”ဟုပြောလေ၏။ ဒကာ များကလည်း “ ရေမပါလဲပါးစပ်နဲ့ပဲချလိုက်တာပေါ့ဘုရား ”ဟုလျှောက် ထားကြ၏။ တောထွက်ဦးပဥ္စင်းကြီးက ရေမပါလျှင်ရေစက်ချမဖြစ်၊အမှန်မှာ ရေစက်ချခြင်းသည် ဒကာတွေမရသဖြင့် ဘုန်းကြီးကဆိုပေးရခြင်းသာဖြစ် ကြောင်း စသည်ဖြင့် ဖွင့်ပေ၍ပြောလေသည်။

ထိုတွင်တောထွက်ဦးပဥ္စင်းကြီးနောက်မှ ကပ္ပိယအဖြစ်ပါလာသော ဖိုးသူတော်ကြီးက တောထွက်ဦးပဥ္စင်းကြီးနှင့် ပြောရဲဆိုရဲ စရဲနောက်ရဲ ရှိသူပီပီ “ ဦးပဥ္စင်းကြီး ကျောင်းကတည်းက ရေစက်ချကျက်မရလို့ လမ်းမှာ တမင်ကြံပြီး ရေတွေ အကုန်သောက်ပစ်လိုက်တာ မဟုတ်လား ” ဟု ရယ်ရယ်ပြုံးပြုံးလျှောက်လိုက်လေသည်။

ဒကာတို့သည် **တောထွက်**ဦးပဥ္စင်းကြီး ဘာများပြန်ဖြေဦးမလဲဟု နားစွင့်နေကြရာ“**မောင်သူတော်**ကလဲကွယ် သိရင်လည်းအသာနေလိုက်ရောပ၊ ဘာလို့ ဝင်ဖွက်ချင်ရတာတုံး ” ဟု ပြန်ပြောသဖြင့် ကွယ်လွန်သူ အတွက် စိတ်မကောင်းဖြစ်သူဖြစ်၊ ငိုကြွေး ပူဆွေးသူဆွေးနေကြသော ဒကာ ဒကာမ တို့သည် မိမိတို့ဦးပဥ္စင်းကြီးအဖြစ်ကို ဝိုင်း၍ရယ်ကြကာ ငိုအားထက် ရယ်အားသန် ဖြစ်ကုန်ကြတော့သည်။

www.burmeseclassic.com

www.burmeseclassic.com

## ဟုတ်တော့ဖုံးမရဘူး

တစ်ခါကကျောင်းတစ်ကျောင်းတွင် ဖိုးသူတော်တစ်ဦးနှင့် ကပ္ပိယတစ်ဦးရှိသည်။ သူတို့နေထိုင်သောရွာမှသူကြီးတွင်အရွယ်ရောက်ပြီဖြစ်သော သမီးချောတစ်ယောက်ရှိ၏။ ဖိုးသူတော်သည်သူကြီးသမီးကို တစ်ဖက်သတ်ကြိုက်နေကာ အများကပင် သူတို့အကြောင်းပြောနေကြသည်ဟုအထင်ခံချင်နေ၏။

ထို့ကြောင့် ဖိုးသူတော်သည် ကပ္ပိယ ရွာထဲမှပြန်လာတိုင်း "သူကြီးသမီးနဲ့ဘယ်သူနဲ့ဖြစ်တယ်လို့ ပြောသံကြားခဲ့သလဲဟေ့" ဟုဆီး၍မေးလေ့ရှိ၏။ ကပ္ပိယသည် ရိုးရိုးတန်းတန်း မေးသည်ဟုထင်မှတ်၍ "ဘယ်သူနှင့်မှ ပြောသံမကြားပါဘူး"ဟုရိုးရိုးပင်ဖြေကြားပြောဆိုလေသည်။

ဖိုးသူတော်က ခဏခဏမေးသောအခါ ကပ္ပိယသည် ဖိုးသူတော်အပေါ် သက်ာမကင်းဖြစ်လာ၍ အကဲစမ်းလိုစိတ် ပေါ်လာသည်။ထို့ကြောင့် တစ်နေ့၌ ကပ္ပိယ ရွာထဲမှပြန်အလာတွင် ဖိုးသူတော်က ခါတိုင်းကဲ့သို့ပင် "ဟေ့ ကပ္ပိယ သူကြီးသမီးနဲ့ ဘယ်သူနဲ့လို့ ပြောသံကြားခဲ့သလဲဟေ့"ဟု ဆီး၍မေးသည်။ ဖိုးသူတော်အားအကဲခပ်လိုသောကပ္ပိယက " ဦးသူတော်နဲ့ ကြိုက်နေကြတယ်လို့ရွာထဲမှာပြောနေသံကြားခဲ့တာဘဲ "ဟု ပြောလိုက်ရာ ဖိုးသူတော်မှာ ပီတိဖုံးသွားပြီး " ဟီးဟီး ဟုတ်တော့ ဖုံးလို့မရဘူး " ဟုပြန်ပြောလိုက်လေသတည်း။

## ငါ့ဟောတာ မင်းတို့ အတွက်

ဖိုးသူတော်တစ်ဦးသည် ရွာထဲသို့ ဆွမ်းခံ လှည့်တိုင်း လှည့်တိုင်း တရားဟောလေ့ရှိ၏။ ဆွမ်းဆန်လောင်းသော ဒကာ ဒကာမတို့အား သူတစ်ပါးအသက်ကိုသတ်က ပါဏာတိပါတကံ ထိုက်ကြောင်း၊ သူတစ်ပါးမပေးသောဥစ္စာကိုယူပါကအဒိန္နာဒါနကံ ထိုက်ကြောင်းစသည်ဖြင့် ငါးပါးသီလနှင့်တကွ ရေအကျိုးဆယ်ပါး၊ ပုညကြိယာဆယ်ပါး၊ ဒုစရိုက်ဆယ်ပါးတို့ကို မမောတမ်း ပြောဟောဆုံးမလေ့ ရှိလေသည်။

ထို့ကြောင့် ရပ်ထဲရွာထဲကလူတို့သည် ဖိုးသူတော်ကို သူတော်စင်အဖြစ်ဖြင့် ယုံမှတ်ရိုကျိုးမြတ်နိုးကြမြဲ ဖြစ်သည်။ သို့သော် တစ်ခါတွင် ရွာသားတို့သည် အခြားတစ်ရွာသို့ ကူးအသွား ရွာနှစ်ရွာကြား ရေအိုင်ငယ်တစ်ခုတွင် ဖိုးသူတော်ငါးဖမ်းနေသည်ကို မြင်ကြရသည်။ ဖိုးသူတော်သည် ခါးတောင်းမြှောင်အောင်ကျိုက်လျက် ကျပ်တောင်း ( ပျစ်တောင်း )တစ်လုံးနှင့် ထမ်းပိုးကို ကုန်းပေါ်ထားပြီး အခြား ကျပ်တစ်လုံးဖြင့် ငါးသယ်နေသည်မှာ တစ်ကိုယ်လုံးရွှံ့ညွန်များဖြင့် ပေကျံနေလေသည်။ အနီးရောက်မှပင် ဖိုးသူတော်မှန်းသိနိုင်တော့သည်။

" ဗျို့ ဦးသူတော် ရွာသားများကိုတော့သူ့အသက်မသတ်ကောင်းဘူးလေး ဘာလေးနဲ့၊ ဦးသူတော်ကိုယ်တိုင်တော့ ဘာပြုလို့ ငါးဖမ်းနေရတာလဲ "ဟု ရွာသားတို့ကလက်ညှိုးထိုးမေးကြသည်။ဦးသူတော်လည်း မျက်နှာပျက်ပျက်နှင့် " ငါဟောတာက မင်းတို့အတွက်သာ ဟောတာ၊ ငါ့အတွက်ဟောတာမဟုတ်ဘူးဟဲ့ "ဟုပြန်ပြောလိုက်လေသတည်း။

www.burmeseclassic.com

www.burmeseclassic.com



## သေခြင်းတရား အပြကောင်းသူ

ရှေးအခါက ရွှေဘိုနယ်တွင် ပစ္စည်းဥစ္စာကြွယ်ဝသည့် မြေပိုင်ရှင်ကျောင်းအစ်မကြီး တစ်ဦးရှိလေသည်။ တစ်နေ့သော် ကျောင်းအစ်မကြီး၏ တစ်ဦးတည်းသော အချစ်ဆုံးသမီးပျိုသည်ရောဂါဖြင့် ရုတ်တရက် ကွယ်လွန်အနိစ္စရောက်သွားခဲ့လေသည်။

ဤတွင်မြေပိုင်ရှင်ကျောင်းအစ်မကြီးမှာသူ့ပစ္စည်းပစ္စယအားလုံးကို အမွေဆက်ခံမည့် တစ်ဦးတည်းသောသမီး ပျိုပျို ရွယ်ရွယ် သန့်သန့်မာမာသည် ဤသို့ ကွယ်လွန် ရလေခြင်းဟု ဘယ်လိုမှ ဖြေမဆည်နိုင်ဘဲရှိလေသည်။

ထိုအခါ ကျောင်းအစ်မကြီး၏ ကျောင်းတွင် သီတင်းသုံးသည့် ကျောင်းအစ်မကြီးကိုးကွယ်သော ဆရာတော်က သူ့ဒကာမကြီးကို အမျိုးမျိုးအဖုံဖုံ တရားချသည်။ လူဆိုသည်ကား သေမျိုးချည်းဖြစ်သောကြောင့် သေခြင်းတရားနှင့်ပတ်သက်၍ကျောင်းထိုင်ဆရာတော်ကသူတတ်သလောက်မှတ်သလောက် တရားပြ၍ တရာချသည်။ သို့သော်ကျောင်းအစ်မကြီးကား ဘယ်လိုတရားချ၍မှနားမဝင်။ သေမင်းသည် ခေါ်ခြင်းခေါ်လျှင် သူ့လိုအိုကြီးအိုမ တစ်ယောက်ကိုသာခေါ်သင့်သည်။ လူ့လောကတွင် တင့်တောင့်တင့်တယ်နေရဦးမည့် နေနိုင်သည့် ပျိုပျိုရွယ်ရွယ် သန့်သန့်ဖွံ့မ်းဖွံ့မ်း သူ့သမီးကို ခေါ်ရာသလောဟု နေ့စဉ်ပင် တငိုငိုနှင့် ရှိလေသည်။

www.burmeseclassic.com



ဆရာတော်မှာလည်းသူ့ကျောင်းအစ်မ၏ ပရိဒေဝ သောကမီးကို ငြိမ်းအောင်မငြိမ်းနိုင်လျှင် သူပါညံ့ရာဖျင်းရာ ကျနေပြီဖြစ်၍ကျမ်းဂန်စာပေကို အမျိုးမျိုးမွှေနှောက်၍ ဖတ်ရှုပြီး သူ့ကျောင်းအစ်မကြီးကို ဟောပြောပြသ တရားချသည်။ ကျောင်းအစ်မကြီးမှာ ဘယ်လိုမှ တရားချ၍မရ၊ ဖြေမဆည် နိုင်အောင် ရှိမြဲရှိသည်။

ထို့ကြောင့်ဘုန်းတော်ကြီးမှာသူလည်းဂုဏ်ပျက်၊သူ့ဒကာမကြီး၏ ပရိဒေဝမီးကိုလည်း မကြည့်ရက်သောကြောင့် ဘုန်းကြီးနှင့် သိကျွမ်းခင်မင်သော ဘုန်းတော်ကြီးများကို လာရောက်ကူညီ တရားချပေးကြပါရန် မေတ္တာရပ်ရသည်။

ဆရာတော် လက်သိပ်ထိုးမေတ္တာရပ်သဖြင့် တရားအဟောအမိန့် ကောင်းသည့် ဆရာတော် သံဃာတော်များ၊ ဓမ္မကထိက အကျော်အမော် များက ဓာတ်ဝတ္ထု ၊ နိပါတ် ၊ ပုံပြင်အမျိုးမျိုးဖြင့် တရားချကြသည်။ ကျောင်းအစ်မကြီးကား ဘယ်သူဟောပြ၍မှ တရားမကျ၊ ငိုမြဲငို၊ ပရိဒေဝမီး တောက်မြဲတောက်၍သာ နေလေသည်။

ဤတွင်မြေပိုင်ရှင် ကျောင်းအစ်မကြီး၏သမီးသေသော အပူမီးကို ဘယ်ဘုန်းကြီးမှတရားမချနိုင်ဆိုသောသတင်းစကားသည် ထိုနယ်တစ်ရိုးတွင် တော်တော်ကြီး ပျံ့နှံ့၍နေတော့သည်။ သို့နှင့်တစ်နေ့တွင် ထိုရွာကျောင်း ဘုန်းကြီး၏ယေယံသူယေယံချင်းစာလိုက်ဖက်တစ်ဦးကဤသတင်းကိုကြားသည်။ ကြားသည့်အခါ မြေလတ်တွင် သီတင်းသုံးနေရာမှ ရွှေဘိုသို့ ကြွလာ၍ ဤကျောင်းဘုန်းကြီးထံ၌ အာဂန္တုအဖြစ် တည်းခိုပြီး ကျောင်းအစ်မကို သူတရားပြမည်ဟု ဆိုလေသည်။



ကျောင်းအစ်မကြီးက သူ့ကျောင်းတွင် အာဂန္တု ရှိသည်ကြား၍ ဆွမ်းပင့်ကျွေးသည့်အခါ ထိုအာဂန္တုဘုန်းကြီးက ဆွမ်းစားအပြီး၌ဆွမ်းတရား လည်းဟောသည်၊ သေခြင်းတရားကိုလည်းဟောသည်။ ဟော၍အပြီး တရားအဆုံးသတ်တွင်ကား ဂါထာဆန်းတစ်ခုကို ရွတ်လိုက်သည်။ အာဂန္တု ဆရာတော်၏ တရားနိဂုံး ဂါထာကလေးမှာ -

" အလောင်းဘုရားရဲ့ကျွန် ဗိုလ်တွန်၊ တလယန်းတို့သော်မှ သေရသေး၏ရှင့်၊ ဒကာမကြီးသမီးရဲ့ပေါင် ကြောင်တစ်ကောင်မှမရှိပါဘဲ မသေဘဲနေမလား ဒကာမကြီး ငါ့လခွီး " ဟူ၏တည်း။

ကျောင်းအစ်မကြီးမှာ ဤတွင်မှ သူ့သမီး သေသင့်သေထိုက် ပေသည်ဟု ဘဝင်ကျ၍ တရားရတော့သည်။

www.burmeseclassic.com

www.burmeseclassic.com

## လွဲလိုက်လေ မောင်ပဋ္ဌင်း

တစ်ခါတုန်းက အောက်ပြည်အောက်ရွာတွင် အထက်အညာသားများကို အထင်အမြင်သေး၍ ဘာမျှမသိနားမလည်သူများဟုယူဆထားသော ဆရာတော်တစ်ပါးရှိလေ၏။ ထိုသတင်းကို အထက်အညာမှဦးပဋ္ဌင်းတစ်ပါး ကြားသိရလျှင် မခံချင်လှ၍ ထိုဆရာတော်အား ပြန်လှန်ချေပပြောဆိုရန် အကြံထုတ်ပြီး သွားရောက်တွေ့ဆုံလေသည်။

တွေ့လေလျှင် ဆရာတော်က ဦးပဋ္ဌင်းအား နေရပ်ဇာတိများကို မေးလေ၏။ထိုအခါ ဦးပဋ္ဌင်းက အထက်အညာကဖြစ်ကြောင်းလျှောက်ထားလေ၏။ ဆရာတော်မှာထုံးစံအတိုင်း အထင်သေးသည့်အမူအရာပြလျက် မိမိသိလိုသော အထက်အညာဒေသအကြောင်းများကို ဆက်လက်၍ မေးမြန်းလေတော့သည်။

ဦးပဋ္ဌင်းမှာဆရာတော်၏အကြောင်းကိုသိရှိထားပြီးသူ ဖြစ်သည့်အတိုင်း မသိနားမလည်ဟန်ဆောင်၍ တောင်မေး မြောက်ဖြေပြုလုပ်နေ



လေသည်။ ဆရာတော်ကမူ အဟုတ်ထင်မှတ်၍ အထက်အညာသားတို့၏ အ ပုံကို သဘောကျပြီး တဟဲဟဲနှင့်ရယ်မောယင်း ဆက်လက်မေးမြန်းနေလေသည်။

" မောင်ပဋ္ဌင်းတို့ အညာဒေသမှာ သီတင်းကျွတ်လ ရောက်ယင် ဘာပွဲတွေများ လုပ်တတ်ပါသလဲကွဲ "

" မှန်လှပါ ရေလောင်းပွဲများပြုလုပ်ပြီး တစ်ယောက်နဲ့ တစ်ယောက် ရေနဲ့လောင်းကြပက်ကြပါတယ်ဘုရား "

" ဟင် ... တယ်လွဲပါလား၊ ဒါလဲတို့ဆီနဲ့မတူဘူးဟ "

" ကိုင်း ... ဒီလိုဆို တန်ခူးလရောက်တော့ ဘာပွဲတွေများ ပြုလုပ်ကြသေးသလဲကွဲ "

" မှန်လှပါ ဆီမီးထွန်းပွဲတော်များ ပြုလုပ်ကြပါတယ်ဘုရား "

" ဟင် ... ဒါလဲမတူဘူးဟ၊ တယ်လွဲပါလား "

ထိုအခိုက် ကျောင်းပေါ်သို့ သီလရှင်တစ်ပါး တက်လာသည်ကို ဦးပဋ္ဌင်းက မသိဟန်ဆောင်၍ " မှန်လှပါ ဒီဒကာမက ဆရာတော်ဘုရား မိန်းမပါလား ဘုရာ့ "ဟု ရွဲ့မေးလိုက်လေသည်။ ဤတွင်ဆရာတော်သည် တကယ်မသိရှာ၍ ဦးပဋ္ဌင်းက မေးသည် ထင်မှတ်ပြီး ဖြေလိုက်ပုံမှာ ...

" လွဲလိုက်လေ မောင်ပဋ္ဌင်း " ဟူသတည်း။

www.burmeseclassic.com

www.burmeseclassic.com

## စကားနည်းသော ဦးပဥ္စင်း

ရှေးအခါကရွာတစ်ရွာတွင် အသက်ဖိုဝကျော်ရှိအဖိုးအို လင်မယား ရှိ၏။ ၎င်းတို့မှာ သားသမီး ၁၀ယောက်ရှိရာ အငယ်ဆုံးသည် သားယောကျ်ားလေးဖြစ်ပြီး ကျန် ၉ယောက်က သမီးများသာဖြစ်လေသည်။

ထိုသားလေးသည် ကိုရင်ဝတ်ဖြင့် မိမိတို့ရွာကျောင်းတွင် သီတင်းသုံးနေရာ တစ်ခါတစ်ခါ အိမ်သို့ကြွလာလျှင် အစ်မများကစကားများသလောက် မောင်ဖြစ်သူကိုရင်က စကားနည်းသည်။ အစ်မများက စပ်မိစပ်ရာ စီကာပတ်ကုံး စကားပြောကြလျှင် မောင်ဖြစ်သူကိုရင်က ပြုံးရုံသာပြုံးပြီး စကားတစ်လုံးမျှ မပြောဘဲ ကျောင်းသို့ပြန်ကြွသွားသည်။

သို့နှင့် ကိုရင်သည် ရဟန်းဖြစ်ပြီးနောက် မြို့ကြီး တစ်မြို့တွင် ကြွရောက်နေထိုင်ကာ စာသင်နေ၏။ ဦးပဥ္စင်းသည် ၃ နှစ်ခန့် နေရပ်သို့လည်းမပြန်၊စာလည်းမရေးသဖြင့် မိဘနှင့်အစ်မများက စာရေးကြသည်။

အစ်မများက " ဦးပဥ္စင်းက သိပ်စကားနည်းတာပဲ၊ ဒီတော့ စာ ရှည်ရှည်ရေးရင် ဦးပဥ္စင်းက စာပြန်မှာ မဟုတ်ဘူး၊ ဦးပဥ္စင်းအကြိုက် ဖြစ်အောင် စာကိုတိုတိုပဲ ရေးကြရအောင် "ဟု တိုင်ပင်ပြောဆိုကြပြီး " ဦးပဥ္စင်း ကျန်းမာရဲ့လားဘုရား " ဟု တိုတိုတစ်ကြောင်းတည်းရေးကာ စာပေးလိုက်ကြသည်။ ဤတွင်မောင်ဖြစ်သူဦးပဥ္စင်းကလည်းထွေထွေရာရာ အကြောင်းအရာများကို ဖွဲ့ကာနွဲ့ကာမရေးဘဲ ကျန်းမာပါသည်၊ နေကောင်းပါသည် ဆိုသည့်သဘောနှင့် " အင်း "ဟု တစ်လုံးတည်း တိုတိုရေးကာ စာပြန်လိုက်လေသည်။

## အဠသာလိနီ အဠကထာပါဠ် ဆိုတဲ့ ဆရာကြီး ထိုင်ပါဗျို့

ရှေးအခါက ကျောင်းတစ်ကျောင်းမှ ပွဲကြည့်ချင်လှသော ကိုရင်ကြီးတစ်ပါးသည် ပွဲကြည့်ရန်အတွက် ညဏ်နီ ညဏ်နက်ထုတ်လျက် ကျောင်းမှရရာလူ့အဝတ်အစားများကို ဝတ်ဆင်အသွင်ပြောင်း၍ ပွဲကြည့် ထွက်ခဲ့လေသည်။ ခေါင်းပေါင်းကိုမူ ပေစာထုပ်သော ပဝါစကို အမှတ်တမဲ့ ယူပေါင်းခဲ့သဖြင့် ခေါင်းတွင် စာတန်းကြီးပေါ်နေသည်ကို မသိတော့ဘဲ ပွဲကြည့်ပရိသတ်အလယ်တွင် အခန့်သားရပ်၍ကြည့်နေလေ၏။ ပေစာ ထုပ်သော ပဝါများတွင် အတွင်းမှထုပ်ထားသော ပေစာ၏ ကျမ်းအမည်ကို သိနိုင်ရန် စာတမ်းများ ရေးထိုးထားတတ်ကြသည်။

ထိုအခါနောက်မှထိုင်၍ ကြည့်ကြသူများက မမြင်ကြရသဖြင့် ရှေ့ကရပ်ကြည့်နေသူကို လှမ်း၍အထိုင်ခိုင်းရန် အမည်နာမကိုလည်း မသိ ရသဖြင့် လူပုံပန်းသဏ္ဌာန်ကို ကြည့်ပြီး ထူးခြားသည့် လက္ခဏာကို အမည် တပ်လျက် ခေါင်းမှစာတမ်း ဖတ်၍ အထိုင်ခိုင်းလိုက်ပုံကတော့ ...

" ဗျို့ ရှေ့ကရပ်ကြည့်နေတဲ့ အဠသာလိနီအဠကထာပါဠ်ဆိုတဲ့ ဆရာကြီးထိုင်ပါဗျို့ "ဟူသတည်း။

www.burmeseclassic.com

www.burmeseclassic.com



# အတိတ်ကောက်လွဲသူ

ရှေးအခါက ရွာတစ်ရွာတွင် ဥစ္စာအသင့်အတင့်ရှိသော မုဆိုးမ ဒေါ်ဘုမဆိုသူရှိသည်။ ယောကျ်ား ကွယ်လွန်သည့် နောက်ပိုင်းတွင် ဒေါ်ဘုမသည် ခင်ပွန်းသည်ရှိစဉ်က လုပ်ကိုင်ခဲ့သော ဖိနပ်လုပ်ငန်းမှ ရရှိလာသော စည်းစိမ်ဥစ္စာများကို အရင်းပြု၍ စီးပွားရေးလုပ်ငန်းများ လုပ်နေသည်။ ဒေါ်ဘုမသည် ဘာကိုပဲလုပ်လုပ် လူယုံတော်ကြီး ဦးပုကို တိုင်ပင်လေ့ရှိ၏။

တစ်နေ့တွင် ဒေါ်ဘုမသည် လူယုံကြီးဦးပုကိုခေါ်၍ " ဦးပု ဦးပု ကျွန်မ တိုင်ပင်ချင်တာတစ်ခုရှိလို့ပါ၊ အဲဒါ တခြားမဟုတ်ပါဘူး ကျွန်မယောကျ်ားရှိစဉ်တုန်းက လုပ်ခဲ့တဲ့ ဖိနပ်လုပ်ငန်းကို ပြန်လုပ်ချင်တယ် အဲဒါကို ဦးစီးဖို့ ယောကျ်ားတစ်ယောက်လိုတယ်၊ ဒါ့ကြောင့်ဟိုလမ်းထိပ်က မောင်လတ်ဆိုတဲ့ လူငယ်ကလေးနဲ့ ကျွန်မအိမ်ထောင်ပြုချင်လို့ပါ၊ ဦးပု ဘယ်လိုသဘောရသလဲ "ဟုမေးသည်။ ဦးပုသည်ဒေါ်ဘုမနောက်အိမ်ထောင်ပြုလို၍ သူ့ယောကျ်ားအလုပ်ကို အကြောင်းပြခြင်းဟု ကောင်းစွာသဘောပေါက်သည်။ မယူပါနှင့်ပြောရမည်လည်း အခက်ဖြစ်နေသည်။ ထို့ကြောင့် " မဘုမသဘောပဲလေ "ဟုပင် ဖြေလိုက်သည်။

" ဒါပေမယ့် သူနဲ့အိမ်ထောင်ပြုလိုက်ရင် ကျွန်မပစ္စည်းတွေကို သူကလက်ဝါးကြီးအုပ်မှာလဲစိုးရသေးတယ်ဦးပုရဲ့၊ နောက်ပြီး နေရာတကာ သူကချည်း အနိုင်ယူပြီး ခြယ်လှယ်ချင်တိုင်းခြယ်လှယ်နေမှာလဲစိုးရတယ် " ဟု ဒေါ်ဘုမက ပြောသောအခါ ဦးပုသည် အချက်ဝင်လာပြီဟုတွေး၍

www.burmeseclassic.com

www.burmeseclassic.com



"ဒီလိုဆို အိမ်ထောင်မပြုဘဲနေပါလား" ဟုဝမ်းသာအားရ ပြောလိုက်သည်။ ထိုအခါ ဒေါ်ဘုမသည် သူပြောသည်ကို မကြားဟန်ပြု၍ အိမ်ထောင်ပြုရေးသာ အထပ်ထပ် ပြောနေလေသည်။

ဦးပု မည်သို့ဆက်ပြောရမည်ကို မသိဘဲ တွေးနေစဉ် အနီးရှိ ဘုန်းကြီးကျောင်းမှ ကပ္ပိယများဘုရားဝတ်ပြုပြီး၍ ကြေးစည်ထုသော အသံကိုကြားရသည်။ ဤတွင် ဦးပုသည် ကြံမိကြံရာအကြံရပြီး " ဒီလိုလုပ်ပါလား ငါ့တူမ၊ အခုကြားနေရတဲ့ ကြေးစည်သံကို ဟိုလမ်းထိပ်က လူရှုပ်နဲ့ ဆက်စပ်ပြီး ငါ့တူမစိတ်ထဲက ထင်တဲ့အတိုက်ယူလိုက်ပေါ့ "ဟု ပြောလိုက်သည်။

" ဟာ ဟုတ်တယ် ဟုတ်တယ် " ဟုပြော၍ ဒေါ်ဘုမလည်း ဝမ်းသာသွားသည်။ ဒေါ်ဘုမစိတ်ထဲတွင် ကြေးစည်သံ 'ဒူဝေ ဒူဝေ'ဟု မြည်သည်ကို "ယူလေ ယူလေ"ဟု ကြံကြံဖန်ဖန် လောဘစိတ်မွန်ပြီး အတိတ်ကောက်ကာလမ်းထိပ်ကမောင်လတ်နဲ့အိမ်ထောင်ပြုလိုက်လေသည်။

လက်ထပ်ကြပြီး တစ်လခန့်ကြာသောအခါ ဒေါ်ဘုမ၏ နောက်ယောက်ျား မောင်လတ်သည် ထိုကဲ့သို့ ဖြုန်းခနဲပြောင်းလဲလာသော သူ့ဘဝကိုမထိန်းနိုင်ဘဲ နေရာတကာတွင် မျက်စိစပါးမွေး စူးလောက်အောင် ဖြစ်လာသည်။ ဒေါ်ဘုမအပေါ်၌လည်း အနိုင်ကျင့်ကာ ဆဲဆိုကြိမ်းမောင်းသည်။ အချိန်ရှိသ၍ အရက်သောက်၊ ဖဲရိုက်နှင့်ပျက်စီးချင်တိုင်းပျက်စီးနေတော့သည်။



တစ်နေ့တွင် လင်ယောက်ျားမရှိခိုက် ဒေါ်ဘုမသည် ဦးပုအားခေါ်၍ " ဦးလေး အကြံပေးချက်ကြောင့် ကျွန်မတော့ဒုက္ခရောက်နေရပါပြီ ဦးလေးရဲ့ ၊ အခု သူ့ကိုပြန်မပြောဝံ့မဆိုဝံ့အောင်လဲ ကြောက်ရွံ့နေရပါပြီ ကျွန်မတော့ ငါးပါးမှောက်တာပဲ "ဟုပြောရာ ဦးပုက " ငါ့တူမက ကြေးစည်သံကိုဘယ်လိုအတိတ်ယူလို့လဲ "ဟုပြန်မေးလိုက်သည်။"အို .. ကျွန်မက ကြေးစည်သံ ဒူဝေ ဒူဝေကို ယူလေ ယူလေလို့မှတ်ပြီး ယူလိုက်တာပေါ့" ဟု ဒေါ်ဘုမက ပြောသောအခါ၊ ဦးပုသည် သူ့နဖူးကိုသူ လက်ဖြင့်ထုပြီး " အမလေး ငါ့တူမရယ်၊ ဦးလေးက ဒူဝေ ဒူဝေကို လူပေလူတေလို့ အတိတ်ယူခိုင်းတာကွဲ့ " ဟုပြောလိုက်ရာ ဒေါ်ဘုမမှာ မည်သို့မျှ ပြန်မပြောနိုင်တော့ဘဲ ငိုင်သွားလေတော့သတည်း။

www.burmeseclassic.com

www.burmeseclassic.com

# ကိုရင်ကလေး နှင့် ဦးအောင်ညို

မဝေးလှသော အခါကာလက မြို့တစ်မြို့တွင်သာသနာတော်ကို အတိုင်းထက်အလွန် ကြည်ညိုသော ဦးအောင်ညိုဟူသော ဒကာ တစ်ယောက်ရှိလေသည်။ သူ၏ဇနီးမငွမ်းပုံကမူ သာသနာတော်ကို တော်ရုံ တန်ရုံသာ ကြည်ညိုသည်။ သူတို့ဇနီးမောင်နှံအိမ်တွင် အမြဲဆွမ်းခံကြွသော ကိုရင်သုမင်္ဂလကို ဒကာဦးအောင်ညိုက လွန်စွာကြည်ညိုသည့်အတိုင်း ပစ္စည်းလေးပါး ဒကာအဖြစ် ခံယူထားသည်။

ကိုရင်သုမင်္ဂလကလည်း လိင်ဆယ်ပါး၊ ဒဏ်ဆယ်ပါး၊ သေခိယ ပုတီးစိပ် အစရှိသော ကိုရင့်ကျင့်ဝတ်များနှင့်အညီ ကောင်းမွန်စွာ သိတင်း သုံးတော်မူသည်။ တစ်နေ့တွင် ဇနီးမငွမ်းပုံသည် နံနက်တွင် ဆွမ်းဟင်းများ ချက်သောအခါ ကျည်ပွေ့နှင့်ငရုတ်သီးထောင်းရာမှ ငရုတ်သီးအစေ့များ မျက်စိထဲဝင်၍ လက်နှင့် ကပျာကရာ ပွတ်မိသဖြင့် ပို၍ဆိုးသွားသည်။ မျက်စိမှ မျက်ရည်များလည်း တစိမ့်စိမ့်ကျဆင်းနေလေသည်။

ထိုအချိန်တွင် ကိုရင်ကလေးသည် သပိတ်ကို ပွေ့ပိုက်လျက် ဒကာတော် ဦးအောင်ညို အိမ်သို့လေးတောင်မျှသော ဩက္ခိတ္တစက္ခု ဖြင့် ရှေ့သို့ရှု၍ ဆွမ်းခံကြွလာပြီး အိမ်ရှေ့၌ အဆင်သင့်ခင်းထားသော နေရာ ထိုင်ပေါ်တွင် ဣန္ဒြေတည်ငြိမ်စွာနှင့်ထိုင်လေသည်။ သို့သော် အိမ်ရှင်



ဒကာမ မငွမ်းပုံကမူကိုရင်ကြွလာသည်ကို မသိပေ။ ကိုရင်က ချောင်းဟန့် လိုက်သည်။ သို့သော်ထူးသံကားမကြားရ။ တဖန် ချောင်းဟန့်သော်လည်း အသံမပေါ်လာသဖြင့် ဆွမ်းဟင်းချက်ရာ မီးဖိုချောင်သို့ အကဲခပ်လှမ်းကြည့် လိုက်ရာ မျက်ရည်စက်လက် နှင့် ငိုနေသောဒကာမကြီးမငွမ်းပုံကို တွေ့ရ သဖြင့် အကျိုးအကြောင်းသိရန် အနီးသို့သွားပြီး " ဘာဖြစ်လို့ ငိုရတာလဲ ဒကာမကြီး၊ တတ်နိုင်လို့ရှိယင် ကိုရင်ဆောင်ရွက် ကူညီပေးပါ့မယ်၊ အကျိုး အကြောင်းကိုပြောပြပါ " ဟုကရုဏာနှင့်ပြောလေသည်။

ဤတွင်ဒကာမကြီးမငွမ်းပုံကဝမ်းနည်းပန်းနည်းရှိုက်ကြီးတငင်ဖြင့် " မပြောချင်ပါဘူး ကိုရင်လေးရယ်၊ ကိုရင့်ဒကာကြီးက ကိုရင်ကို ဟောဒီ ငရုတ်ကျည်ပွေ့နဲ့ ထုရမှ ကျေနပ်မယ်ဆိုလို့ တပည့်တော်မက အတင်းဆွဲ ထားပြီး ငရုတ်ကျည်ပွေ့ကို လုထားရတယ်၊ သူက ငရုတ်ကျည်ပွေ့ မပေးရ မလားဆိုပြီး အပြင်ကိုထွက်သွားတယ်၊ တပည့်တော် ကိုရင့်ကို သနားလို့ ဒီလိုငိုနေရတာပါ " ဟု ခပ်တည်တည် ဟန်ပါပါနှင့်ပြောလိုက်သည်။ ကိုရင်လေးမှာဤစကားကြောင့်မနေသာတော့ဘဲသပိတ်ပွေ့လျက်ကျောင်းသို့ အမြန်ပြန်ကြွလေတော့သည်။

ထိုအချိန်တွင် ဒကာကြီးဦးအောင်ညိုသည် အလုပ်ခွင်မှ အိမ်သို့ ပြန်လာရာ ဒေါသကြီးစွာနှင့် ငရုတ်ကျည်ပွေ့ကိုင်နေသောမငွမ်းပုံကို မြင်လျှင် ခရီးရောက်မဆိုက် အကျိုးအကြောင်းကိုမေးလိုက်သည်။ ဤတွင် မငွမ်းပုံက " ဘာဖြစ်ရမလဲ၊ တော့်ကိုရင်ကကိုရင်နဲ့မဆိုင်တဲ့ငရုတ်ကျည်ပွေ့ အလှူခံနေတာ ကျုပ်ကမလှူလို့ စိတ်ဆိုးပြီးကျောင်းပြန်သွားတယ် "ဟု ပြောလိုက်သည်။ " မငွမ်းပုံကလဲငရုတ်ကျည်ပွေ့ တစ်ချောင်း ဘာဖိုးတန်

www.burmeseclassic.com

www.burmeseclassic.com



လို့လဲ၊ လျှုလိုက်ရင်ပြီးတာပဲ၊ သူ့မှာဆေးထောင်းဖို့ရာ အသုံးဝင်လို့ဖြစ်မှာပေါ့၊ ပေးစမ်းငရုတ်ကျည်ပွေ့ "ဟု မငွမ်းပုံလက်ထဲမှ လုယူပြီး ကိုရင်အား ကျည်ပွေ့လှူရန် လိုက်လေသည်။ မငွမ်းပုံကမူ သူထောင်ထားသည့် ထောင်ချောက်ထဲ ဆရာ - ဒကာ ၂ ဦးရောက်သွားပြီဆိုကာ ပီတိ ဖြစ်နေသည်။

ကိုရင်ကလေးသည် တော်တော်သွားမိသောအခါ သူ့ဒကာကြီးများ နောက်မှလိုက်လာဦးမည်လားဟု စိုးရိမ်ပြီးနောက်သို့လှည့်ကြည့်လိုက်သည်။ ထိုအခါ ရေးကြီးသုတ်ပျာနှင့်ငရုတ်ကျည်ပွေ့ကိုကိုင်ပြီးလာသောဒကာကြီးကို မြင်သဖြင့် ကျောင်းဆီသို့ ခပ်သွက်သွက်လှမ်းလေတော့သည်။ ဒကာကြီးကလည်း ကိုရင်ကလေးကို နောက်မှလှမ်းမြင်သဖြင့် မီအောင်အတင်း လိုက်လေသည်။

ဤသို့ဖြင့် ကိုရင်ကလေးက ရှေ့မှခပ်သွက်သွက်လှမ်းသည်။ သူ့ဒကာကြီးက နောက်မှအတင်းလိုက်သည်။

တစ်နေရာအရောက်တွင် ခြေလှမ်း ကျဲကျဲကြီးများဖြင့် အတင်းလိုက်သော သူ့ဒကာကြီးက ကိုရင်ကလေးကို မီလေရာ တစ်ဦးနှင့်တစ်ဦး အကျိုးအကြောင်းများ မေးကြဖြေကြလေသည်။

ဤတွင်မှ ဒကာကြီး ဦးအောင်ညိုသည် အိမ်က သူ့ဇနီးမငွမ်းပုံ လက်ချက်ပဲဟုသိ၍ ချက်ခြင်းပြန်သွားပြီး မငွမ်းပုံကို ငရုတ်ကျည်ပွေ့နှင့် တအုန်းအုန်း တဘုန်းဘုန်း နက်လေတော့သတည်း။

## သည်တစ်ခါမှခက်တော့တာပဲ

အခါတစ်ပါးက ရတနာပုံနေပြည်တော် နှင့် မနီးမဝေးသော တောကျေးလက် ရွာတစ်ရွာတွင် ဆရာတော်တစ်ပါး ကျောင်းထိုင်လျက်ရှိ၏။ ထိုဆရာတော်ထံတွင် အသက်အရွယ်ကြီးရင့်မှ သာသနာ့ဘောင်ဝင်ရောက်သော ဦးပဉ္စင်းကြီးရှိလေသည်။ဆရာဘုန်းတော်ကြီးက သီလပေးရေစက်ချ ဆုတောင်းတို့ကို ရေးပေးပြီးကျက်မှတ်စေသည်။ထိုရဟန်းကြီးမှာ ဆရာတော်ရေးပေးသော စာများကိုကျက်မှတ်သော်လည်း အသက်ကလည်း ကြီး၊ မောဟကလည်းဖုံးလွှမ်းနေသောကြောင့် ကျက်မှတ်ယင်း အိပ်ပျော်သွားသည်ကသာ များလေသည်။ သို့ရာတွင်ဤဆရာတော်၏ကျောင်း၌ ရဟန်းကြီးထက် ပိုတတ်ကြသော ရဟန်းငယ်များ လေးငါးပါး ရှိနေကြသောကြောင့် ရဟန်းကြီးအနေနှင့် နေသာပေသည်။

www.burmeseclassic.com

www.burmeseclassic.com



တစ်နေ့သော် ထိုကိုယ်တော်ကလေးများ ခရီးလွှန်နေ၍ကျောင်း၌ ဆ ရာတော်နှင့် ရဟန်းကြီးနှစ်ပါးတည်းရှိနေခိုက် ညအချိန်တွင်ဒကာတစ်စုက အသုဘရှုပင့် ရောက်လာကြရာ ဆရာတော်ကရဟန်းကြီးအားလိုက်သွားရန် အမိန့်ရှိလိုက်သည်။ ထိုရဟန်းကြီးလည်း “ ဒီတစ်ခါမှခက်တော့တာပဲ ငါကလဲ သီလတောင်ကောင်းကောင်းမပေးတတ်၊ ရေစက်ချဆိုဝေးသေးရဲ့ ဒါပေမယ့်ဆရာတော်ရဲ့အမိန့်ကိုမပယ်ဝံ့ ”ဟုတွေးကာပင့်လာသူဒကာများနှင့် လိုက်ပါကြွသွားရလေသည်။

ရဟန်းကြီးသည် ကြွသွားရင်း သွားရင်းဖြင့် “ ထုံးစံအတိုင်း ဆိုရင်ငါတော့ အရှက်ကွဲတော့မှာပဲ ၊ ပရိယာယ်လုပ်မှ တော်တော့မယ် ”ဟု အကြံရကာနှာစီး ( နှာစေး ) ယောင်ဆောင်ကာ တရှုပ်ရှုပ်လုပ်လာပြီး လိုက်ခဲ့လေသည်။

သုသာန်သို့ရောက်သောအခါ ဒကာတစ်ယောက်အား “ ပရုပ်ဆီဘူးများ ဘယ်သူ့မှာပါသလဲ၊ငါမခံမရပ်နိုင်အောင်အလွန်ခေါင်းကိုက်နေတယ် ဒကာတို့၊ ငါးပါးသီလကိုမင်းတို့ဘာသာ ဘုရားရှေ့မှာယူသလိုယူပြီး သင့်သလိုရေစက်ချကြ၊ ငါ့ဝေဒနာတော့အလွန်ဆိုးနေတယ်၊ ငါ့ကိုလှည်းနဲ့ ကျောင်းလိုက်ပို့ကြ ”ဟုအမိန့်ရှိလေသည်။

ဒကာတို့လည်းရဟန်းကြီးအား ကျောင်းသို့အလျင်အမြန် ပို့ပေးကြရသည်။ ရဟန်းကြီးလည်း ကျောင်းရောက်လျှင်မိမိနေရာတွင် သင်္ကန်းခေါင်းခြုံကာ ကျိန်းစက်လေတော့သည်။ဒကာတို့မှာလည်း “ အရေးထဲကျမှ ရဟန်းကြီးက သာဆိုးနေတယ် ”ဟုဆိုကာ ဘာမျှမတွေးတောတော့ဘဲ ကြင်နာစွာဆက်၍ ဂရုစိုက်ကြလေသတည်း။

## သိမ်မဝင်

တစ်ရံရောအခါကမြို့ကြီးတစ်မြို့တွင် သင်္ကန်းဝတ်တစ်ဦး အရက်မူးပြီး မိန်းမတစ်ယောက်နှင့်အတူလက်တွဲ သွားလာနေလေသည်။ ထိုအခြင်းအရာကိုအမြင်မတော်၍ ဒကာတစ်ဦးသည် ဝိနည်းမိုရ်ဆရာတော်ကြီးတစ်ပါးထံသွား၍ လျှောက်ထားလေသည်။

“ ဟ ဒကာ ဘယ်ကလာပြီး ဘုန်းကြီးက ဒီလိုမတော်တရော် လုပ်ပမလဲဟ ”

“ တပည့်တော်ကိုယ်တိုင် မျက်မြင်တွေ့ခဲ့တာပါဘုရား ”

“ ဘုန်းကြီးက ဒီလိုမတော်တရော် မလုပ်ဘူးကွ ”

“ ဘုန်းကြီးမှဘုန်းကြီးအစစ်ပါဘုရား၊သင်္ကန်းဝတ် ကတုံးပြောင်ကြီးနဲ့ သေသေချာချာ တွေ့ခဲ့တာပါဘုရာ့ ”

“ ဟော့ ဒကာ မင်းတွေ့ခဲ့တဲ့ဘုန်းကြီးက သိမ်ဝင်ခဲ့တာ မဟုတ်ဘူးကွ ”

ထိုအခါမှဒကာသည် ဆရာတော်၏စကားကိုသဘောပေါက်သွားကာ “ သိမ်မဝင်ဘဲ သာသနာတော်ကြီး ပျက်စီးအောင်ဆိုပြီး ဖျက်စီးရန်အကြံနဲ့ သင်္ကန်းဝတ်နေတဲ့ လူအချို့လဲ ရှိသေးတာကိုး ” ဟုတွေးတောပြုံးမိလေတော့သတည်း။

www.burmeseclassic.com

www.burmeseclassic.com



## အကြံပိုင်သော ဦးသူတော်

ရှေးအခါက ကျောင်းတစ်ကျောင်းတွင် အဂ္ဂိရတ် အလွန်ဝါသနာပါသော ဆရာတော်တစ်ပါးသည်ဖိုးသူတော်တစ်ယောက်နှင့်အတူသီတင်းသုံးနေထိုင်လေ၏။ ၎င်းဆရာတော်သည် ကြောင်နက်ကြီးတစ်ကောင်ကိုလည်းမွေးထားပြီး ဆွမ်းဘုဉ်းပေးပြီးကျန်သော သား၊ ငါး၊ အမဲ ကောင်းနိုးရာရာဟင်းများကိုသာ ဒီကြောင်ကြီးကို နေ့စဉ် ကျွေးမွေးလေ့ရှိ၏။ ဖိုးသူတော်မှာမူ ဆရာတော်နှင့်ကြောင်နက် ဘုဉ်းပေးစားသောက်၍ပြီးမှကြွင်းကျန်သော

www.burmeseclassic.com

www.burmeseclassic.com



ဟင်းရေချို ၊ ပဲဟင်း စသည်တို့ဖြင့်သာ တင်းတိမ်နေရ၏။ သို့နှင့် ဖိုးသူတော်သည် တစ်ခါတရံ ဟင်းကောင်းစားလိုလှသဖြင့်ဆွမ်းမကပ်မီက ဟင်းကောင်းတစ်ခွက်ကို ချန်၍ ဆရာတော်အား ကပ်လှူသော်လည်း ထိုကြောင်နက်က ခိုး၍စားတတ်သေးသဖြင့် ထိုကြောင်နက်ကို အလွန်မုန်းနေလေ၏။ ထိုကြောင်ကိုသတ်ရန် နည်းအမျိုးမျိုးဖြင့် ကြံဆခဲ့သော်လည်း မရခဲ့ပေ။

တစ်ခုသောညတွင် ဦးသူတော်အကြံရ၍ ဆရာတော်၏ အင်္ဂရိတ်ထိုးသော ဖိုထဲတွင် ဆရာတော်မသိအောင် အောက်ပါစာတန်းများရေး၍ တိတ်တဆိတ်ကပ်ထားလေ၏။

" ၁။ အင်ကြင်းမီးကျီးခဲ ရေထဲချ ရှဲကနဲမြည်၏။

၂။ စကောနှစ်ချပ် အတောင်တပ် ပျံလို့ရ၏။

၃။ ကြောင်နက်ရေခေါင်းမှာဆောင်း ကိုယ်ရောင်ပျောက်၏ "

ဟူသော စာတန်းများပင်တည်း။

ဆရာတော်သည် နောက်တစ်နေ့ ဆွမ်းဘုဉ်းပေးခြင်းကိစ္စပြီး၍ မိမိအင်္ဂရိတ်ကျောင်းသို့ အင်္ဂရိတ်ထိုးရန်သွားရောက်စဉ်အထက်ပါစာတန်းကို တွေ့လေသည်။ဤတွင်အလွန်ပင် အံ့အားသင့်ကာမစူးစမ်းမဆင်ခြင်တော့ဘဲ " ကေန္တ ပညာရှိ တစ်ယောက်ယောက်က ငါ့အား ထွက်မြောက်ရာ လမ်းကြောင်းအတွက် ရေးထားသောစာဖြစ်မည် "ဟု ယူဆပြီး စာပါ တစ်အချက်ကို စမ်းသပ်ရန် အကြံရသဖြင့် ထိုနေ့ အင်္ဂရိတ် မထိုးသေးဘဲ ဦးသူတော်အားခေါ်၍ အင်ကြင်းသားကိုရှာစေသည်။ ရလျှင်မီးမွှေးပြီး နီရဲလာသောအခါ ထိုမီးခဲကို ရေထဲသို့ စမ်းချကြည့်ရာ ရှဲကနဲပင် မြည်သွား



သဖြင့် ပီတိအလွန်ဖြစ်၍နေလေသည်။

သို့နှင့်ပင် စာပါ ၂ အချက်ကို ဆက်လက်၍ စမ်းသပ်လိုသဖြင့် ဖိုးသူတော် ကိုခေါ်၍ ရွာထဲတွင် စကောခေါ် "ဗန်း" အကြီးဆုံးနှပ်ချပ်ကို ငှားရမ်းစေလေတော့၏။ ဖိုးသူတော်လည်း ဆရာတော် အမိန့်အတိုင်း အကြီးဆုံး စကောနှစ်ချပ်ကို ငှားရမ်း၍ ဆရာတော်အား ဆက်ကပ်လေ၏။ ဆရာတော်သည် ထိုစကောနှစ်ချပ်ကို မိမိ၏ ခါးတွင် မြဲမြံစွာ ချည်နှောင်၍ ငှက်ကဲ့သို့ ပျံသန်းနိုင်ရန်ကျောင်းအထက်ထပ်မှအောက်သို့ခုန်ချရာကံကောင်း ထောက်မသဖြင့် ပျံလွန်တော်မမူဘဲ ရှိလေ၏။

ဤသည်ကိုပင် အောင်မြင်သည် ဟုယူဆပြီး စာတန်းပါ သုံးအချက်ကိုဆက်လက်စမ်းသပ်လိုသဖြင့် ဖိုးသူတော်အားခေါ်ပြီးကြောင်နက်၏ အရေကို ရှာဖွေပေးရန် အမိန့်ပေးလိုက်ပြန်၏။ ဖိုးသူတော်သည် အနှစ်နှစ် အလလက မိမိမုန်းနေခဲ့သည့် ဆရာတော် အလွန် ချစ်မြတ်နိုးလှသော ကြောင်နက်ကြီးကို ဆရာတော်မသိအောင် ရိုက်သတ်၍ အရေကိုဆုတ်ခွာပြီး ခြောက်သွေ့အောင်နေလှန်းကာ ဆရာတော်အားတဖန် ဆက်ကပ်ပြန်သည်။ ဆရာတော်သည် ကြောင်နက်၏ အရေကိုရလျှင် ဘာဘာညာညာ စဉ်းစားဆင်ခြင်ခြင်းမပြုတော့ဘဲကိုယ်ရောင်ပျောက်မပျောက် စမ်းသပ်လိုသဖြင့် မိမိ အခန်းတွင်းသို့ဝင်၍ အပေါ်ကိုယ်ရုံချွတ်ပြီး ကြောင်နက်၏အရေ ခေါင်းမှာ ဆောင်းလျက် အခန်းပြင်ဘက်သို့ ထွက်ကာ သူတော်ကိုခေါ်လေသည်။

ဤတွင် အကြံပိုင်သော ဦးသူတော်က " အရှင်ဘုရား ဘယ်က နေပြီး ခေါ်နေပါသလဲဘုရား၊ ဘုရားတပည့်တော် မမြင်ရပါလားဘုရား "

www.burmeseclassic.com

www.burmeseclassic.com



ဟု မြင်သော်လည်းမမြင်ဟန်ဆောင်ကာဆရာတော်အားလျှောက်လိုက်သည်။ ဆရာတော်သည်တကယ်ပင် ကိုယ်ရောင်ပျောက်ပြီဟု ထင်မှတ်ကာ မိမိအား ကိုးကွယ်နေသည့် ဒကာ – ဒကာမများ ပို၍ကြည်ညိုစေရန် ဥပုသ်နေ့တွင် ကိုယ်ရောင်ဖျောက်၍ တရားဟောမည်ဟု ဆုံးဖြတ်လိုက်သည်။ ထို့နောက် အခန်းတွင်းသို့ဝင်၍ အပေါ်ရုံ ဧကသီကို ပြန်လည်ဝတ်ရုံပြီး ကြောင်နက် ရေကို သိမ်းဆည်းထားခဲ့ကာ ဦးသူတော်အား ယခင်ခေါ်စဉ်က မိမိမှာ ကိုယ်ရောင်ဖျောက်ထား၍ ပျောက်နေကြောင်း၊ ဥပုသ်နေ့တွင် ကိုယ်ရောင် ဖျောက်ပြီး ဒကာ–ဒကာမများအား တရားဟောလျှင် ဒကာ–ဒကာမ များက ပိုမိုကြည်ညိုစရာရှိကြောင်းဖြင့် ပြောလေတော့သည်။

ဦးသူတော်သည် အရှက်တကွဲ အကျိုးနည်း ဖြစ်တော့မည်ကို သိသဖြင့် ထိုသို့တရားမဟောရန် ဆရာတော်အား အတန်တန်တောင်းပန် ကားမြစ်၏။ သို့သော်မရ။ ထို့ကြောင့် မိမိအမှုမိမိကိုပတ်တော့မည် ပ သိသော ဦးသူတော်သည် ရွာထဲရှိဒကာ–ဒကာမများအား ဆရာတော် ကိုယ်ရောင်တကယ်မပျောက် သော်လည်း ပျောက်သည်ဟု ပြောကြပါမည့် အကြောင်း အိမ်စေ့ လိုက်ပြော ထားလေ၏။

သို့နှင့် ဥပုသ်နေ့ရောက်သောအခါ ဆရာတော်သည်မိမိအလိုဆန္ဒ ရှိသည့်အတိုင်း ကြောင်နက်ရေခေါင်းမှာဆောင်းကာတရားဟောရာဓမ္မပလ္လင် သို့ကြွရောက်ပြီး တရားများဟောကြားလေသည်။ ဒကာ–ဒကာမများသည် ဦးသူတော်အကြံပေးသည့်အတိုင်း ကြာရှည်စွာ အောင့်အည်းမျိုသိပ်ထားခြင်း ငှာပမွမ်းနိုင်ကြသဖြင့် အချို့က ရယ်ကြတော့သည်။ ဆရာတော်နှင့် ဆွေမျိုး စပ်သူအချို့ကမူ ဆရာတော်တော့ ခက်ပြီဆိုကာငိုကြသည်။



ဤသို့ ဒကာ–ဒကာမများ ရယ်သူကရယ်၍ ငိုသူကငိုကြသည်ကို ဆရာတော် မြင်သိလေရာ ကိုယ့်လိပ်ပြာ ကိုယ်မလုံတော့ဘဲ 'ငါတကယ် ကိုယ်ရောင်ပျောက်ဟန်မတူ၊ ဖိုးသူတော်၏ လုပ်ဇာတ်သာဖြစ်မည်၊ ငါ၏ ကြောင်ကိုသတ်လို၍ ပရိယာယ် ဆင်ခြင်းသာဖြစ်မည်၊ ဖိုးသူတော်ကိုဆုံးမမှ ဖြစ်မည်' ဟု အသိဝင်လာပြီး တရားဟောနေရာမှ ဘာမပြောညာမပြော ဆင်းလာတော့သည်။

ထို့နောက် တပည့်ဖိုးသူတော်ကို မှတ်လောက်အောင် ရိုက်နှက် ဆုံးမ၍ ကျောင်းမှ နှင်ထုတ်လိုက်ပြီး မိမိ၏ အဂ္ဂိရတ် ထိုးခြင်းကိုသာ တစ်ပါးတည်း စူးစူးစိုက်စိုက် လုပ်ကိုင်နေလေတော့သတည်း။

www.burmeseclassic.com

www.burmeseclassic.com

## ဝါတဲ့ဗျာ ဝါတဲ့

တစ်ခါက တောရွာတစ်ရွာ၏ အလှူ တစ်လှူတွင် ဖြစ်သည်။

တောရွာများ၏ ထုံးစံမှာ ရွာတစ်ရွာတွင်သာမှုနာမှုရှိက မိမိရွာနှင့် ဂါဝစရဂါမ် ဖြစ်သော အနီးအနားမှ ရွာကျောင်းဘုန်းကြီးများကိုလည်း ပင့်ရရိုးထုံးစံရှိရာ ထိုရွာကလေး၏ အလှူတွင်လည်း ထုံးတမ်းစဉ်လာအတိုင်း ရွာနီးနားမှ ဘုန်းတော်ကြီးများအား ပင့်ထားပြီးဖြစ်လေသည်။

အလှူရေစက်ချမည့် နေ့ခင်းအချိန်တွင် ရွာတွင်းရှိယောကျ်ားကြီး မိန်းမကြီးများသည် ပရိတ်တရားနာရန် မဏ္ဍပ်တွင်းသို့ ရောက်ရှိနေကြ လေသည်။သံဃာစင်ပေါ်တွင်လည်း ဘုန်းကြီးများသီတင်းသုံးရန်အဆင်သင့် ခင်းထားကြသည်။ ထိုအထဲတွင် သက်ရွယ်ကြီးမားသောဆရာတော်ကြီးများ



ပါဝင်ပါက ချမ်းသာစွာသီတင်းသုံးနိုင်ရန် ပက်လက်ကုလားထိုင်ကြီးတစ်လုံး ကိုလည်း အဆင်သင့်ထားရှိလေသည် ။

မကြာမီပင် ဝါတော် ၄၀ ခန့် ရှိမည်ထင်ရသော ဘုန်းတော်ကြီး တစ်ပါးသည် မဏ္ဍပ်တွင်းသို့ကြွရောက်လာပေသည်။ပရိသတ်တွင်းမှ ဒကာ တစ်ယောက်သည် ထိုဘုန်းကြီးအား ခရီးဦးကြိုဆို၍ သံဃာစင်ရှိရာသို့ ပင့် သွားပြီး စောစောကတည်းက မထေရ်ကြီးသီတင်းသုံးရန် စီစဉ်ထားသော ကုလားထိုင်ကြီးပေါ်တွင် သီတင်းသုံးရန် လျှောက်သည်။ ဘုန်းကြီးလည်း ဒကာလျှောက်ထားသောနေရာတွင် ဣန္ဒြေကို တည်ငြိမ်စွာ ကြည်ညိုဖွယ် ဆောင်လျက် နေထိုင်လေသည်။ ဒကာ–ဒကာမများလည်း ဆရာတော်ကြီး ဟု အောက်မေ့လျက် ကန်တော့ကြလေသည်။

ထိုဘုန်းကြီးရောက်ပြီး၍ မကြာမီပင် ဘုန်းကြီးတစ်ပါးကြွရောက် လာပြန်ပါသည်။ ဘုန်းကြီးလည်း သံဃာစင်ရှိရာသို့ တန်းကြွသွားလေ သည်။ ကုလားထိုင်ကြီးအနီးသို့ ရောက်သည့်အခါ အရင် ထိုင်နှင့်နေသော ဘုန်းကြီးသည် ကုလားထိုင်ပေါ်မှ ဆင်းကာ အောက်တွင် ခင်းထားသော နေရာ၌ထိုင်လေသည်။ သို့နှင့် ပင့်ထားသော သံဃာတော်များ စုံစုံလင်လင် ဖြစ်သွားချိန်တွင် ဒကာ–ဒကာမများက စောစောက မထေရ်ကြီးဟု အောက်မေ့သော ဘုန်းကြီးသည် သံဃာစင်ပေါ်တွင် နောက်ဆုံးမှ ဖြစ်နေ လေသည်။

ဒကာ–ဒကာမများလည်း ထိုမြင်ကွင်းကို ကြည့်ပြီး အတွေးမျိုးစုံ နှင့်သာ ပရိတ်တရားကို နာကြသည်။ ပရိတ်ရွတ် အလှူရေစက်ချပြီး၍ သံဃာတော်များပြန်ကြွသည့်အခါ စောစောက ခရီးဦးကြိုပြီး ပင့်ထားသော ဒကာသည်သူ့ဘုန်းကြီးအဖြစ်ကို သိလိုလှသဖြင့် ဘုန်းကြီးထိုင်နေရာသို့ ထ သွားပြီး မေးမြန်းလျှောက်ထားလေသည်။

www.burmeseclassic.com

www.burmeseclassic.com



" အရှင်ဘုရား စောစောကကုလားထိုင်ကြီးပေါ်မှာထိုင်နေတာကို မြင်ရပါတယ်ဘုရား၊ အဲဒီနေရာနဲ့ အရှင်ဘုရားနဲ့လဲ လိုက်ပါတယ်ဘုရား အခုဘယ်လိုကြောင့် ဒီနေရာကို ရောက်ရပါသလဲ ဘုရား "

ဘုန်းကြီးမှာ ရှက်၍ စိတ်တိုလာသဖြင့် " ဝါတဲ့ဗျာ၊ ဝါတဲ့ အသက်ကတော့ သူတို့သားအဖပေါင်းဦးတော့ ငါ့မမီပါဘူး "ဟု ပြန်ပြောသည်။

ထိုအခါ ဒကာက" ဝါတော်က ဘယ်လောက်ရှိပါပြီလဲဘာရား "

ဘုန်းကြီး။ ။ " တစ်လခွဲ ဒကာ "

" သက်တော်ကကော ဘုရား "

" ၆၀ ဒကာ "

" ဒါဖြင့် စာကကော ဘုရား "

" ကကြီးလုံးတင် တသတ်ကိတ် "

အကြောင်းစုံ သိရသောအခါ ဝါသနာရင်းစွဲဖြစ်သော ဒကာသည် ထိုအနားမှာပင်ကဗျာ လက်တန်း စပ်လိုက်သည်မှာ " သက်တော်ကခြောက်ဆယ်၊ ဝါတော်က လခွဲ။ တို့ဘုန်းမော်စာတော်ကိတ်ရယ်မှန်းစိတ်နှင့်လွဲ " ဟူ၍ဖြစ်သတည်း။

# ဘာကောင်းတဲ့ မင်းသားလဲ

ရှေးရှေးအခါက အညာကျေးလက်ဒေသ ရွာတစ်ရွာတွင် ကိုဆောင်း အမည်ရှိသောလူပြန်တော်တစ်ယောက်ရှိသည်။ ကိုဆောင်းသည် ဘုန်းတော်ကြီးဘဝတွင် အနေအထိုင်အသွားအလာများကိုအလွန်ဂရုစိုက်ကာ ထိန်းထိန်းသိမ်းသိမ်း နေလေ့ရှိခဲ့ရာ ရုပ်သေးပွဲ၊ အငြိမ့်ပွဲ၊ ဇာတ်ပွဲများကိုပင် တစ်ခါမျှမကြည့်ဘူးပေ။

သို့သော် ကိုဆောင်းအသက် ၄၅ နှစ် ရဟန်းဝါနှစ်ဆယ်လောက် ရောက်သောအခါ မသန်းကျင်ဆိုသော အမျိုးသမီး တစ်ယောက်အား တပ်မက်သောစိတ် ဖြစ်မိရာမှအစ တစ်နေ့တွင် ထိုမိန်းမနှင့် ကိုဆောင်း အကြောင်းဆက်၍ ပေါင်းဖက်မိကြလေသည်။

ကြင်စဦးဇနီးမောင်နှံတို့၏ထုံးစံအတိုင်းပင်ကိုဆောင်းတို့စုံတွဲသည် တစ်ဦးနှင့်တစ်ဦး မခွဲမခွာဘဲ အမြဲတမ်း လမ်းသလားချင်ကြသည်။ ပျော်ပွဲရွှင်ပွဲများသို့လည်း စုံတွဲခုတ်လိုက်ကြပေသည်။

www.burmeseclassic.com

www.burmeseclassic.com



တစ်ကြိမ်တွင် နာမည်ကျော် မင်းသားတစ်ယောက်၏ ဇာတ်အဖွဲ့ ကိုဆောင်းတို့ရွာသို့ လာရောက်ပြီး ပွဲကလေသည်။ မင်းသား၏ ကောင်းသတင်းမှာ ကိုဆောင်းတို့ရွာရှိ လူတိုင်း ပါးစပ်ဖျားတွင် မရပ်မနား ပြောနေကြလေသည်။သို့ကြောင့် ကိုဆောင်းနှင့် မသန်းကျင်တို့နှစ်ဦးသည် ဇာတ်သဘင်ကြည့်ရှုရန် ပွဲခင်းထဲသို့ ရောက်ရှိခဲ့ကြလေသည်။ ပွဲထွက်၍ အပျိုတော်မှအစ တစ်စတစ်စ ကပြလာခဲ့ရာ မင်းသမီးမင်းသား နှစ်ပါးသွား ပြီးသွားပြီး အပူခန်းသို့ပင် ရောက်ခဲ့လေပြီ ။

ကပြသော ဇာတ်ထုပ်မှာ သူခိုးမောင်ထိလတ်က မယားဖြစ်သူ မပိုးဥအား ရှိန်းဆာယာပိုမောက်၍ကိုယ်ပျောက်စေရန်အတွက် သန္ဓေသားကို ဓားဖြင့်ခွဲထုတ်ကာ ရှားမီးခဲရဲရဲတွင်ကင်၍ စားသောဇာတ်ထုပ်ဖြစ်လေသည်။

မင်းသား ကိုထိလတ်က မင်းသမီး မပိုးဥ၏ သန္ဓေသားကိုခွဲရန် ဓားကြိမ်းကြိမ်းသည်။ မင်းသမီးကလေးက ဤမျှမရက်စက်ပါရန် အကြောင်းအကျိုးနှင့် အမျိုးမျိုးသနားစဖွယ် တောင်းပန်ပြီးငိုလေတော့သည်။

မင်းသား ကိုထိလတ်က သရဲမင်းရဲစီးသကဲ့သို့ ကြမ်းသည်ထက် ကြမ်းလာကာ ရမ်းသထက် ရမ်းလာသည်။ အရက်ကိုတစ်ခွက်မော့လိုက်ရင်း ဓားကို တစ်ချက်ဆောင့်လိုက်ရင်းဖြင့် လူကြမ်းဂုဏ်မြောက်အောင် အနုပညာဖြင့် သရုပ်ဆောင်နေလေတော့သည်။

ထိုအခိုက်တွင် ကိုဆောင်းသည် ဇနီးမသန်းကျင်ကိုပင်နှုတ်မဆက်တော့ဘဲဘာမပြောညာမပြောနှင့် မျက်နှာထားအိုကာ ပွဲခင်းထဲမှ အိမ်သို့ တစ်ယောက်တည်း သုတ်ခြေတင်ခဲ့လေတော့သည်။

မသန်းကျင်ခမျာမှာ ကိုဆောင်းဘာများဖြစ်သွားပါလိမ့်ဟု စိုးရိမ်



တကြီးဖြင့် ကိုဆောင်းနောက်သို့ အပြေး အလွှား လိုက်ခဲ့ရလေသည်။

အိမ်သို့ရောက်သော် မသန်းကျင်က" ကိုဆောင်းရယ် ဘာမပြောညာမပြောနဲ့ ကျုပ်ကိုမှ တော်ကနှုတ်မဆက်ဘဲမျက်နှာအိုပြီး ဘာလို့ပြန်ခဲ့ရတာလဲ သန်းကျင်အပေါ် မကျေနပ်တဲ့ အချက်ရှိရင် ဘွင်းဘွင်းပဲပြောပါ ဒီလိုဆိုတော့ သန်းကျင်မနေတတ်ပါဘူး " ဟုငိုမဲ့မဲ့ကလေးပြောလေသည်။

ကိုဆောင်းက မတုန်မလှုပ် ။

" ပြောပါကိုဆောင်းရဲ့၊ ဟိုပွဲမှာ မင်းသားမင်းသမီး ဆိုကောင်းငိုကောင်းတုန်းရှိသေး ရှင်ဘာလို့ပြန်သွားရတာလဲ ဟင် "

ထိုအခါ ကိုဆောင်းက သက်ပြင်းချ၍ ပြောလိုက်သည်မှာ . . .

" မသန်းကျင် မင်းတို့မင်းသား ကောင်းတယ်ကောင်းတယ်နဲ့ ဘာကောင်းတာလဲကွ၊ မပိုးဥကလေးက အကြိမ်ကြိမ်ငိုပြီး သနားစဖွယ် တောင်းပန်နေတာတောင်မှပဲအရက်တွေမူး၊ သူ့သားကလေးကို သန္ဓေက ထုတ်ပြီး ရှားမီးခဲမှာ ကင်စားတယ်။ ဒါမင်းတို့မင်းသားလူကောင်းလားဟ ဒီမင်းသားလောက် ယုတ်မာဆိုးဝါးတဲ့ကောင် လောကမှာမရှိတော့ဘူး ဒီကရှေ့ငါ့ကို ဘယ်တော့မှ ပွဲကြည့်ဖို့ မခေါ်နဲ့တော့ မသန်းကျင်ရေ့ " ဟု ဒေါသကြီးစွာ အော်ဟစ်ပြောလိုက်လေတော့သည်။

www.burmeseclassic.com

www.burmeseclassic.com



## လိုတရပုတီး

ရှေးရှေးတုန်းက အညာကျေးလက် တောရွာကလေးတစ်ရွာ ထိပ်တွင် ဂုဏ်ရွှေ သိက္ခာနှင့်ပြည့်စုံပြီး တပည့်ကျောင်းသားကလေးများအား ပညာသင်ပေးနေသည့် ဘုန်းတော်ကြီး တစ်ပါးရှိ၏။ ထိုဆရာတော်သည် တပည့်ကျောင်းသားကလေးများအား ပညာများ စိတ်ရှည်လက်ရှည်ဖြင့် သင်ပေးသည်။ တပည့်ကျောင်းသားကလေးများကလည်း ဆရာတော်အား ပြုစုရန်ရှိသော ဝတ်ကြီးဝတ်ငယ်များကို ပြုစုပြီး ပညာသင်ယူနေကြသည်။

ကျောင်းသားအများထဲတွင် ‘ မောင်ကံကောင်း ’ ဆိုသော ကျောင်းသားကလေးသည် အခြားကျောင်းသားများထက် ပညာသင်ရာတွင်လည်း ကြိုးစားသင်ယူသည်။ ဆရာတော်အားပြုစုရန်ရှိသည့် ဝတ်ကြီးဝတ်ငယ်များကိုလည်း အခြားကျောင်းသားများထက် ပို၍ ကျေကျေပွန်ပွန် ပြုစုသည်။ ရပ်ရွာမှ ဒကာဒကာမများ ဆရာ ကော်ထံလာလျှင်လည်း ဆောင်ရွက်ရန်ရှိသည့် ဝတ္တရားများကို မလစ်လပ်ရအောင် ဆောင်ရွက်လေ့ရှိသည်။

သို့ပညာသင်ယူ နေကြ၍ ပညာများ ပြည့်စုံလာကြသည့်အခါ

www.burmeseclassic.com

www.burmeseclassic.com



အချို့အချို့သော ကျောင်းသားများသည် ဆရာတော်ထံခွင့်တောင်းကာ ကျောင်းမှထွက်သွားကြသည်။ သို့ တစတစဖြင့် ပညာပြည့်စုံသူတိုင်း ဆရာတော်ကျောင်းမှ ထွက် ထွက်သွားကြရာ ကျောင်းသားများ မကျန် သလောက် ရှိလေသည်။

တစ်နေ့သော် ဆရာ့ဝတ္တရားများကျေပွန်လှသောမောင်ကံကောင်း လည်း တော်တော်တန်တန် ပညာပြည့်စုံပြီဖြစ်၍ ကျောင်းမှထွက်လိုပြီ ဖြစ်ကြောင်း ဆရာတော်အား ခွင့်တောင်းလျှောက်ထားလေသည်။

ဤတွင် ဆရာဘုန်းကြီးက " ကောင်းပြီ ငါ့တပည့်၊ တပည့်များ ထဲတွင် သင် တပည့်မှာ အလွန်လိမ်မာ၍ ဆရာ့ဝတ္တရားကိုလည်း နားလည်သည်။ ယခုအခါ ငါ့တပည့်၏ အကျိုးပေးချိန် အခါအခွင့်လည်း သင့်နေသည်။ သို့ဖြစ်၍ ဤပုတီးတစ်ကုံးကိုပေးလိုက်မည်။ ခိုက်ရန် ဒေါသဖြစ်လျှင် စိတ်မဆိုးဘဲ ပုတီးကိုကိုင်ပြီး လိုတာ တ လိုက်ရမည်။ ဘေး အန္တရာယ်ကင်းရှင်းပြီး ကောင်းမွန်စွာသွားနိုင်စေ " ဟုဆို၍ ပုတီးပေးပြီး သွားခွင့်ပြုလိုက်သည်။ မောင်ကံကောင်းလည်း ဆရာဘုန်းတော်ကြီးကို ဦးသုံးကြိမ်ချ၍ ပုတီးကိုယူပြီး အိမ်ပြန်လာခဲ့သည်။ အိမ်ပြန်ရောက်၍ မိဘများအား အကျိုးအကြောင်းပြောပြရာ မိဘများလည်း ဝမ်းသာမဆုံး ဖြစ်နေကြသည်။

မောင်ကံကောင်း အိမ်ပြန်ရောက်၍ ရက်အနည်းငယ်ကြာလတ် သော် တောမြိုင်တစ်ခုသို့ ထင်းသွားခုတ်ရန် မိဘများအားခွင့်ပန်လေသည်။ မိဘများကလည်း အရာရာစိတ်ချရသည့် သားဖြစ်သည်ကို သိကြသည့် အတိုင်း စိတ်ချပြီးသွားစေလေသည်။ တားမြစ်မထားပေ။ သို့နှင့်

BURMESE CLASSIC .com



မောင်ကံကောင်းသည် ပုတီးနှင့်ဓားကိုယူကာ တောမြိုင်စပ်သို့ ထင်းခုတ်ရန် ထွက်ခဲ့သည်။

တောမြိုင်စပ်သို့ရောက်သော် ထင်း ရှာရင်း ရှာရင်း သွားလေရာ မောင်ကံကောင်းသည် တဖြည်းဖြည်းနှင့် တောနက်လျှိုမြောင်ကြီးထဲသို့ ရောက်မှန်းမသိ ရောက်သွားသည်။ သို့ ရောက်သွားသည်ဆိုလျှင် ကြောက် မက်ဖွယ်ရာ အစွယ်ငေါငေါနှင့်ဘီလူးကြီးတစ်ကောင် တဟုန်ထိုးပြေးလာပြီး မောင်ကံကောင်းအနီးသို့ ရောက်သောအခါ " ဟယ် အသင်လူသား ပြေးမယ်မကြံလေနှင့်တော့၊ သင် ငါ့အစာဖြစ်ပြီ၊ ငါ့ပိုင်နက်သို့ရောက်နေပေ ပြီ၊ တစ်ခါတည်း ကျွတ်ကျွတ် ဝါးစားလိုက်တော့မယ် " ဟု ကြုံးဝါး ပြောဆိုလေသည်။

ဤတွင် မောင်ကံကောင်းလည်း မရွံ့မကြောက် ရှေ့သို့ ဆက်လက်တိုးသွားပြီး " အသင်ဘီလူး ငါသင့်ကိုမကြောက်လို့ ဒီတော တောင်လျှိုမြောင်ကိုလာခဲ့တယ်။ ငါ့အစွမ်းသတ္တိ ငါ့အစွမ်းအစကို သိလိုရင် သင်နှင့်ငါ တန်ခိုးပြိုင်မယ် " ဟု ဆိုလိုက်သည်။

ဘီလူးသည် မောင်ကံကောင်း ပြောသည်ကို ကြားလေလျှင် ' ဟဲဟဲ – ဟဲဟဲ 'ဟုရယ်ကာ သူ၏သွားများကိုဖြဲပြပြီး " အသင်လူသား က ငါနှင့် တန်ခိုးပြိုင်ချင်တယ်ဆိုရင် ဘယ်သူက အငယ်ဆုံးဖြစ်အောင် လုပ်နိုင်တယ် ဆိုတာကိုပြိုင်ကြမယ်၊ သင်က ငါ့ထက်ကြီးနေရင် သင့်ကိုငါ စားမယ်၊ သင်ကငါ့ထက်ငယ်အောင်လုပ်နိုင်ရင် ငါတို့ ဘီလူးများကိုနိုင်တဲ့ ဂါထာကို သင့်အားပေးမယ်။ အသို့နည်း၊ အသင်လူသား သဘောတူ

www.burmeseclassic.com

www.burmeseclassic.com



သလား ” ဟု ဆိုလေသည်။ ဤတွင် မောင်ကံကောင်းလည်း သဘောတူသည်နှင့် ရှည်ရှည်ဝေးဝေးပြောမနေဘဲ “ ကောင်းပြီ ” ဟုကတိပေးလိုက်သည်။

ဤတွင် ဘီလူးသည် သူကစပြီး သူ့ကိုယ်သူ အတတ်နိုင်ဆုံး ငယ်အောင် ရုပ်ပြောင်းသည်။ အငယ်ဆုံးဆားပွင့်လောက်ဖြစ်သွားသည်။ ဤမျှထက် ငယ်အောင် သူမလုပ်နိုင်တော့ချေ။ သို့နှင့် ဘီလူးက မောင်ကံကောင်းအား “ အသင်လူသား ငါ့ထက် သင်ငယ်အောင်လုပ်ပေတော့ ” ဟု ပြောလိုက်သည်။

BURMESE CLASSIC .com

သို့ပြောသည်နှင့် တပြိုင်နက် မောင်ကံကောင်းသည် သူ့အား ဆရာတော်ဘုန်းကြီးက ပေးလိုက်သော လိုတရ ပုတီးဖြင့် ဘီလူးထက် ငယ်သွားအောင်လုပ်လိုက်သည်။ အငယ်ဆုံးမြူမှုန်သေးသေးကလေးလောက် ဖြစ်သွားငယ်သွားသည်။ ထိုအခါ မောင်ကံကောင်းကဘီလူးအား “ အသင်ဘီးလူး အသင်ပြောထားသည့်ကတိ မပျက်စေနှင့်တော့၊ သင်မြင်ပြီမဟုတ်လား၊ သင်ကငါ့ထက်ကြီးနေတယ်၊ ငါက သင့်ထက်ငယ်နေပြီ၊ ဒါကြောင့် သင့်ကတိကို မဖျက်ဘဲ သင်ဘီလူးမင်းရဲ့ ဘီလူးနိုင်ဂါထာကို ငါ့အား ပေးပေတော့ ” ဟု ပြောလေသည်။

ကြီးဝါးခဲ့သော ဘီလူးလည်း မည်သို့မျှမတတ်နိုင်တော့သည်နှင့် အရှုံးပေးကာ ဘီလူးနိုင်ဂါထာကို မောင်ကံကောင်းအား ပေးလိုက်ရလေသည်။ မောင်ကံကောင်းလည်း ဂါထာကိုယူ၊ ထင်းများခုတ်ပြီး အိမ်သို့ပြန်လာခဲ့သည်။



အခါတစ်ပါးတွင် ထိုတိုင်းပြည်ရှိ ကျေးရွာများတွင် ဘီလူးများ နှိပ်စက်ခြင်းကိုခံနေကြရသည်။ ထိုရွာများမှ လူများ ဟိုပြေး သည်လွှားဖြင့် ဒုက္ခများနေကြရသည်။ ဤသတင်းသည် မကြာမီပင် တိုင်းပြည်၏ ဘုရင်နား ပေါက်ကြားသွားလေတော့သည်။

ထိုအခါ ဘုရင်ကြီးသည် ထိုလူများ ဘီလူးဘေးရန် အန္တရာယ်မှ လွတ်မြောက်အောင် ဆောင်ရွက်မှုဖြစ်တော့မည်ဟု ဆိုကာ မှူးမတ်များအား “ တိုင်းပြည်အတွင်း သောင်းကျန်းနှိပ်စက်နေသော ဘီလူးများကို နှိမ်နင်းပေးနိုင်သူဖြစ်က အိမ်ရှေ့အရာ ပေးသနားတော်မူမယ်၊ သမီးတော်နဲ့လဲ လက်ထပ် ထိမ်းမြားပေးမယ် ”ဟု မောင်းလည်ခတ်စေလေသည်။

မှူးမတ်များလည်း ဘုရင့်အမိန့်အတိုင်း ရွာစဉ်လျှောက်ပြီး မောင်းခတ်ကြရာ မောင်ကံကောင်းတို့ရွာသို့ရောက်သွားလေသည်။ ဤတွင် မောင်ကံကောင်းသည် ထိုသောင်းကျန်း နှိပ်စက်နေသော ဘီလူးများကို သူနှိမ်နင်းနိုင်ကြောင်း၊ ဘုရင်မင်းကြီး၏ ခွင့်ပြုချက်ရမည်ဆိုက သူနှိမ်နင်းမည်ဖြစ်ကြောင်း မှူးမတ်များအား ပြောကြားလေသည်။ သို့နှင့်မှူးမတ်များလည်း မောင်ကံကောင်းကို ဘုရင့်ရှေ့တော်မှောက် ခေါ်ဆောင်သွား ကြပြီး အကျိုးအကြောင်းကို သံတော်ဦးတင်ကြလေသည်။

ဘုရင်လည်း မောင်ကံကောင်း၏ ရုပ်လက္ခဏာကိုကြည့်ပြီး မောင်းခတ် ကြေညာသည့်အတိုင်းပင် ကတိတည်စေမည်ဖြစ်ကြောင်း၊ မောင်ကံကောင်း လိုသည်များရှိက တောင်းစေလိုကြောင်း မိန့်ဆိုပြောကြားလေသည်။

ဤတွင် မောင်ကံကောင်းသည် သက်သေအဖြစ် ရှိ[illegible]

www.burmeseclassic.com

www.burmeseclassic.com



ဘုရင့်ထံမှ လူကိုးယောက်တောင်းသည်။ ဘုရင်လည်း တောင်းသည့်အတိုင်း လူကိုးယောက်ပေးလိုက်သည်။ သို့နှင့် မောင်ကံကောင်းသည် လူကိုးယောက်ကိုခေါ်ကာ ဘီလူးများ သောင်းကျန်းနှိပ်စက်နေသည့် အရပ်သို့သွားကြလေသည်။ မောင်ကံကောင်းတို့ ရောက်ကြသည်ဆိုလျှင် ဘီလူးများသည် မောင်ကံကောင်းတို့ကိုစားရန် လာကြလေသည်။ ဤတွင် မောင်ကံကောင်းသည် သူရရှိထားသော ဘီလူးနိုင်ဂါထာကို ရွတ်လိုက်လေသည်။ ဘီလူးများလည်း သို့ရွတ်လိုက်သည်နှင့် တစ်ပြိုင်နက် မနေနိုင်ကြတော့ဘဲပြေးကြလေတော့သည်။ နောက်ကပါလာသည့် လူကိုးယောက်တို့လည်း ဘီလူးများပြေးကြသည်ကို သူတို့အသိအမြင်ဖြစ်ကြ၍ များစွာအံ့သြပြီး ဝမ်းမြောက်ကြသည်။ မောင်ကံကောင်းကိုလည်း ဝိုင်းဝန်းချီးကျူးကြသည်။

ထို့နောက် ဘီလူးများအရိပ်အရောင်မျှ မရှိကြောသည်ကိုသိသဖြင့် ဘုရင်မင်းမြတ်ထံသို့ ပြန်ပြီး " မှန်လှပါ အရှင်မင်းကြီး ဘီလူးများကို သုတ်သင်ရှင်းလင်း နှိမ်နင်းခဲ့ပြီးပါပြီ၊ အခုအခါ ရွာအများမှ လူများ ဘီလူးဘေးရန်မှ ကင်းဝေးချမ်းသာသွားကြပါပြီ၊ နောက်ကလိုက်ပါလာကြတဲ့ လူကိုးယောက်ကို မေးမြန်းစူးစမ်းတော်မူပါ "ဟု လျှောက်တင်လေသည်။

ဘုရင်ကြီးသည် စိတ်ချလက်ချ မယုံကြည်သေးသည်နှင့် ထည့်လိုက်သော လူကိုးယောက်အား ဘီလူးများဘေးရန်မှ လူအများ လွတ်ကင်းကြသည်ဆိုသည်မှာ အကယ်ဟုတ်မဟုတ် မေးလေသည်။ထိုလူကိုးယောက်ကလည်း အကယ်ပင် မျက်မြင်ဒိဋ္ဌဖြစ်ကြောင်း၊ ယခုထိုရွာအများမှ လူများ



ဘီလူးများဘေးအန္တရာယ်မှ မောင်ကံကောင်း၏အစွမ်းကြောင့် ကင်းဝေးလွတ်မြောက်ကြပြီဖြစ်ကြောင်း သံတော်ဦး တင်ကြလေသည်။

သို့ရာတွင် ဤမျှလွယ်လွယ်ကူကူဖြင့် ဘီလူးများ နှိမ်နင်းသုတ်သင်နိုင်သည်ဆိုသည်ကို ဘုရင်ကြီးမယုံကြည်ပေ။ လိမ်လည်လှည့်စားလျှောက်တင် ရမည်လားဟုဆိုကာ ဒေါသထွက်ပြီး နောက်ထပ်မည်သို့မျှ စူးစမ်းမေးမြန်းခြင်း မပြုတော့ဘဲမောင်ကံကောင်းနှင့်အတူ ထည့်လိုက်သည့် လူကိုးယောက်ကို ထောင်သွင်း အကျဉ်းထားစေ ၊ မောင်ကံကောင်းကိုမူ သတ်စေဟု အမိန့်ချမှတ်လိုက်လေသည်။

မောင်ကံကောင်းသည် ဤသို့ အမိန့်မချမှတ်ရန် ဘုရင်မင်းကြီးအား ပြန်လည်အသနားခံသည်။ ဘုရင်ကြီးသည် သို့အသနားခံသော်လည်း ချမှတ်ပြီးသော အမိန့်ကို မရုပ်သိမ်းပေ။ သို့နှင့်မောင်ကံကောင်းသည် ဘုရင်ကြီးအား လိုတရပုတီးဖြင့် ရိုက်လိုက်လေသည်။ ဘုရင်ကြီးလည်း ထိုနေရာပင် ကျောက်ရုပ်ဖြစ်သွားလေတော့သည်။

ထိုအခါ မင်းသမီးနှင့် မှူးမတ်များသည် ပျာပျာသလဲဖြစ်ကုန်ကြပြီး ဘုရင်ကြီးကို အသက်ပြန်ရှင်အောင် လုပ်ပေးဖို့ မောင်ကံကောင်းအား ဝိုင်း၍တောင်းပန်ကြသည်။ မောင်ကံကောင်းသည် မင်းသမီးနှင့်မှူးမတ်များတောင်းပန်သည်ကို လက်မခံ။ အကြိမ်ကြိမ်တောင်းပန်သောအခါမှ ဘုရင်ကြီး၏လည်ပင်းကို လိုတရပုတီးဖြင့် ရစ်လိုက်လေသည်။ ဤတွင် ဘုရင်ကြီးလည်း အသက်ဝင်လာပြီး ပကတိအတိုင်း ပြန်ဖြစ်လာလေသည်။

ထို့နောက် " မှန်လှပါ ဘုရင်မင်းမြတ်၊ အရှင်မင်းမြတ် မယုံပါလျှင် မှူးမတ်များပါခေါ်ပြီး ဘုရင်မင်းမြတ်ကိုယ်တိုင် ထိုဘီလူးများ

www.burmeseclassic.com

www.burmeseclassic.com



သောင်းကျန်းခဲ့သည့် ရွာများသို့ သွားရောက်လှည့်လည်ကြည့်ရှုတော်မူပါ ထိုအခါအဖြစ်မှန်သိရှိတော်မူပါလိမ့်မည် "ဟုတဆက်တည်းမောင်ကံကောင်းက လျှောက်တင်လိုက်သည်။

ဘုရင်ကြီးသည် ဤတွင်မှ မှူးမတ်များနှင့်အတူ ထိုဘီလူးများ နှိပ်စက်နေသည့် အရပ်ဒေသများသို့ သွားရောက် လှည့်လည်စူးစမ်း ကြည့်ရှုလေသည်။ ဘီလူးများအရိပ်အရောင်မျှ မတွေ့ရတော့ဘဲအကယ်ပင် ဘီလူးများဘေးရန်မှ လွတ်မြောက်ကင်းရှင်းနေသည်ကို တွေ့ရပြီး ထိုရပ်ရွာဒေသများမှ လူအများက ခရီးဦးကြိုကြကာ ဤဘီလူးများဘေးရန်မှ လွတ်မြောက်ကင်းရှင်းကြပြီဖြစ်ကြောင်း၊ယခုအခါ အေးချမ်းသာယာစွာပင်နေထိုင်ကြရပြီဖြစ်ကြောင်း လျှောက်တင်သောအခါမှ ယုံကြည်ပြီး နန်းတော်သို့ ပြန်လာလေသည်။

နန်းတော်သို့ရောက်လျှင် မင်္ဂလာသဘင် ကြီးကျယ်ခမ်းနားစွာ ဆင်ယင်ကျင်းပ၍ မောင်ကံကောင်းအား သမီးတော်နှင့်လက်ထပ်ထိမ်းမြား ပေးလိုက်ပြီး တိုင်းပြည်ပါ အပ်နှင်းလိုက်လေသည်။ ဘုရင်ကြီးကိုယ်တိုင်ကမူပြည်တော်နှင့်ဝေးဝေး တောထွက်ကာ ဥပုသ် ဆောက်တည်နေတော့သည်။ မောင်ကံကောင်းသည် ဘုရင်ကြီး တောင်သွင်းအကျဉ်းချထားခဲ့သောလူကိုးယောက်ကို အကျဉ်းမှလွှတ်ကာ တိုင်းပြည်ကိုတရားနှင့်အညီ အုပ်ချုပ်မင်းလုပ်နေတော့သည်။

## လူပျိုကြီး နှင့်သီလရှင်

ပြီးခဲ့သော အခါတစ်ပါးက ရွာတစ်ရွာအနီးတွင် ဘုန်းတော်ကြီးကျောင်း တစ်ကျောင်းတွင် အသက် ၅၀ ကျော်ခန့်ရှိ သီလရှင်ကြီး တစ်ဦးနှင့် အသက် ၂၀ နီးပါးရှိ သီလရှင်ခပ်ငယ်ငယ် တစ်ဦးရှိ၏။ သူတို့သည် အဖိတ်နေ့တိုင်း ဟိုရွာ သည်ရွာများသို့ လှည့်လည်ကာ ဆန်အလှူခံထွက်လေ့ရှိကြသည်။

တစ်နေ့သော အဖိတ်နေ့တွင် ရွာတစ်ရွာသို့ရောက်၍ ဆန်အလှူခံကြရာ လူပျိုကြီး တစ်ဦးရှိသော အိမ်တစ်အိမ်ရှေ့သို့ ရောက်လာကြပြီး " ဒါနဆန် မေတ္တာရပ်ပါတယ်ရှင် " ဟု သံပြိုင်ဆို၍ ဆန်အလှူခံကြသည်။

www.burmeseclassic.com

www.burmeseclassic.com



လူပျိုကြီးသည်လည်း သီလရှင်ကြီးငယ် နှစ်ဦးစလုံးအား ဆန်လှူရန် ယက်ဖက်ရည်ပန်းကန် နှစ်လုံးဖြင့် ဆန်အပြည့် ထည့်ယူပြီး အိမ်ပေါ်မှ ဆင်းလာသည်။

အနားရောက်သော် သီလရှင် နှစ်ဦးစလုံးက " သာဓု သာဓု သာဓု၊ အသက်ရှည်ခြင်း၊ အဆင်းလှခြင်း၊ ခွန်အားကြီးခြင်း၊ ဉာဏ်ပညာကြီးခြင်း၊ ဘုန်းတန်ခိုးအာနုဘော်ကြီးခြင်း " စသည်ဖြင့် ကောင်းသောဆုများကို သံပြိုင်ညီတူဆို၍ ပေးကြ၏။

လူပျိုကြီးသည် မိမိအားဆန်လှူရခြင်းကြောင့် ဆုပေးနေကြသော သီလရှင်ကြီးနှင့် သီလရှင်ငယ်ကို သေသေချာချာကြည့်ပြီးလျှင် သီလရှင်ကြီး၏ ဖျင်ထဲသို့ ဆန်ကို မထည့်လှူဘဲ သီလရှင်ငယ်၏ ဖျင်ထဲသို့ ဆန်ပန်းကန်နှစ်လုံးစလုံးကို လောင်းလိုက်လေသည်။

ထိုအခါ သီလရှင်ငယ်၏ မျက်နှာမှာ ရွှင်လန်းသွားသော်လည်း သီလရှင်ကြီး၏ မျက်နှာမှာမူ အကြီးအကျယ် ရှာချတော့မည့် အနောက်တောင်ထောင့်က တက်လာသည့်မိုးကဲ့သို့ မည်းညိုလျက် မဲ့ကာရွဲ့ကာဖြင့် " သေနာကောင်က ငါ့ဖန်းထဲတော့ မထဲ့ဘူး "ဟု ဆိုလိုက်လေတော့သတည်း။

# မေ့တတ်သော ဖိုးသူတော်

ရှေးရှေးသောအခါက အလွန်သတိမေ့တတ်သော ဖိုးသူတော်ကြီး တစ်ယောက်ရှိ၏။ သူသည်တစ်ခါတရံ မိမိနာမည်ပင် မမှတ်မိဘဲရှိအောင် သတိမေ့တတ်လေသည်။

တစ်ခါက ထိုဖိုးသူတော်ကြီး အိမ်သာတက်သည်။ အေး တေးတေးနှင့် နေလှပါကလား၊ဘာကြောင့်များပါလိမ့်ဟု ဖိုးသူတော်ကြီးလည်း အိမ်သာတက်နေရင်း စဉ်းစားကြည့်သည်။ အကြောင်းရင်းကိုမူသတိမရပေ။ အိမ်သာမှဆင်းလာမှပင်အိမ်သာတံခါးကိုမပိတ်မိသဖြင့် လေတိုက်နေကြောင်း သူသတိရလေတော့သည်။

တစ်နေ့တွင် အတူနေကပ္ပိယကြီးကဖိုးသူတော်ကြီးအား" ရန်သူမျိုးငါးပါးဆိုတာဘာတွေများလဲ ရေတွက်ပြစမ်းပါ " ဟုမေးလေသည်။ ထိုအခါ ဖိုးသူတော်ကြီးက " ရန်သူမျိုးငါးပါးမှာ ရေ ၊ မီး ၊ မင်း ၊ ခိုးသူ အင်း နေစမ်းပါအုံး တစ်ခုကိုမေ့တော့တော့ဖြစ်နေတယ်၊ ပြန်ပြီးရေတွက်စမ်းပါ ရေ ၊ မီး ၊ မင်း ၊ ခိုးသူ ပြီးတော့ .... "

ဖိုးသူတော်ကြီးသည် ရေ ၊ မီး ၊ မင်း ၊ ခိုးသူကိုပင်ထပ်ကာ ထပ်ကာရေတွက်ရွတ်ဆိုနေလေသည်။ နောက်ဆုံးတစ်မျိုးကို သတိမရဘဲ ဖြစ်နေသည်။မသိတော့ကြောင်းကိုလည်းဝန်ခံရမှာရှက်နေသည်။ ထို့ကြောင့် ဖိုးသူတော်ကြီးက ရန်သူမျိုးငါးပါးပြည့်စေရန် ....

" ကပ္ပိယကြီးရဲ့ချေးရူးလဲတော်တော်ဆိုးသနော်၊ သူကိုက်ရင်သေတာများတာပဲ၊ ဒါကြောင့် ရန်သူမျိုးငါးပါးထဲမှာ ချေးရူးလဲပါသကွဲ့. "ဟု အဖြေပေးလိုက်လေသည်။

ကပ္ပိယကြီးနှင့်ဖိုးသူတော်ကြီးနေသော ယိုချောင်းသို့ အညာမှ ဓားသည်တစ်ယောက်ရောက်လာပြီး တစ်ရက်နှစ်ရက်ခန့် တည်းခိုရပ်နေရန်

www.burmeseclassic.com

www.burmeseclassic.com



မေတ္တာရပ်ခံသည်။ ထိုညေ့သည်တွင်အညာမှယူလာသောသခွတ်ပွင့်ခြောက် အထုပ်ကြီးတစ်ထုပ် ပါလာသည်။ ဧည့်သည်က ထိုသခွတ်ပွင့်ခြောက်များ ကို ဖိုးသူတော်၏ ကျောင်းတွင်ရှိသော ပုဇွန်ခြောက်၊ငါးပိ၊ဆီ၊ဆားများနှင့် ဖွယ်ဖွယ်ရာရာချက်ကာ ကပ္ပိယနှင့်ဖိုးသူတော်အား ကျွေးလေသည်။

ဖိုးသူတော်ကြီးက“ ဟော့ ... အညာကမောင်ဧည့်ရဲ့မင့်ဟင်းက ကောင်းလှပါလား၊ဘာအပွင့်ခြောက်တွေများလဲကွ”ဟုဟင်းဖတ်ကလေးများ ကိုသေချာစွာကြည့်ပြီး မေးလိုက်လေသည်။

“ ဒီအပွင့်မျိုးတော့ ဦးသူတော်ကျောင်းနားမှာ ပေါလွန်းလွန်းလို့ ကပ္ပိယကြီးကိုအခူးခိုင်းပြီး ဒီလိုကောင်းအောင်ချက်စားကြပေါ့ဘုရာ့ ” ဟုပြောကာ ဧည့်သည်သည် ခရီးဆက်လက်ထွက်ခွာ သွားလေတော့သည်။ ဖိုးသူတော်ကြီးက ကပ္ပိယကြီးအား သခွတ်ပွင့်ရှာရန် ကျောင်းအနီး ပတ်ဝန်းကျင်သို့ စေခိုင်းလိုက်လေသည်။

ကပ္ပိယကြီးမှာ ကျောင်းအနီးရှိ ပဒိုင်းပွင့်များကို သခွတ်ပွင့် ထင်မှတ်ကာ ခူးယူခဲ့ပြီး ဟင်းချက်စားကြရာ ဖိုးသူတော်ရော ကပ္ပိယပါ အစတွင် မူးဝေမူးဝေဖြစ်လာပြီးနောက် တဖြည်းဖြည်းနှင့် ဟားတိုက်ကာ ရယ်လာကြလေသည်။ ကပ္ပိယကြီးက အပျော်လွန်လာကာ ...

“ အပွင့်ရဲ့ဖြူ၊ နာမည်မှုသခွတ်ပန်းရယ်လို့၊ ခေါ်ရက်လေဘြား သီးအရွက်လိုပ၊ ဟင်းချက်ရင်တကယ်စိမ့်တယ် ... ( ဦးသူတော်ရယ် ) မူးလိုက်လေဗျား ” ဟုဆိုလိုက် ငိုလိုက် ကလိုက် ခုန်လိုက် ဖြစ်နေ သလောက် ဖိုးသူတော်ကြီးကလည်း ပါးစပ်ဆိုင်းဖြင့် လက်ခုပ်လက်ခါ ကြီးပေးနေလေသည်။



ယိုသို့ဖြစ်ပျက်သည်ကို ရွာသားများက ကြားသိကြသဖြင့် ကန်စွန်းရွက်ကိုကျိုပြီး အဆိပ်ပြေဆေးများနှင့် တိုက်ကျွေး ကုသကြသော ကြောင့် သတိကောင်းစွာရကြလေတော့သည်။

သတိပြန်လည်ရလာသောအခါ ဖိုးသူတော်ကြီးက “ ဒီအညာ ကကောင်တော့ကွာ၊ နောက်များ တွေ့သာတွေ့ပါစေ သေအောင်ရိုက်သတ် မယ် ” ဟုအထပ်ထပ်အခါခါ ကြိမ်းဝါးနေလေတော့သည်။

တစ်လခန့်ကြာသော် ထိုဧည့်သည်က ကပ္ပိယနှင့် ဖိုးသူတော်ထံ ပြန်ရောက်လာပြန်သည်။ သခွတ်ပွင့်ခြောက် ဟင်းအကြောင်းကို စကား စပ်ပြီးမေးမြန်းပြန်ရာ ဖိုးသူတော်က “ အေး မင်းပြောထားခဲ့တဲ့ သခွတ်ပွင့် ခြောက်ကို တို့ချက်စားပါတယ်ကွာ၊ တို့ချက်စားတဲ့ဟင်းက မင့်ဟင်းထက် ဆိမ့်တဲ့အပြင် ကရခုန်ရတာက ပိုပါသေးတယ် ” ဟု အကျေနပ်ကြီး ကျေနပ်ကာ ပြုံးပြုံးကြီး ပြောနေလေတော့သည်။

ဖိုးသူတော်သည် ဧည့်သည်ကိုရိုက်ရန်သတိမရတော့။မေ့နေချေပြီ။

ထိုအခါ ကပ္ပိယကြီးက “ ဦးသူတော် ဒီမှာ ကြိမ်လုံးလေ ကြိမ်လုံး ” ဟုပြောကာ ဖိုးသူတော်အား ကြိမ်လုံးကြီးကိုပေးပြီး ဧည့်သည် ကိုရိုက်ရန် မျက်စပစ်ပြသည်တွင် အကင်းပါးလှသော ဧည့်သည်မှာ သုတ်ခြေတင်ပါလေတော့သတည်း။

www.burmeseclassic.com

www.burmeseclassic.com



## စကားမနိုင်ပန်းကန်ကိုင်ပေါက်

ရှေးအခါက ရွာတစ်ရွာတွင် အသက်၆၀ နီးပါးရှိ ဦးဖိုးမြနှင့် အသက် ၃၀ ခန့်ရှိ မောင်မောင်ခဟူသော ဆရာတပည့် နှစ်ဦးရှိ၏။ ထိုဆရာတပည့်သည် ရပ်ရွာမှာ ပေါ်ပေါက်သမျှ ကိစ္စကြီးငယ်များနှင့် ကြီးပွားတိုးတက်ရေးကိစ္စတို့၌ ဦးဆောင်နိုင်ကြ၍ ရပ်သူရွာသားများအပေါ် အလွန်သြဇာညောင်းကြလေသည်။

ဦးဖိုးမြသည် ငယ်စဉ်ကစ၍ ထိုရွာရှိဘုန်းတော်ကြီးကျောင်းတွင် ကျောင်းသားဘဝ၊ ကိုရင်ဘဝ၊ ရဟန်းဘဝ များဖြင့်နေလာ၍ ကျောင်းထိုင်ဘုန်းကြီး ဖြစ်ခဲ့ရာမှ လူဝတ်လဲကာ ၎င်းဇာတိရွာမှာပင် နေသူဖြစ်သည်။ တစ်ရွာသားလုံးမှာလည်းတပည့်များသာဖြစ်သည့်အတိုင်း ရိုသေလေးစားကာ သူ့စကားကို မြေဝယ်မကျ နားထောင်ကြလေသည်။

မောင်မောင်ခသည် ဦးဖိုးမြ ကျောင်းထိုင်ဘုန်းကြီး ဖြစ်စဉ်က သူ့ထံတွင် ကျောင်းသားဘဝဖြင့် ပညာသင်ပြီးနောက် ကိုရင်၊ ရဟန်းဝတ်

www.burmeseclassic.com

www.burmeseclassic.com



များဖြင့် ရန်ကုန်၊ မန္တလေး စသည့် အထက် – အောက် မြို့ကြီးများမှာ ပညာသင်ခဲ့ပြီး လူဝတ်လဲကာ ဇာတိရပ်ရွာမှာ ပြန်နေခဲ့သူပင်ဖြစ်သည်။ သူသည် လောကီလောကုတ္တရာ ဗဟုသုတအဖြာဖြာတွင် တော်ရုံသာမက ပကတိ ကြည်လင်သော စိတ်ထားဖြင့် ရပ်ရေးရွာရေးတို့၌ ဝေဖန်ပြောကြား ဆောင်ရွက်တတ်၍ တစ်ရွာလုံးက ခင်မင်ယုံကြည်ခြင်းခံရသူဖြစ်လေသည်။

ဦးဖိုးမြနှင့် မောင်မောင်ခတို့၏ ဦးဆောင်မှုကြောင့်လည်း ရပ်သူရွာသားများမှာ စည်းလုံးညီညွတ်၍ ချမ်းသာပျော်ရွှင်စွာနေကြရသည်။ တစ်နေ့သော ဥပုသ်နေ့တွင် ဘုန်းတော်ကြီးကျောင်းသို့ တစ်ရွာလုံး လာရောက်သီလယူကြပြီး ဘုန်းတော်ကြီးဟောသော တရားကိုနာကြသည်။

ပြီးသော် ကျောင်းအောက်ထပ်တွင် ကိုယ့်အစုနှင့်ကိုယ် လက်ဖက် ရည်ဝိုင်းဖြင့် ပျော်ရွှင်စွာစကားပြောနေကြရာ ဦးဖိုးမြ၊ မောင်မောင်ခနှင့် လူကြီးလူငယ်အချို့ကလည်း ခေါင်းရင်းဘက်တွင် စပ်မိစပ်ရာများ ဆွေးနွေး ပြောကြားနေကြသည်။ဦးဖိုးမြမှာကမ္ဘဋ္ဌာန်းဆရာတစ်ဦး ဖြစ်သည့်အလျောက် " ဒါန၊ သီလ၊ ဘာဝနာ သုံးပါးထဲက ဒါနလုပ်သူတွေဟာ သံသရာ ရှည်တာပဲ၊ ဒါနကိုလုပ်ကြတော့ ' ဒါနတောဘောဂဝါ ' ဆိုတဲ့ဘုရား ဟောအတိုင်း ပစ္စည်းဥစ္စာတွေ ပေါများလာတော့ ဒီပစ္စည်းဥစ္စာတွေကို တပ်မက်လာတတ်တယ်၊ ဒါ့ကြောင် ဒါနကို များများမလုပ်သင့်ဘူး၊ ဘာဝနာကိုသာ ကြိုးစားအားထုတ်သင့်တယ်၊ သမထဝိပဿနာဆိုတဲ့ ဘာဝနာကမှ နိဗ္ဗာန်ကိုရောက်စေနိုင်တယ် " ဟု သူ့အမြင်အတိုင်း ဝေဖန် ပြောပြ၏။



ခေတ်လူ မောင်မောင်ခက " ဒါနမလုပ်ရဘူးလို့ ဆရာကြီး ပြောတာဟာ မှားတယ်ထင်တယ်ဗျာ၊ ဒါနဆိုတာ သံဃာတော်တွေကို ပစ္စည်းလေးပါးလှူဒါန်းတာ၊မိဘနှင့်သားသမီး ဇနီးမောင်နှံ ဆွေမျိုးသားချင်း သူငယ်ချင်းမိတ်သင်္ဂဟ ဘယ်ပုဂ္ဂိုလ် ဘယ်သတ္တဝါမဆို အချင်းချင်း ပေးကမ်းကြတာ ဒါနချည်းပဲ။ နောက်ဆုံးဆရာကြီးက ကျွန်တော်တို့ တစ်ရွာလုံးအပေါ်မှာ လိမ်မာ ယဉ်ကျေးအောင် ဆုံးမ ဩဝါဒ ပေးတာ ဟာလဲ " သဗ္ဗဒါနံ ဓမ္မဒါနံ ဇိနာတိ "ဆိုတဲ့ ဘုရားဟောအတိုင်း ဒါနသာ ဖြစ်ပါတယ် ။ ဒါ့ကြောင့် ကျွန်တော်တို့တစ်ရွာသားလုံးသာမက ဒီကမ္ဘာ လောကကြီး ကောင်းကောင်းမွန်မွန် တည်နေရတာဟာ ဒါနပေးကမ်းမှု အစွမ်းကြောင့်သာ ဖြစ်ပါတယ်။ ပစ္စည်းရှိတာနဲ့ တပ်မက်မှုအားကြီးတယ် ဆိုတာလည်း တစ်ဘက်သတ်အယူအဆသာ ဖြစ်ပါတယ်။ ပစ္စည်းရှိရှိ မရှိရှိ တပ်မက်ချင်တဲ့သူဟာ တပ်မက်တာပါပဲ။ ဒါနဆိုတာလည်း ကုသိုလ်သာ ဖြစ်လို့ နိဗ္ဗာန်ရောက်နိုင်တဲ့ အကျိုးကိုပေးသောအကြောင်းဖြစ်တော့ မပယ် သင့်ပါဘူး ပယ်ရမယ်လို့လဲဘယ်ဘုရားရှင်ကမှ မဟောပါဘူး " ဟု ခပ်ရှင်းရှင်းပင် ဝေဖန်ပြောပြ၏။

ဦးဖိုးမြက " မင်းဘာနားလည်လို့လဲ၊ မင်းဟာရန်ကုန်၊ မန္တလေး မှာနေလာရလို့ မျက်စိအမြင် နားအကြားများပြီး လေလွင့်နေတဲ့အကောင်ပါ ငါ့နောက်မှထမင်းစားပြီး ငါသင်ပေးလို့ ပညာကလေး မတောက်တခေါက် တတ်လာတာမဟုတ်လား၊ ဘာပြောချင်သေးသလဲ" ဟု ခပ်ငေါက်ငေါက် ပြောရာ ကျောင်းအောက်ထပ်ရှိ ယောကျ်ား ၊ မိန်းမကြီးငယ်အားလုံးသည် ဦးဖိုးမြတို့ လက်ဖက်ရည်ဝိုင်းဘက်သို့ မျက်စိရောက်လာကြတော့သည်။

www.burmeseclassic.com

www.burmeseclassic.com



မောင်မောင်ခကလည်း ကိုယ့်အမြင်အရတင်ပြရန် ပါးစပ်ပြင်လိုက်ပြီး " ကိုယ့်အပေါ်မှာ ကျေးဇူးရှိလို့ ဟုတ်ဟုတ်မဟုတ်ဟုတ် နာခံရမယ်ဆိုတာ မှားယွင်းတဲ့အယူအဆသာဖြစ်ပါတယ်၊ တောတောင်ကြားမှာသာမက ရန်ကုန်၊ မန္တလေးမှာနေရလို့ အကြားအမြင်များပြီး လေလွင့်တယ်ဆိုတာလည်းတစ်ဘက်သတ်စကားသာဖြစ်ပါတယ်။ ကျွန်တော်တို့ဟာ ဗုဒ္ဓဘာသာဖြစ်တဲ့အတိုင်း ကျွန်တော်တို့ရဲ့ ဗုဒ္ဓဘုရားရှင် ကိုယ်တော်တိုင်လည်း ပါရမီဆယ်ပါးတွင် ဒါနပါရမီကို စဖြည့်ခဲ့တာပဲမဟုတ်လား၊ ဆုံးမဩဝါဒဆိုတာလိုက်နာသင့်မှလိုက်နာရပါတယ်။မလိုက်နာသင့်လို့ မလိုက်နာတဲ့အတွက်အတွတ်အထိပ်ရောက်ခဲ့ရတဲ့ သာဓကတွေ ရှိပါတယ်။ အဲဒီတော့စိတ်မရှိပါနဲ့ ဆရာကြီးခင်ဗျားပြောနိုင်ခွင့် ရှိတော့ပြောသင့်တယ်လို့ယူဆမိလို့ ဆရာကြီးကို ပြန်ပြောမိတာပါ " ဟု ခပ်ပြုံးပြုံးပင်ပြန်ပြောလေ၏။

မောင်မောင်ခသည် နောက်မဆုတ်တဲ့ ကိုယ့်အမြင်အရတင်ပြသကဲ့သို့စကားကိုနိုင်အောင် မပြောနိုင်တော့သောဦးဖိုးမြကလည်း နောက်မဆုတ်ဘဲကိုယ့်ဝါသနာအရဒေါသထွက်လာပြီးမျက်နှာကြီးနီရဲကာ" တောက်ငါဥပုသ်ကြီးနဲ့ ဖြစ်နေလို့သာပေါ့ ၊ ငါမွေးတဲ့မျောက်က ငါ့ပြန်ခြောက်ဆိုတာ မင်းလိုအကောင်ပဲ " ဟု ကြိမ်းဝါးလျက် လက်ဖက်ရည်ပန်းကန်များကို တခွမ်းခွမ်းနှင့်ကိုင်ပေါက်လေတော့သတည်း ။

# ဒုက္ခမသိသော မျောက်ကြီး

တစ်ခါက တောအုပ်ကြီး တစ်အုပ်အတွင်းတွင် မျောက်အုပ်ကြီးတစ်အုပ်ရှိ၏။ ထိုမျောက်အုပ်ကြီးထဲတွင် အလွန်ကြီးသော မျောက်ကြီးတစ်ကောင်ရှိလေသည်။ ထိုမျောက်သည် မျောက်အုပ်ထဲ၌ အကြီးဆုံးမျောက်ကြီးဖြစ်၍ သူဖြစ်ချင်တာဖြစ်၊ သူလိုချင်တာရနှင့် စိတ်တိုင်းကျစည်းစိမ်ချမ်းသာကို ခံစားနေလေသည်။

တစ်နေ့တွင် လင်ယောကျ်ားသေဆုံးသဖြင့် ငိုယိုနေသောမျောက်မတစ်ကောင်ကိုတွေ့ရာ မျောက်ကြီးက " ဘာလို့ငိုနေတာလဲ " ဟု မေးသည်။

" ကျွန်မ ဒုက္ခတွေ့နေလို့ပါ " ဟုမျောက်မလေးကပြန်ဖြေလိုက်သည်။ မျောက်ကြီးသည် ဒုက္ခဆိုသော စကားကို ကြားသာကြားလိုက်ရသည်၊ ဘာဆိုသည်ကိုကား နားမလည်။ ဤစကားကို ဤအကြိမ်ပထမဆုံး ကြားလိုက်ရခြင်းလည်း ဖြစ်သည်။ သို့နှင့် ဒုက္ခ၏ အဓိပ္ပါယ်ကို အမျိုးမျိုးစဉ်းစားကြည့်သည်။ သို့သော်ပေါ်မလာ ' ဒုက္ခဆိုဟာ ခြေလေးချောင်းနဲ့လား၊ နှစ်ချောင်းနဲ့လား၊ ဒါမှမဟုတ် မြွေများလိုခြေမရှိတဲ့သတ္တဝါမျိုးပဲလား၊ ဒါမှမဟုတ် သက်မဲ့ပစ္စည်းများလား ' စသည်ဖြင့်အမျိုးမျိုး တွေးကြည့်သည်။ သို့သော်လည်း မသိသဖြင့် မျောက်မလေးအား . . .

www.burmeseclassic.com

www.burmeseclassic.com



" ဒုက္ခဆိုတာဘာလဲ ငါ့ကိုပြောစမ်းပါ " ဟုမေးကြည့်သည်။

" ကျွန်မယောကျ်ားသေဆုံးသည့်အတွက် ကျွန်မ၏ဝမ်းထဲမှာ ပူပင်သောကရောက်နေတာကို ဒုက္ခလို့ခေါ်ပါတယ် "

" နင်ပြောတာ ငါနားမလည်ဘူး၊ ငါ့ကို မျက်စိနဲ့မြင်ရအောင် ပြစမ်းပါ၊ ဒါမှမဟုတ် ပေးနိုင်ရင်လဲ နည်းနည်းပေးစမ်းပါ "

" ကျွန်မတော့ ဒါထက်ရှင်းအောင် ပြောမပြတတ်တော့ဘူး၊ ဒုက္ခကို ထုတ်လဲမပြတတ်ပါဘူး၊ ပေးလဲမပေးတတ်ပါဘူး "

မျောက်ကြီးမှာ သူသိလိုသော ဒုက္ခ၏အဓိပ္ပါယ်ကို မသိရသဖြင့် ပိုမိုသိလိုစိတ်များ ပေါ်လာပြီးလျှင် ဟိုဟိုဒီဒီ တွေ့သူတိုင်းအား ဒုက္ခ၏ အဓိပ္ပာယ်ကိုမေးလေ၏။ အပြေပေါင်းမြောက်မြားစွာ ကြားရသော်လည်း မျောက်ကြီးမှာ သူသိလိုသော အဓိပ္ပာယ်ကို မရသေးပေ။ တစ်နေ့တွင် ရသေ့ကြီးတစ်ပါးနှင့် တွေ့သဖြင့် မျောက်ကြီးက ဒုက္ခ၏အဓိပ္ပာယ်ကို မေးမြန်းကြည့်ရာ ရသေ့ကြီးက " ဒိုရတာလဲဒုက္ခ၊ နာရတာလဲဒုက္ခ၊ သေရတာလဲဒုက္ခပဲ " ဟု ပြန်လည်ဖြေကြားပြောပြသည်။ မျောက်ကြီးမှာ ဒုက္ခ၏အဓိပ္ပာယ်ကို မပေါ်သေးဘဲရှိပြီး " ဒုက္ခကိုပြစမ်းပါ ပေးစမ်းပါ " ဟုသာ အခါခါပြောဆိုသဖြင့် ရသေ့ကြီးက " ဒါဖြင့် ငါ့ကျောင်းလိုက်ခဲ့ " ဟု ဆိုပြီး ကျောင်းသို့ခေါ်ခဲ့လေ၏။

ကျောင်းရောက်သောအခါ ရသေ့ကြီးက အလွန်ကိုက်တတ်သည့် ခွေးမကြီးတစ်ကောင်ကိုအဝတ်ဖြင့်ထုပ်ပြီးလျှင် မျောက်ကြီးအား " ဒုက္ခဆိုတာ ဒါပါပဲ၊ အဲဒီဒုက္ခကို မင်းယူသွားပေတော့ ၊ ဒီတောထဲမှာတော့ ဖြေမကြည့်နဲ့. တောလွန်လို့. ကွင်းလယ်ရောက်မှဖြေကြည့်၊ အဲဒီမှဒုက္ခကို




တွေ့ရလိမ့်မယ် " ဟုပြောပြပြီး အထုပ်ကြီးကို ပေးလိုက်လေ၏။

မျောက်ကြီးလည်း ' ငါတော့ဒုက္ခရပြီ ဒုက္ခကိုတွေ့ရတော့မယ် ' ဟု ဝမ်းသာအားရ အထုပ်ကြီးကိုထမ်းယူခဲ့လေ၏။ ထိုသို့ထမ်းလာရာ လမ်း၌ အထုပ်အတွင်းမှခွေးမကြီးကလှုပ်သဖြင့် မျောက်ကြီးက ' အင်းဒုက္ခဆိုတာ တလှုပ်လှုပ်နဲ့နော် ' ဟုမှတ်ထားလိုက်သည်။ အတန်သွားမိပြန်လျှင် ခွေးမကြီးကဟောင်သဖြင့် မျောက်ကြီးက ' ဒုက္ခဆိုတာ ဝုတ်ဝုတ် လို့မြည်တတ်တယ်နော် ' ဟု မှတ်ထားလိုက်ပြန်သည်။

သို့နှင့် လယ်ကွင်းထဲ ရောက်သောအခါ မျောက်ကြီးက အထုပ်ကြီးကို ဝမ်းသာအားရ ဖွင့်ကြည့်လိုက်ရာ အထဲမှာ ခွေးမက အတင်းခုန်ထွက်ပြီး စိတ်ဆိုးဆိုးနှင့် မျောက်ကြီးကို အတင်းလိုက်လေ၏။ မျောက်ကြီးလည်း အကိုက်ခံရတော့မှ အတင်းရုန်းထွက်ပြေးပြီး သစ်ပင်တစ်ပင်ပေါ် တက်နေရသည်။ ခွေးမကြီးမှာမူ မကျေမချမ်းနှင့် အပေါ်မော့ပြီးလှမ်းဟောင်နေလေ၏။ မျောက်ကြီးမှာ ခွေးကိုက်သဖြင့် အသားအရေတွေ စုတ်နေသည့်အပြင် ပြေးလွှားခဲ့ရဖြင့် မောပန်းလှ၍ သစ်ပင်ခွကြားမှာ ထိုင်ပြီး အောက်မှ ဟောင်နေသော ခွေးမကိုကြည့်ကာ " အော် ဒုက္ခဆိုတာ မျက်လုံးပြူးပြူး၊ လျှာတွဲလဲနဲ့. ဝုတ်ဝုတ်လို့ အော်တတ်တဲ့ ဟာမျိုးပါလား " ဟုစဉ်းစားမိလေ၏။

www.burmeseclassic.com

www.burmeseclassic.com



# တရားမဟော လိုသောဘုန်းတော်ကြီး

ရှေးအခါက ရွာတစ်ရွာမှရွာဦးကျောင်းတွင် ၂၅ ဝါမျှရှိပြီဖြစ်သော ဘုန်းတော်ကြီးတစ်ပါး သီတင်းသုံးနေလေ၏။

ထိုဘုန်းတော်ကြီးသည် ပညာအခြေခံရှိသော်လည်း မိမိ၏ရွာရှိ တပည့် ဒကာ ဒကာမအပေါင်းအား တရားဟောရန် အတော်ဝန်လေးနေလေသည်။ ကျောင်းထိုင်နှစ် ၁၀ နှစ်ပြည့်သော်လည်း တရားတစ်ခါမျှ မဟောပေ။သီလကိုပင် မလွှဲသာမှပေးသည်။ ဦးပဥ္စင်း၊ကိုရင်များရှိခိုက်ဖြစ်က

www.burmeseclassic.com

www.burmeseclassic.com



ဦးပဥ္စင်း၊ကိုရင်များကိုသာ သီလပေးခိုင်းသည်ကသာ များလေသည်။

သို့နှင့် တစ်ခုသောနှစ်သစ်ကူးသည့် သင်္ကြန်တွင်းအချိန်အခါ သင်္ကြန်အကျနေ့တွင် ရပ်ရွာမှ ဒကာဒကာမအပေါင်းတို့သည် ဥပုသ်သီတင်းဆောက်တည်ရန် ကျောင်းသို့လာကြလေသည်။ ဥပုသ်ယူအပြီးတွင် ဥပုသ်သည်များက ဘုန်းတော်ကြီးအား တရားဟောရန် တောင်းပန်ကြလေသည်။

ဘုန်းတော်ကြီးသည်တရားမဟောလိုသောကြောင့်တရားဟောရန် လျှောက်ထားသော ဥပုသ်သည်တို့အား " ဒကာကြီး ဒကာမကြီးတို့ တရားဆိုတာ သိကြရဲ့လား " ဟုမေးလေသည်။ ၁၀ နှစ်တိတိ တရားကိုတစ်ခါမျှမနာယူဘူးသောဥပုသ်သည်တို့ကလည်း "မသိပါဘုရား " ဟု လျှောက်ထားကြလေသည်။

ထိုအခါ ဘုန်းတော်ကြီးက " တရားများကို မသိတဲ့လူတွေကို တရားဟောနေလို့ အပိုပါပဲဗျာ " ဟုပြောဆိုကာသီလပေးပြီး လှူရန်များသိမ်းရန် စောင့်နေသောကျောင်းသားများဘက်သို့လှည့်၍ " ကျောင်းသားတွေသိမ်းလိုက်ကြ " ဟုပြောပြောဆိုဆို ကြွသွားပြီး ကျိန်းစက်သောအခန်းထဲသို့ ဝင်သွားလေသည်။

ဥပုသ်သည်တို့လည်း ဘာမျှမလျှောက်နိုင်ဘဲပြန်သွားကြရလေ၏။

နောက်တစ်နေ့ သင်္ကြန်အကြတ်နေ့တွင်လည်း ဥပုသ်သည်များက သီလယူအပြီးတွင် အရင်နေ့ကနည်းတူ တရားဟောရန် လျှောက်ထားကြပြန်၏။ ဘုန်းတော်ကြီးကလည်း "ဒကာကြီးတို့တရားဆိုတာသိကြရဲ့လား"



ဟု ပင်မေးပြန်သည်။

ဥပုသ်သည်တို့ကလည်း ' အရင်နေ့ကတို့ဆရာ ဘုန်းတော်ကြီးသည် တို့ကတရားကို မသိပါဘုရားဟု လျှောက်ထားသဖြင့် တရားမဟောဘဲနေသည်၊ ဒီနေ့တော့ တစ်မျိုးလျှောက်မှပဲ ' ဟု စဉ်းစားကြကာ " သိပါတယ်ဘုရား " ဟု လျှောက်ထားကြလေသည်။ ထိုအခါ ဘုန်းတော်ကြီးက " တရားကိုသိနေ ကြရင်လဲ ဟောဖို့ မလိုတော့ပါဘူး ကျောင်းသားတွေ သိမ်းကြဟဲ့ " ဟု ဆိုကာ ကျိန်းစက်သောအခန်းထဲသို့ ဝင်ကြွသွားလေသည်။ ဥပုသ်သည်တို့လည်း ဘာမျှပြန်လျှောက်နိုင်ခွင့် မရတော့သဖြင့် ပြန်သွားကြရလေ၏။

နောက်တစ်နေ့ သင်္ကြန်အတက်နေ့တွင်လည်း ဥပုသ်သည်များသည် သီလယူအပြီးတွင် အရင်နေ့ကနည်းတူ တရားဟောရန် လျှောက်ထားကြပြန်၏။ ဘုန်းတော်ကြီးကလည်း အရင်နေ့များနည်းတူ " ဒကာကြီးတို့ တရားဆိုတာသိကြရဲ့လား " ဟုပင် မေးမြန်းပြန်သည်။

ဥပုသ်သည်တို့လည်း ထိုသင်္ကြန်အတက်နေ့တွင် မိမိတို့ဆရာ ဘုန်းတော်ကြီး တရားမဟောဘဲမနေနိုင်ရန် " မှန်ပါ မြောက်ဘက်ပိုင်းက ဒကာတွေကတရားကို သိပါတယ်ဘုရား၊ တောင်ဘက်ပိုင်းက ဒကာတွေက မသိပါဘုရား " ဟု တစ်မျိုးတစ်မည် စီစဉ်ကာလျှောက်ထားလိုက်ကြသည်။

ထိုအခါ ဘုန်းတော်ကြီးက " ဒီလိုဆို တရားသိတဲ့ မြောက်ဘက်ပိုင်း ဒကာတွေက တရားမသိတဲ့ တောင်ဘက်ပိုင်းက ဒကာတွေကို ဟောလိုက်ကြပေါ့ဗျာ၊ သိမ်းကြဟဲ့ ကျောင်းသားတွေ " ဟု

www.burmeseclassic.com

www.burmeseclassic.com



ဆိုကာ ကျောင်းပေါ်သို့ ကြွသွားလေသည်။ ဥပုသ်သည်တို့လည်း ဘာမျှ မလျှောက်နိုင်သဖြင့် ပြန်သွားကြရလေ၏။

ထိုရွာရှိ ဒကာ ဒကာမအပေါင်းသည် သကြံန်တွင်းရက်များအပြင် နှစ်ဆန်းတစ်ရက်နေ့၌လည်း ဥပုသ်သီတင်း ဆောက်တည်တတ်ကြရာ ၃ ရက်တိတိ တရားမဟောဘဲ ငြင်းဆန်ခဲ့သော ဘုန်းတော်ကြီးသည် ‘ နှစ်ဆန်းတစ်ရက်နေ့တော့ တရားဟောဦးမှဖြစ်မည် နေ့တိုင်းနေ့တိုင်း ငြင်းဆန်နေလို့မတော်ဘူး ’ ဟု စဉ်းစားမိကာ တရားဟောဖို့ အကြံယူလေသည်။

‘ တရားစာအုပ်ထဲကတရားစာတွေကိုကျက်ပြီး ဟောရမယ်ဆိုရင် ရှည်လွန်း၍ ကျက်နိုင်မှာမဟုတ် မကြေ့တကြေ ရထားတဲ့တရား ဆိုတာကလည်း မဆုံးနိုင်ဘဲလည်နေလိမ့်မယ်၊ တရားလည်နေမှဖြင့် အရှက် ကောင်းကောင်းကြီးရလိမ့်မယ်၊ ဒီတော့ ကိုယ့်ဖာသာကိုယ် စိတ်ကူးပြီး ရေးမှပဲ ’ဟု အောက်မေ့ကာ နေဝင်ချိန်မှစ၍မီးထွန်းကာ အသားသင်ပုန်း တစ်ချပ် ကန့်ကူဆံတစ်ချောင်းဖြင့် တရားစာရေးရန် ပြင်ဆင်လေသည်။

ဘုန်းတော်ကြီးသည် တရားစာရေးရန် ဟန်ပြင်ရုံသာရှိသည် တရားစာကိုတစ်လုံးမျှမရေးနိုင်ချေ။ အလေ့အကျင့်မရှိသောကြောင့် မည်သည့် အကြောင်းကစ၍ ရေးရမည်ဟု အကြံမထွက်နိုင်အောင် ဖြစ်နေချေသည်။ နောက်မှ ‘တရားဆိုတာ လောကကြီးရဲ့ ဖြစ်ပျက်နေတာတွေ အမှန်အတိုင်း ရှုမြင် သုံးသပ်မိအောင် တင်ပြဟောကြား ရတာမျိုးပဲ၊ ဒီတော့ဒီနေ့ည ကြားသမျှ တွေ့သမျှတွေကို ရေးမှပဲဖြစ်မယ် ’ ဟု စိတ်ကူးနေစဉ် ကျောင်းအနီးအနား၌ သမင်များ တချက်ချက်နှင့် ဟိုသွား ဒီသွား



လုပ်နေသည်ကို ကြားရသဖြင့် “ သမင်ချက်ချက် ” ဟု စ၍ ရေးသားလိုက်သည်။

ထို့နောက် ဖားများတအက်အက် မြည်နေသော အသံကို ကြား၍ သမင်ချက်ချက်ဆိုသောအပိုဒ်နောက်မှဆက်လက်၍“ ဖားအက်အက် နှင့် ” ဟု ရေးလေ၏။

ထို့နောက် ကျောင်းပတ်ဝန်းကျင်မှ တောကြက်များ၏မြည်သံကို ညဥ့်ဦးယံမှစ၍မိုးသောက်ယံတိုင်အောင်ကြားနေသဖြင့်“ တောကြက်မြည်သံ တရံမလပ်၊မောင်တို့ကြားသား ” ဟု ဆက်၍ရေးလေ၏။ ( နေဝင်ပြီး နောက် မကြာမီ ကြက်တွန်သံကို ‘ သူငယ်အိပ်ဆိတ် ’ ဟု လည်းကောင်း ‘ နာရီခွဲ ၉ နာရီတွန်သံကို ‘ သက်ကြီးခေါင်းချ ’ ဟုလည်းကောင်း ၊ ၁၀ နာရီခွဲ ၁၁ နာရီ အချိန် တွန်သံကို ‘ နလင်ပြန် ’ သို့မဟုတ် ‘လူပျိုပြန် ’ဟု လည်းကောင်း၊ ၁၂ နာရီ ၁၂ နာရီခွဲ အချိန်တွန်သံကို ‘သကောင်ကြက် ’ (သန်းခေါင်ကြက်) ဟုလည်းကောင်း၊ ၃ နာရီမှ ၄ နာရီအတွင်းတွန်သံကို ‘ ကြက်ဦးတွန်ချိန် ’ဟုလည်းကောင်း၊ မနက်လင်းတွင် တွန်သံကို ‘လင်းကြက်တွန်ချိန် ’ဟု လည်းကောင်း၊ ပဟိုရ်သံမကြား နာရီမထားနိုင်သော ရှေးက တောလက်ကျေးရွာက လူများသည် ထိုသို့ ကြက်တွန်သံကို ‘ ပဟိုရ် ’ ပမာထားရ၏။ မည်သည့်အချိန် တွန်သည့်ကြက်သည် မည်သည့်အသံမျိုးဖြစ်ကြောင်း ကိုလည်း ခွဲခြား၍ သိကြသည်။ )

ဘုန်းတော်ကြီးသည် ကြက်တွန်သံများ ကြားပြီးနောက် နံနက်

www.burmeseclassic.com

www.burmeseclassic.com



ဝေလီဝေလင်း အရုဏ်တက်ချိန်တွင် တချို့သောလူများ တောသို့ ပဲရိတ်ရန် အတွက်သော်လည်းကောင်း၊ မုရင်းစပါး ရိတ်ရန်အတွက်သော်လည်းကောင်း သွားကြရင်းတစ်ယောက်နှင့် တစ်ယောက် ဘယ်သူလဲဟေ့ ဘယ်ဝါဟေ့နှင့် ခေါ်ကြ ထူးကြ ' ဝူးထိုး ' ကြပုံ၊ နောက်ပြီး နင့်မအေ နင့်နှမစသည်ဖြင့် မကြားဝံ့ မနာသာဆဲကြဆိုကြပုံများကို အကြောင်းပြုပြီး " ဘယ်သူလဲဟေ့ ဘယ်ဝါဟေ့နှင့် နင့်အမေ နင့်နှမ ဆုတောင်းကြကုန် " ဟု တရားအဆုံးသတ် ရေးချလိုက်လေ၏။ ( အထက်အညာ ကျေးလက်ဒေသတွင် တော်သလင်းလ၊ နောက်ကျလျှင် သီတင်းကျွတ်လ၌ ကောက်ကြီး စပါးစိုက်၍ နတ်တော်လတွင် ရိတ်သိမ်းကြ၏။ ထိုအချိန်ကို ကောက်ကြီး တက်ချိန်ဟုခေါ်၏။ ပြာသို၊ တပို့တွဲလများတွင် ' မုရင်း ' ခေါ် စပါး တစ်မျိုးကို စိုက်၍ တန်ခူး၊ ကဆုန် လများတွင် ရိတ်သိမ်းကြ၏။ ထိုအချိန်ကို မုရင်းတက်ချိန်ဟု ခေါ်ကြ၏။ )

ဥပုသ်သည်များက တရားဟောရန် မလျှောက်ခင်မှာပင် " ဒီနေ့တော့ ကျုပ်ဒကာဒကာမတွေကို တရားဟောရဦးမယ် " ဟု စလိုက်ရာ " မှန်ပါ ဝမ်းသာလှပါတယ်ဘုရား " ဟု အားလုံးက လျှောက်ထားလိုက်ကြသည်။ ဘုန်းတော်ကြီးက ဆက်လက်၍ " တရားဆိုတာကလည်း လောကကြီးရဲ့ ဖြစ်ပျက်နေမှုတွေဟာ တရားချည်းဘဲ၊ ဒီဖြစ်နေမှုတွေကို ရှုမြင် သုံးသပ်ရတာဟာ တရားတို့ရဲ့ သဘောပဲ။ ကဲကဲ သေသေချာချာ ရှူးရှူးစိုက်စိုက် နားထောင်ကြ၊ ကျုပ်ညက တစ်ညလုံး ဖြစ်ပျက်မှုသင်္ခါရ သဘောတရားတွေကို မှတ်တမ်းတင်ထားတာကို အတိုချုပ်ကလေး ဟောကြားမယ် " ဟု ဆိုကာ အသံနေအသံထားဖြင့် . . .



" သမင်ချက်ချက်၊ ဖားအက်အက်နှင့် တောကြက်မြည်သံ၊ တရုံမလပ်၊ မောင်တို့ကြားသား၊ ဘယ်သူလဲဟေ့၊ ဘယ်ဝါဟေ့နှင့် နင့်အမေ နင့်နှမ ဆုတောင်းကြကုန် " ဟု ဟောချလိုက်လေသတည်း။

www.burmeseclassic.com

www.burmeseclassic.com

## ဒန့်ပူစားသော ကျောင်းသားနှစ်ယောက်

တစ်ခါသော် ရွာတစ်ရွာမှ ဘုန်းကြီးကျောင်းတစ်ကျောင်းတွင် ဆရာဘုန်းတော်ကြီး ပြုလုပ်သည်များကို ဘာမဆိုလိုက်၍ အတုလုပ်လေ့ရှိသော ကျောင်းသားနှစ်ယောက်ရှိလေ၏။ ဘုန်းတော်ကြီးသည် ဆွမ်းဘုဉ်းပေးပြီးသည့်အခါတိုင်း ပြတင်းပေါက်တစ်ခု၌ ထိုင်၍ ရေတစ်ခွက် ဒန့်ပူ ( တံပူ ) တစ်ချောင်းနှင့် သွားတိုက် ပါးစပ်ဆေးလေ့ရှိလေသည်။

ဤသို့ ပါးစပ်ဆေးသည်ကို ဒန့်ပူစားသည်ဟု ခေါ်ဝေါ်လေ၏။ အတုလိုက်၍ ပြုလုပ်လေ့ရှိသော ကျောင်းသားနှစ်ယောက်သည်လည်း မိမိတို့ဆရာ ဘုန်းတော်ကြီး တကယ် ဒန့်ပူစားသည်ဟု ထင်မှတ်လျက် တို့နှစ်ယောက်လည်း ဘုန်းကြီးအခြားတစ်ရွာသို့ ကြွသွားသည့်အခါ ဒန့်ပူစားကြည့်ရအောင်ဟု တိုင်ပင်ထားကြလေသည်။

များမကြာမီ ဘုန်းတော်ကြီးလည်း ကိစ္စတစ်ခုနှင့် ရွာတစ်ရွာသို့ ကြွသွားလေလျှင် သဘောတူတိုင်ပင်ထားသော ကျောင်းသားနှစ်ယောက်သည် ဒန့်ပူစားကြလေတော့သည်။ ပြတင်းပေါက်တစ်ခုလျှင် တစ်ယောက်စီထိုင်၍ ဒန့်ပူတစ်ချောင်း ရေတစ်ခွက်စီဖြင့် ဆရာဘုန်းတော်ကြီး၏ ဟန်ပန် အမူအရာအတိုင်း ငရုတ် ငပိ နှင့် ချိုသလိပ်များကိုဟပ်ကြ၍ ဒန့်ပူများကို ဝါးစားပြီး ရေနှင့် ရောမျိုချကြလေသည်။



စားပြီးကြသောအခါ နှစ်ယောက်သားဆုံ၍ တစ်ယောက်က " တယ်တော့မကောင်းလှပါဘူးကွာ ဘတ်သတ်သတ်နဲ့ " ဟု ပြောလေလျှင် ကျန်တစ်ယောက်ကလည်း " ဧ ဧ ဘုန်းကြီးများ ကောင်းတယ်ရယ်လို့ မဟုတ်ပါဘူး ရေတစ်ခွက်နဲ့ ငရုတ် ငပိလုပ်ပြီး စားကြတာပါပဲ ' ဟု မှတ်ချက်ချ ထောက်ခံလိုက်လေ၏။

ထိုသူငယ်နှစ်ယောက် ကျောင်းမှထွက်ပြီး ကွဲကွာသွားကြရာမှ နောင်ကြီးပြင်း၍ဆုံမိကြလေသောအခါ " တို့နှစ်ယောက် ကျောင်းတုန်းက ဒန့်ပူစားကြတာ မှတ်မိသေးရဲ့လား " ဟု တစ်ဦးကမေးလိုက်လျှင် ကျန်တစ်ယောက်က ...

" မှတ် မိတာပေါ့သူငယ်ချင်း တို့နှစ်ယောက်ရွာတည်လိုက်ရရင် တို့ကမွေးလာတဲ့ ကလေးတွေကတော့ ငအ ငအူ ကလေးတွေချည်း ဖြစ်နေလိမ့်မယ် ထင်တယ် " ဟု ပြောဆို ရယ်မောကြလေသတည်း။

www.burmeseclassic.com

www.burmeseclassic.com

## မစဉ်းစားသော မြောက်ကျောင်းဘုန်းကြီး

ဘုန်းကြီးကျောင်း နှစ်ကျောင်းရှိသော ရွာတစ်ရွာတွင်တစ်နေ့သ၌ ထိုရွာမှ ဒကာတစ်ယောက်သည် မိမိမိန်းမနှင့် ရန်ဖြစ်စိတ်ဆိုး၍ သင်္ကန်းဝတ်ပေးရန် တောင်ကျောင်းဘုန်းကြီးထံ သွားရောက်လျှောက်ထားလေသည်။ ဘုန်းကြီးက မိန်းမနှင့် စိတ်ဆိုးလာမှန်းသိ၍ ခုချက်ချင်း ဝတ်မပေးဘဲ ဖြည်းဖြည်းအေးအေး စဉ်းစားပြီးမှ သင်္ကန်းဝတ်ရန် တရားချလေသည်။ ဒကာက အကြိမ်ကြိမ် လျှောက်ထားတောင်းပန်သော်လည်း ဝတ်မပေးဘဲ ငြင်းပယ်နေသဖြင့် ဝတ်လိုလှသော ဒကာက မကျေနပ်နိုင်တော့ဘဲ " ဆရာတော်ဘုရား ခုချက်ချင်း ဝတ်မပေးနိုင်ပါရင် တပည့်တော်တော့ မြောက်ကျောင်းဘုန်းကြီးထံ သွားဝတ်ရပါလိမ့်မည်ဘုရား " ဟု



လျှောက်ထားလေသည်။ ဤတွင် တောင်ကျောင်းဘုန်းကြီးက " အိမ်း – ကောင်းသားပဲ၊ ငါကတော့ ခုချက်ချင်းဝတ်မပေးနိုင်ဘူး မင်းသဘောပေါ့ " ဟု ပြောလိုက်လေသည်။ ထိုအခါ မြောက်ကျောင်းဘုန်းကြီးထံသွား၍ လျှောက်ထားလေ၏။ မြောက်ကျောင်းဘုန်းကြီးမှာ စဉ်းစားမနေတော့ဘဲ ဒကာလျှောက်ထားသည့်အတိုင်း ချက်ချင်းဝတ်ပေးလိုက်လေသည်။ ဝတ်ပေးပြီးလျှင် ကိုရင်နှင့်ပတ်သက်သော ရှင်ကျင့်ဝတ် သိက္ခာပုဒ်များကို ပို့ချပေးလိုက်ပြီး ကျောင်းအနီး ဇရပ်တစ်ခုပေါ်သို့ သွားရောက်ကျက်မှတ်နေရန် စေခိုင်းထားလိုက်သည်။ ကိုရင်ကြီးလည်း ဇရပ်ပေါ်၌ သွားရောက်ကျက်မှတ် နေလေ၏။

ထိုအချိန်တွင် အိမ်တွင်ကျန်ရစ်သော မိန်းမသည် စိတ်ဆိုးပြေပျောက်၍ ကျောင်းသို့ လိုက်လာလေတော့၏။ ကျောင်းသို့ရောက်လေလျှင် သင်္ကန်းဝတ်နေနှင့်ပြီဖြစ်သော မိမိယောက်ျား ကိုရင်ကြီးအား ဇရပ်တစ်ခုပေါ်တွင် တွေ့ရသောကြောင့် စိတ်မကောင်းစွာဖြင့် " ဘယ့်နှယ်တော်ရယ် ဒီလောက်ကလေး ဖြစ်ရတာနဲ့များ ပြုမှုပြုရက်ပါပေတယ် " စသည်ဖြင့် ငိုယိုတောင်းပန်ပြောဆို လေတော့သည်။

ထိုအခါ ကိုရင်ကြီးလည်း စိတ်ဆိုးပြေ၍ သတိရပြီး မိမိအလျင်စလို သင်္ကန်းဝတ်ခြင်း၏ အမှားကို နောင်တရလျက် မျက်ရည်များတွေတွေစီးကျလာသည်ကို သင်္ကန်းစဖြင့်သုတ်ရင်း . . . " ဟုတ်ပါ့ဟာ တောင်ကျောင်းဘုန်းကြီးက စဉ်းစားသေးတယ်၊ မြောက်ကျောင်းဘုန်းကြီးက လုံးလုံး မစဉ်းစားဘူး " ဟု ငိုသံပါကြီးနှင့် ပြော၍ လူဝတ်လဲပြီး သူ့မိန်းမနှင့်အတူ အိမ်သို့ပြန်လိုက်သွားလေသတည်း။

www.burmeseclassic.com

www.burmeseclassic.com

## သသက်သလား

လွန်ခဲ့သောရှေးတစ်ခေတ်က အသက်လွန်၍ကြီးပြင်းမှ သာသနာ့ဘောင်သို့ ဝင်ရောက်ထမ်းဆောင်နေသည့် ရဟန်းကြီးတစ်ပါးရှိ၏။ ထိုရဟန်းကြီးသည် စာပေကို အလွန်ဝါသနာပါသောကြောင့် သဒ္ဒါကြီးကို နေ့ညမပြတ် လေ့လာသင်ကြားနေလေသည်။

တစ်နေ့တွင် သဒ္ဒါစာပေနည်းလမ်းအရ ပါဠိပြယုဂ် ပုံစံတစ်ခု တွေ့ရှိ၍ ပုဒ်ဖြတ်ပြီး ပုဒ်စပ်ရန် ရုပ်တွက်စီရင်ကြည့်သောအခါ သဒ္ဒါသုတ်စဉ်များကို ရှာကြံမတွေ့၍ ရုပ်မတွက်တတ်သောကြောင့် သဒ္ဒါကြီးနိဿျ စာအုပ်ကိုကြည့်သည်။ ထိုစာအုပ်တွင် " သ သက်၊ သ လာ " ဟု လိုရင်းအတိုနည်းဖြင့် ရုပ်စီရင်ပုံ၊ ရုပ်တွက်ပုံရေးသားထားသည်ကို ထိုရဟန်းကြီးသည် " သသက်သလား "ဟု အဆုံးကအလုံးကို ဝစ္စနှစ်လုံးပေါက်ထည့်၍ ဖတ်လိုက်မိရာ " ငါကမသိလို့ ကြည့်ပါဟယ်ဗျာ၊ သူကပြန်ပြီး ' သသက်သလား ' လို့ ငါ့ပြန်မေးနေပြန်ပကော " ဟု ပြောဆို ညည်းတွားလိုက်လေသတည်း။

## နောက်ဘုန်းကြီး နှစ်ချက်ခေါက်

တစ်ရံရောအခါ ရွာတစ်ရွာတွင်ရှိသော ဘုန်းကြီးကျောင်းတစ်ကျောင်း၌ ဘုန်းတော်ကြီး တစ်ပါးနှင့် မျောက်တစ်ကောင်ရှိလေသည်။

မျောက်သည်လျှပ်ပေါ်လော်လည်၏။ ငှက်ပျောသီးများကိုခိုးစားပြီး အခွံများကို ကျောင်းပေါ် ပစ်ထားတတ်သည်။ ပန်းကန် ခွက်ယောက်

www.burmeseclassic.com

www.burmeseclassic.com



စသည်တို့ကိုလည်း တစ်နေရာမှတစ်နေရာသို့ ဖြန့်ကြဲ၍သော်လည်းကောင်း ဝှက်၍ သော်လည်းကောင်း ထားတတ်ရုံမျှမက သောက်ရေအိုးထဲသို့လည်း ကျင်ငယ်များ စွန့်ထည့်တတ်သည်။

ထို့ကြောင့် စည်းကမ်းကြီးသော ဘုန်းတော်ကြီးသည် သူ့ကို နေ့စဉ် တုတ်ငယ်ဖြင့် အကြိမ်များစွာ ရိုက်နှက်၍ ဆုံးမနေရသည်။

အထူးသဖြင့် ဆွမ်းခံမှအပြန် ခြေဆေးအင်တုံတွင် ရေမှုတ်ဖြင့် ခတ်၍ ခြေကိုရေဆေးပြီးသော အခါတိုင်း မာလှသော ရေမှုတ်ရိုးဖြင့် မျောက်၏ ဦးခေါင်းကို " မင်းကနေ့ကောင်းကောင်းနေ " ဟု ဆိုကာ နာကျင်အောင်ခေါက်၍ ဆုံးမလေ့ရှိသည်။ မျောက်လည်း နေ့စဉ် တုတ်ငယ်ဖြင့် အကြိမ် များစွာ အရိုက်ခံ အနှက်ခံရသည့်အပြင် အချိန်မှန်မှန် နေ့စဉ်တစ်ချက်ကျ မာလှသောရေမှုတ်ရိုးဖြင့် နာကျင်စွာ အခေါက်ခံ နေရသဖြင့် ထိုဘုန်းကြီးနှင့်ဝေးရန် အမြဲဆုတောင်းနေလေတော့သည်။

မကြာမီ ဘုန်းတော်ကြီးလည်းကံအကြောင်းမသင့်၍ မကျန်းမမာ ဖြစ်ပြီး ပျံလွန်တော်မူလေ၏။ ရပ်ရွာမှ လူအပေါင်းတို့လည်း မကြာမီ ဘုန်းကြီးအစားတစ်ပါးပင့်၍ ကျောင်းအပ်ကြပြန်သည်။ မျောက်လည်း ယခင်အကျင့်အတိုင်း ကျင့်နေ၏။ ထို့ကြောင့် ဘုန်းကြီးကလည်း ဆွမ်းခံ မှပြန်တိုင်း ယခင် ဘုန်းတော်ကြီးထက် တစ်ချက်ပို၍ ခေါက်ကာ ဆုံးမလေသည်။

မျောက်လည်း ' ငါ့ကို အရင်ဘုန်းကြီးက ရေမှုတ်ရိုးနဲ့ တစ်ချက်သာခေါက်တယ်၊ ဒီဘုန်းကြီးကတော့ နှစ်ချက်တောင်ခေါက်တယ်။ ဒီဘုန်းကြီး ပျံလွန်လို့ နောက်ဘုန်းကြီး တက်လာခဲ့ရင် လေးချက်အထိ ခေါက်ပေလိမ့်မယ် 'ဟု အောက်မေ့ကာ သတိသံဝေဂရလျက် ကောင်းမွန် စွာနေထိုင်ပြီး ထိုဘုန်းကြီး၏ အမှုကြီးငယ်များကို ကူညီလုပ်ဆောင် လေတော့သတည်း။



( ဤပုံပြင်ကိုထောက်၍ အချို့သောဒကာတို့သည်ယခင်ဘုန်းကြီး ကို မကြိုက်၍ နောက်ဘုန်းကြီးတစ်ပါးကို ရှာပြီးကျောင်းတင်လိုသောအခါ ' နောက်ဘုန်းကြီး နှစ်ချက်ခေါက် ' နှင့်တွေ့လိမ့်မည်ဟု ပြောတတ်ကြပြီး ရပ်ရွာဒကာ ဒကာမများ အချီးမကျသည်ကို တွေ့သောအခါ ဘုန်းကြီးများ ကလည်း ' နောက်ဘုန်းကြီး နှစ်ချက်ခေါက် ' နှင့်တွေ့မှ အေးမှာပဲဟု အပြစ်တင်တတ်ကြလေသည်။ )

www.burmeseclassic.com

www.burmeseclassic.com



## စာဆိုတော်ဖြစ်ချင်သူ

အမရပူရခေတ်က ပခုက္ကူမြို့မှဦးပဥ္စင်းတစ်ပါးသည် အမရပူရမြို့တော်သို့တက်၍ လောကုတ္တရာစာပေများ လေ့လာသင်ကြားနေသည်။ ထိုအချိန်အခါက အမရပူရမြို့တွင် စာဆိုအကျော်အမော်များ ထွန်းကားနေပေသည်။

ပခုက္ကူသားဦးပဥ္စင်းသည်လည်း စာဆိုတော်ကြီးများကိုအားကျကာ စာဆိုတော်ဖြစ်လိုစိတ်များ ပေါ်ပေါက်လာလေ၏။ ဦးပဥ္စင်း၏ စိတ်တွင် ' ငါရဟန်းဘဝနဲ့ လောကုတ္တရာစာပေချည့် လိုက်စားနေလို့တော့ စာဆိုတော်ဖြစ်မှာမဟုတ်ဘူး ၊ လူထွက်ပြီး လောကီစာပေလိုက်စားမှဖြစ်မှာ ' ဟု တွေးတောကာ ရဟန်းဘဝကိုစွန့်လွှတ်ရန် ဆုံးဖြတ်လိုက်သည်။ နောက်တစ်နေ့တွင် ရဟန်းဘဝမှလူထွက်ပြီး ဇာတိရပ်ရွာဖြစ်သော ပခုက္ကူမြို့သို့ ပြန်သွားကာ စာဆိုတော်ကြီးများ ရေးသားထားသော စာပေများကို ဖတ်ရှုလေ့လာတော့သည်။

တစ်နေ့သ၌ လူပြန်တော်သည် စာစပ်လိုသောစိတ် ပေါ်ပေါက်လာသဖြင့် လူသူကင်းသော နေရာတစ်နေရာရှာ၍ စာစပ်ရန် ပြင်ဆင်လေတော့၏။ သူသည် မြို့တောင်ဘက် မန်ကျည်းပင်ကြီးအောက်တွင် ပုရပိုက်နှင့် ကန့်ကူဆံတို့ကိုကိုင်၍ ထိုင်နေလေ၏။

www.burmeseclassic.com

www.burmeseclassic.com



လူပြန်တော်သည် ပုရပိုက်ကိုပြင်ကာ စာစပ်ရန် စဉ်းစားရာ အချိန်သာကုန်သွား၍ ကာရံရှာမရဘဲဖြစ်နေလေသည်။ ထိုင်ရာမှ ပက်လက်၊ ပက်လက်မှ မှောက်ရက် အမျိုးမျိုးအဖုံဖုံ စဉ်းစားသော်လည်း အကြောင်းအရာမတွေ့ ကာရံမရ ဖြစ်နေသည်။ သို့နှင့် မှန်းသာတိမ်းသွား၍စာတစ်လုံးမှ မရေးရသေးဘဲရှိနေလေသည်။

ညနေပိုင်းတွင် သူအရိပ်ခိုနေသော မန်ကျည်းပင်ကိုင်းတစ်ကိုင်းပေါ်သို့ တောကျီးကန်းနှစ်ကောင်လာနားပြီး တစ်ကောင်နှင့်တစ်ကောင် ထိုးဆိတ်ကြရာ တစ်ကောင်မှာမန်ကျည်းပင်ကိုင်းတွင် တွဲလောင်းကျနေလေသည်။ ထိုအချင်းအရာကိုမြင်သောအခါ လူပြန်တော်သည် ကဗျာစပ်ရန် အစ ရပြီဟု ဝမ်းသာသွားလေ၏။ ပုရပိုက်ပေါ်သို့ ကန့်ကူဆံဖြင့် သူရေးချလိုက်သည်မှာ " ကာကွဏ္ဏကျီးမြတ်ရာဇာ၊တစ်ကောင်ကို တစ်ကောင်ဆိတ်တယ်၊ ခင်းတွဲလဲနေ " ဟု ဖြစ်လေ၏။

ပထမအပိုဒ်စပ်ပြီးသောအခါ ဒုတိယအပိုဒ် စပ်စရာမရှိဘဲ ဖြစ်နေပြန်လေ၏။ ဒုတိယအပိုဒ်ဆက်ရန် စဉ်းစားရင်း အချိန်အတန်ကြာသွားသောအခါ သူခိုနေသောမန်ကျည်းပင်ပေါ်သို့ ဘုတ်တစ်ကောင်လာနားကာ ဘုတ်တို့သဘာဝအတိုင်းပွူနေ၏။ ဘုတ်ပွူသံကို ကြားသောအခါ စာဆိုတော်ဖြစ်လိုသူ လူပြန်တော်သည် ဝမ်းသာအားရစွာဖြင့် ဒုတိယအပိုဒ် ရေးချလိုက်လေ၏။ သို့သော် " ရွှေဘုတ်ကဲ့ပွူ " ဟုသာရေးချလိုက်ပြီး မဆက်နိုင်တော့ဘဲထစ်နေပြန်လေ၏။ ဒုတိယအပိုဒ်မှ ရှေ့မဆက်နိုင်ဘဲစောင့်နေဆဲမှာပင် သူနေသော ပခုက္ကူမြို့ကြီးမီးလောင်လေသည်။ မီးလောင်သည်



ကိုမြင်တော့မှ သူ့ကဗျာကို ဆက်ရေးစရာရသွားလေတော့သည်။ သို့နှင့် ပုရပိုက်ပေါ်သို့ " ပခုက္ကူ မီးကလောင်ဆဲ " ဟု ရေးချလိုက်သည်။ မြို့မီးလောင်နေသော်လည်း လူပြန်တော်သည် သူ့ကဗျာမပြီးမချင်း နေရာမှ မထဟု သန္နိဋ္ဌာန်ချပြီး ကဗျာဆက်စပ်ရန် စဉ်းစားနေလေသည်။

ပခုက္ကူမြို့ကြီးမှာလည်း တစ်ဝက်နီးပါး မီးထဲပါသွားပြီဖြစ်သည်။ အချိန်မှာလည်း နေဝင်၍မှောင်စပျိုးလာပြီ ဖြစ်သော်လည်းလူပြန်တော်သည် နောက်ထပ်ရေးစရာ အကြောင်းရှာမရဘဲ ရှိနေလေသည်။ ရေးစရာမရှိ၍ တောင်စဉ်းစား မြောက်စဉ်းစားနှင့်နေရာမှ အမရပူရမြို့တွင် သူရဟန်းဝတ်နှင့်နေစဉ်က ဆွမ်းခံကြွရင်း ဖြတ်ကျော်လေ့ရှိသော ဦးပိန်တံတားကို သတိရပြီး စတုတ္ထအပိုဒ်ကို အချုပ်ဒ်အဖြစ် " တိုင်ပေါင်းထောင်ကျော်နှင့် အလယ်မှာပျဉ်တွေခင်းတယ် ဦးပိန်တံတား " ဟူ၍ရေးစပ်လိုက်လေ၏။ သူရေးထားသော ကဗျာကိုအစအဆုံး ပြန်ဖတ်လိုက်သောအခါ . . .

" ကာကွဏ္ဏ ကျီးမြတ်ရာဇာ၊ တစ်ကောင်ကိုတစ်ကောင်ဆိတ်တယ်၊ ခင်းတွဲလဲနေ။ ရွှေဘုတ်ကယ်ပွူ၊ ပခုက္ကူ မီးကလောင်ဆဲ။ တိုင်ပေါင်းထောင်ကျော်နှင့် အလယ်မှာပျဉ်တွေခင်းတယ် ဦးပိန်တံတား "ဟူ၍ဖြစ်လေသည်။

ကဗျာတစ်ပုဒ်စပ်ဆိုပြီးသွားသဖြင့် လူပြန်တော်သည် ဝမ်းသာအားရနှင့် ပုရပိုက်ကို ရင်မှာပိုက်ကာ မြို့ထဲပြန်လာရာ သူ့အိမ်မီးထဲပါသွားသည်ကို တွေ့ရလေတော့၏။ စာဆိုတော် ဖြစ်လိုသော လူပြန်တော်မှာ စာဆိုတော် ဖြစ်မလာဘဲ အိမ်မီးထဲပါသွားသောကြောင့် ရှိသမျှကုန်ရလေသတည်း။

www.burmeseclassic.com

www.burmeseclassic.com

## မသိသူကျော်သွား သိသူဖော်စား

ရှေးအခါက ဘုရင့်နေပြည်တော်အနီး သာယာအေးချမ်းပြီး ရှုချင်စဖွယ် မွေ့လျော်ဖွယ်ကောင်းသော တောရွာကြီးတစ်ရွာ၌ ရတနာ ရွှေ ငွေ ဥစ္စာပေါများသည့် သူဌေးကြီးတစ်ဦး ရှိလေသည်။ သူဌေးကြီးတွင် သားထောက်သမီးခံ ဟူ၍ တစ်ယောက်မျှ မထွန်းကားခဲ့သဖြင့် သူ၏ ပေါများလှသော အမွေပစ္စည်းများကို ဆက်လက်ထိန်းသိမ်းမည့်သူ မရှိ ဖြစ်နေသည်။

တစ်နေ့သော်သူဌေးကြီးသည် ' ငါ့မှာရှိတဲ့ ပစ္စည်းတွေကလည်း များလှတယ်၊ သားသမီးဆိုလို့ တစ်ယောက်မှမထွန်းကား၊ ဇနီးဖြစ်တဲ့ သူဌေးကတော်ကြီးကလည်း ပစ္စည်းတွေကို ဘာတစ်ခုမှ မယူနိုင်ဘဲ အနိစ္စရောက်သွားပြီ၊ ငါ့အသက် ငါ့ဘဝကလည်း တစ်နေ့နဲ့တစ်နေ့မတူဘဲ အိုမင်းကုန်းကွပြီး ဆံဖြူသွားကျိုးတဲ့အရွယ်ကို ရောက်လာပြီ။ တကယ်လို့ ငါကွယ်လွန်သွားခဲ့ရင် ငါရှာဖွေစုဆောင်းထားတဲ့ ပစ္စည်းတွေ ဒီအတိုင်း ကျန်နေရစ်ပေတော့မယ်။ ဒီလိုလည်းမထားလို၊ ဒီလောကကြီးမှာ ပညာရှိတဲ့ ပုဂ္ဂိုလ်၊ မရှိတဲ့ပုဂ္ဂိုလ်ဆိုပြီး နှစ်မျိုးရှိကြတာမှာ တကယ်ပင် တတ်သိလိမ္မာတဲ့ ပုဂ္ဂိုလ်တွေငါ့ပစ္စည်းတွေကိုရရင် ငါအလွန်နှစ်သက်တယ် 'ဟု ပုတီးစိတ်ရင်း ကြံစည်နေသည်။ မကြာမီသောကာလတွင် သူဌေးကြီးသည် သူ၏အိမ်အတွင်း၌ လိပ်ရုပ်ကြီးတစ်ခုကို အင်္ဂတေများဖြင့် ပြုလုပ်ပြီး ရွှေ ငွေ ကျောက် သံ ပတ္တမြားများကို ထိုလိပ်ရုပ်ကြီးအတွင်း၌ထည့်ကာ အင်္ဂတေများဖြင့်ပင် လုံခြုံစွာပိတ်လိုက်သည်။ ထို့နောက် သူဌေးကြီးသည် ထိုလိပ်



ရုပ်ကြီး၏ ကျောက်ကုန်း၌ စ အက္ခရာတစ်လုံးကို ထင်ရှားစွာရေး၍ ညသန်းခေါင်အချိန် ဘယ်သူမျှမသိစေဘဲ တစ်ယောက်တည်းယူသွားပြီး လူသွားလူလာများသော လမ်းဆုံ လမ်းခွ၌ ချထားခဲ့လေသည်။

သို့စီမံဖန်တီးပြီး၍ တစ်လလောက်ကြာသောအခါ ထိုသူဌေးကြီး ကွယ်လွန်အနိစ္စရောက်သွားလေသည်။

လိပ်ရုပ်ကြီးသည်သူဌေးကြီးကွယ်လွန်အနိစ္စရောက်၍ နှစ်ပရိစ္ဆေဒ အတော်ကြာသော်လည်း အနေအထားမပျက်၊ ပင်ကိုအတိုင်းသာရှိနေသည်။ လမ်းသွားလမ်းလာလူအများသည် ထိုလိပ်ရုပ်ကြီးကို သာမညလိပ်ရုပ်ကြီးသာ ဖြစ်သည်ဟု အမှတ်ထားကာဂရုမစိုက်ဘဲ ကျော်၍ကျော်၍သာ သွားနေကြသည်။ အချို့သော လမ်းသွားလမ်းလာများကမူ ထိုလိပ်ရုပ်ကြီးကို ထူးဆန်းသောအနေဖြင့်ကား ကြည့်ရှုသွားကြသည်။ ဤမျှထက်ကား မပိုပေ။ အချို့သော သူများကမူ လိပ်ရုပ်ကြီးကျောက်ကုန်းမှ စ အက္ခရာကို မြင်မိတွေ့မိကြသည်။ သို့ရာတွင်လက်ဆော့သူများ ရေးခြစ်သွားခြင်း ဖြစ်မည်ဟု အမှတ်မဲ့သဘောထားကာ စိတ်မဝင်စားကြ၊ မစူးစမ်း မဆင်ခြင်ကြပေ။ ဤသို့ဖြင့် လိပ်ရုပ်ကြီး နေရာမပျက် ရှိနေသည်မှာ နှစ်ကာလ အတော်ကြာဖြစ်လေသည်။

တစ်နေ့တွင် ရွာဦးကျောင်းမှ ဆွမ်းခံလာသော ကိုရင်ကလေး တစ်ပါးသည် အနည်းငယ်ပင်ပန်းသည်နှင့် လိပ်ရုပ်ကြီးပေါ် ထိုင်၍နားနေမိစဉ် လိပ်ရုပ်ကြီး၏ ကျောက်ကုန်းမှ စ အက္ခရာကို အမှတ်မထင် မြင်တွေ့လိုက်လေသည်။ ဤတွင် ကိုရင်ကလေးသည် ' ဒီ စ အက္ခရာကို

www.burmeseclassic.com

www.burmeseclassic.com



အကြောင်းမဲ့ရေးထားတာတော့ မဟုတ်နိုင်မဖြစ်နိုင်ဘူး၊ ရည်ရွယ်ချက်တစ်ခုခုနဲ့ရေးထားတာဖြစ်လိမ့်မယ်။ ဆွမ်းခံဝင်ချိန်ကလည်း နည်းနည်းတော့စောပါသေးတယ်၊ စာပေဗဟုသုတကို ထောက်ဆလို့ စ အက္ခရာကိုကြံဆရင် အကြောင်းမဲ့ရေးထားခဲ့တာမဟုတ်ရင် ရည်ရွယ်ရင်းကိုတွေ့ရမယ် ' ဟု အသိဝင်လာလေသည်။

သို့နှင့် ကိုရင်ကလေးသည် အစပထမ၌ 'စ' အက္ခရာကို သူ့အရှိအတိုင်းထားသည်။ နောက်တစ်ကြိမ်၌ 'စ' အက္ခရာကိုနောက်(လက်ယာဘက်)သို့လှည့်ရာ 'ဧ' အက္ခရာဖြစ်လာသည်။ တဖန် 'စ'အက္ခရာကို အောက်သို့လှည့်ရာ 'ခ' အက္ခရာဖြစ်လာသည်။ ထို့နောက်တစ်ဖန် 'စ'အက္ခရာကို အထက်သို့ လှည့်ပြန်သော် 'ဗ' အက္ခရာဖြစ်လာသည်။ စိတ်ထဲအသိဝင်လာသည့်အတိုင်း ဤသို့ကြံစည်ပြီးသောအခါ ရှေ့နောက်အနက်အဓိပ္ပာယ် ကိုက်အောင် " ဧစခဗ " ဟု စဉ်လိုက်သည်။ ပြီးမှ ကိုရင်ကလေးသည် စာပေဗဟုသုတ ကြွယ်ဝသူဖြစ်သည့်အတိုင်း 'ဧ'အက္ခရာကိုဧကော၊ 'စ' အက္ခရာကို စုဠော၊ 'ခ' အက္ခရာကို ခနံ၊ 'ဗ' အက္ခရာကို ဗဟု ဟုရေးလိုက်ပြီး " ဧကော–တစ်ကောင်သော၊ စုဠော–လိပ်သည်၊ ခနံ–စည်းစိမ်ဥစ္စာရတနာ၊ ဗဟု–များစွာရှိ၏ " ဟု အနက်ပေးလိုက်သည်။ အဓိပ္ပာယ်အားဖြင့်လည်း " လိပ်၏အတွင်း ရတနာရွှေငွေများစွာရှိ၏ " ဟု ပြန်လိုက်လေသည်။

ဤသို့အားလုံးကြံစည်ပြုလုပ်ပြီးဆုံးသောအခါကိုရင်ကလေးသည် ရွာထဲရှိ မိမိ၏မိဘများကိုခေါ်၍ အကျိုးအကြောင်းပြောပြီး လိပ်ရုပ်ကြီးကို



ခွဲကြည့်နိုင်းသည်။ဤတွင် မိဘများလည်း ခွဲကြည့်ကြလေရာ ကိုရင်ကလေးကြံစည်စဉ်းစားပြောဆိုသည့်အတိုင်း လိပ်ရုပ်ကြီးအတွင်းမှ ရတနာ ရွှေ ငွေများ အပြည့် တွေ့ရလေသည်။ ထိုအခါမှအစ ကိုရင်ကလေး၏ မိဘ ( ခမည်းတော်မယ်တော် )များ ချမ်းသာသွားကြလေတော့သည်။ ကိုရင်ကလေး၏ ပညာဉာဏ် ဂုဏ်သတင်းလည်း ပျံ့နှံ့ ကျော်စောသွားလေတော့သည်။

www.burmeseclassic.com

www.burmeseclassic.com

# မောင်လိမ္မာ

ရှေးအခါက ရွာကလေးတစ်ရွာတွင် အလွန်ရိုးသော ဆင်းရဲသားဇနီးမောင်နှံ၌သားကလေးတစ်ယောက်ရှိ၏။ မိဘနှစ်ပါးသည် သူတို့၏သားကလေးကို ရွာဦးရှိ ဘုန်းတော်ကြီးကျောင်းတွင် ပညာသင်ရန် အပ်နှံထားကြလေသည်။

ထိုဘုန်းကြီးကျောင်းသားကလေးသည် ဆရာမိဘများ ဆုံးမသွန်သင်သည့်အတိုင်း ဘုရား၊တရား၊သံဃာရတနာသုံးပါးကို ရိုသေကြည်ညိုပြီး လိမ္မာယဉ်ကျေးစွာ နေတတ်သူဖြစ်သည်။ အချိန်အားလပ်တိုင်း အခြားကျောင်းသားများကဲ့သို့ ကစားနေခြင်း၊ ဆော့နေခြင်းမရှိဘဲ ဘုရားရှေ့တော်သို့သွား၍တံမြက်စည်းလှည်းခြင်း၊ဘုရားအားရေလှူခြင်း၊ပန်းလှူခြင်းများနှင့် သီလခံယူပြီး ပုတီးစိပ်ခြင်းဟူသော အလုပ်များကိုသာ နေ့စဉ်လုပ်နေလေသည်။ ကျောင်းမှ အိမ်ပြန်ရောက်သောအခါ၌လည်း မိဘနှစ်ပါးကိုရှိခိုးပြီး မိဘများ၏အလုပ်များ ကူညီလုပ်ကိုင်ပေးလေ့ရှိသည်။ သို့ဖြင့် အရပ်ထဲမှ လူများက သူ့ကို ' မောင်လိမ္မာ ' ဟုပင်ခေါ်ကြသည်။

တစ်နေ့သော် မောင်လိမ္မာကလေးသည် ဘုရားရေများ၊ ပန်းများလှူအပြီးတွင် ဘုရားကိုကြည်ညိုနေသောနတ်က မောင်လိမ္မာအား သူသည်အကယ်ပင် နိဗ္ဗာန်ကိုလိုချင်၍လော သို့မဟုတ် ပစ္စည်းဥစ္စာကိုလိုချင်၍လော ဆိုသည်ကို စူးစမ်းလိုသဖြင့် အလွန်ကြောက်မက်ဖွယ်ကောင်းသော ရုပ်ဆင်းသဏ္ဌာန်ကြီးဖြင့် ကိုယ်ထင်ပြလိုက်သည်။



ဤတွင် မောင်လိမ္မာကလေးသည် သူမြင်ရသောအရာကြီးကို ဘီလူးကြီးဟုပင်ထင်မှတ်ပြီး “ အသင်ဘီလူးမင်း ကျွန်ုပ်ကိုစားလိုပါသလား ကျွန်ုပ်အသက်ကို အသင့်အား လှူရမလား ” ဟု ပြောလိုက်သည်။ “ အသင်လူသား ကျွန်ုပ်တို့ဘီလူးဟာလူသားကို စားတဲ့ဘီလူးမျိုးမဟုတ်၊ နတ်ဘီလူးမျိုး ဖြစ်လို့ နွယ်နီနတ်ပန်းကိုသာ စားတဲ့ဘီလူးမျိုးဖြစ်တယ်၊ သင့်အသက် လှူတာကို သည်းခံစေလိုတယ် ” ဟုပြန်ပြောပြီး နတ်သားကွယ်ပျောက်သွားလေသည်။ထို့နောက်ကြောက်မက်ဖွယ် ရုပ်ဆင်းသဏ္ဌာန်မှ နတ်အသွင်ပြန်ယူကာ မောင်လိမ္မာကလေး လိမ္မာပုံကို ချီးကျူးနေလေသည်။

မောင်လိမ္မာကလေးလည်း ဘုရားအာရုံပြုရာမှ အိမ်ပြန်လာပြီး အကျိုးအကြောင်းများကို မိဘများအားပြောပြလေသည်။ မိဘများကမူ သူတို့သား ကျောင်းသားကလေးအား “ နောက်သွားရင် ဒီထက်ကြောက်စရာကြီး တွေ့ချင်တွေ့မယ်၊ ဆင်ဆင်ခြင်ခြင်သွားမှဖြစ်မယ် ” ဟု ပြောကြလေသည်။

“ ကောင်းပါပြီအဖေနဲ့အမေ ကျွန်တော်သတိနဲ့သွားပါမယ်၊ စိတ်ချချ သာနေကြပါ ” ဟုပြောကာ မိဘနှစ်ပါးကိုရှိခိုးပြီး ကျောင်းသို့ပြန်သွားလေသည်။ ကျောင်းရောက်သောအခါ ဘုရားကို ရေများ၊ ပန်းများမလှူရလျှင် မနေနိုင်သဖြင့် ဘုရားသို့သွားပြီး ဘုရားဖူးမြော်ကန်တော့သည်။ ပန်းများ၊ ရေများ ကပ်လှူပူဇော်သည်။ ထိုအခိုက် မောင်လိမ္မာကလေးအနီး ဃိုင်ကြီးတစ်ကောင် ရုတ်တရက် ရောက်လာပြီး “ အသင်လူသားကလေး အသင့်အား ရွှေ ငွေ များပေးလို၍

www.burmeseclassic.com

www.burmeseclassic.com



ကျွန်ုပ်လာခဲ့သည် ” ဟု ပြောလေသည်။ ဤတွင် “ အသင့်မှာ ဘယ် ရွှေ ငွေ များပါလို့လဲ ” ဟု မောင်လိမ္မာကလေးက လိပ်ကြီးအား ပြန်မေးလိုက်သည်။ “ ကျွန်ုပ်ဦးခေါင်းထဲမှာပါ ပါတယ် ယူပါ ” ဟု လိပ်ကြီးကဆိုလေသည်။

“ အသင့်ဦးခေါင်းကိုခွဲပြီး ရွှေ ငွေ တွေကိုယူလိုက်ရင် အသင် သေသွားမှာပဲ။ ကျွန်ုပ်မှာ ပါဏာတိပါတကံထိုက်ပြီး အပါယ်ငရဲကို လားရ ပါလိမ့်မယ်၊ မယူပါရစေနဲ့၊ အသင့်ရွှေ ငွေ တွေလည်းမလိုချင်လဲမလိုချင် ပါ ” ဟု မောင်လိမ်မာကလေးက ပြောလေသည်။

“ အသင်မယူပါနဲ့၊ ပါဏာတိပါတကံ မထိုက်ပါ၊ ကျွန်ုပ် ဦးခေါင်းကို အသင့်လက်နဲ့ ပွတ်သပ်လိုက်ရုံမျှနှင့် ကျွန်ုပ် ဦးခေါင်းအခွံ ကွာသွားပါလိမ့်မယ်၊ အဲဒီအခါ လက်ယာဘက်ကို နှိုက်ရင် ရွှေတွေ့ရပြီး လက်ဝဲဘက်ကိုနှိုက်ရင် ငွေတွေ့ပါလိမ့်မယ် ” ဟု လိပ်ကြီးက မောင်လိမ္မာ ကလေးအား ပြောလေသည်။

သို့နှင့် မောင်လိမ္မာကလေးလည်း ပြောသည့်အတိုင်းလိပ်ကြီး၏ ဦးခေါင်းကို လက်ဖြင့်အသာကလေး ပွတ်သပ်လိုက်သည်။ ထိုအခိုက် လိပ်ကြီး၏ ဦးခေါင်းခွံမှာ ကွာသွားပြီး အတွင်းမှ ဝင်းထိန်ကာ အရောင် တလက်လက်ထွက်နေသည့် အရာများကို မြင်လိုက်သည်နှင့် လက်ဖြင့် နှိုက်ယူလိုက်ရာ ရွှေစကလေးတစ်စကိုတွေ့ရသဖြင့် ယူလိုက်သည်။ ပြီးလျှင် ပါလာသော ပဝါကလေးဖြင့် ထိုရွှေကိုထုပ်လိုက်ရာ ရွှေသည် တစ်ဆ တိုးလာပြန်သည်။ တိုးလာသော တစ်ဆကို ဘုရားအားလှူလိုက်သည်။ ကျန်ရွှေက နှစ်ဆတိုးလာပြန်သည်။



ဤတွင် မောင်လိမ္မာကလေးသည် ဤမျှထက်တိုးလာလျှင် ငါသယ်ယူနိုင်မှာမဟုတ်ဟုဆိုကာ တိုးလာသော ရွှေများကို ပဝါကလေးနှင့် တင်းကျပ်စွာထုပ် လိပ်ဦးခေါင်းမှ ကွာကျလာသောအခွံကိုပြန်တပ် ဘုရားကို ရှိခိုးကန်တော့ပြီး အိမ်သို့ ပြန်လာလေသည်။

လိပ်ကြီးလည်းသူ၏ဦးခေါင်းမှ ကွာကျသောအခွံကို မောင်လိမ္မာ က ပြန်တပ်ပေးလိုက်သည်နှင့် မိမွေးတိုင်း ဖမွေးတိုင်း ပြန်ဖြစ်သွားသည်။ နေရာပင် မထင်ပေ။ အမှန်မှာ လိပ်ကြီးသည် တကယ့်လိပ်သတ္တဝါကြီး မဟုတ်၊ ဘုရားကိုကြည်ညိုနေသော နတ်ကဖန်ဆင်းထားသော လိပ်ကြီး သာဖြစ်သည်။

မောင်လိမ္မာကလေး အိမ်ပြန်ရောက်သွားသည်ဆိုလျှင် သူ၏ မိဘများက ဘာကြောင့် နေ့တိုင်းထက် အချိန်စောစော ပြန်လာသည် ဆိုသည်ကိုဆီး၍မေးကြသည်။ မောင်လိမ္မာကလေးလည်း အကျိုးအကြောင်း များကို မိဘများအားပြောရင်း သူ့လက်ထဲပါသော ရွှေထုပ်ကလေးကို ဖြေပြလေရာ ထိုအခိုက်မှာပင် ရွှေကတစ်ဆတိုးလာပြန်သည်။ မိဘနှစ်ပါး လည်း အားရဝမ်းသာနှင့် ထိုရွှေထုပ်ကလေးကိုယူပြီး တောင်းတစ်လုံးထဲ ပစ်ချလိုက်ရာ ရွှေများ တောင်းနှင့်အပြည့် ဖြစ်လာလေတော့သည်။ သို့နှင့် ထိုအချိန်မှအစ သူတို့မိသားစုအားလုံး သူဌေးဖြစ်လာကြလေတော့သည်။

ထိုရွာနှင့်မနီးမဝေး ရွာတစ်ရွာတွင် သူဌေးတစ်ဦးရှိလေသည်။ ထိုသူဌေးသည် မောင်လိမ္မာကလေးတို့ သူဌေးဖြစ်လာပုံကိုကြားသောအခါ များစွာ မနာလိုဝန်တိုစိတ်ဖြစ်လာသည်။ သို့နှင့်သူလိပ်တစ်ကောင်တည်းဖြင့် ဤမျှလောက်ဌေးလာလျှင်ငါလိပ်တွေအများကြီးမွေးပြီး ရွှေရှာရက သူ့ထက် အများကြီး ရနိုင်သည်ဟုဆိုပြီး လိပ်များစွာကို အဖိုးများစွာပေးဝယ်၍

www.burmeseclassic.com

www.burmeseclassic.com



အုတ်ရေကန်ကြီးတစ်ကန်ဖြင့်ထည့်လှောင်ထားကာ တစ်နေ့လျှင်တစ်ကောင်ကျ လိပ်ဦးခေါင်းကို ခွဲ၍ ခွဲ၍ ရွှေရှာလေသည်။ သို့သော် သူမွေးထားသည့် လိပ်များသာ ကုန်လုနီးပါးဖြစ်လာသည်။ သူမျှော်လင့်သည့်အတိုင်း ရွှေကားမရပေ။

တစ်နေ့သော် ထိုသူဌေးအိမ်သို့ရွှေလိမ်ဆရာတပည့်နှစ်ယောက်ရောက်လာပြီး ရွှေများကို တစ်ဆကနှစ်တိုးလာအောင် လုပ်တတ်သူများဖြစ်ကြောင်း သူဌေးအားပြောကြလေသည်။ အစကတည်းကမှ မောင်လိမ္မာအပေါ် မနာလိုဝန်တိုပြီး မောင်လိမ္မာထက်သာချင်နေသော သူဌေးသည် ထိုရွှေလိမ်ဆရာတပည့်နှစ်ယောက်ကို ဘယ်မှမသွားစေဘဲ သူ့အိမ်မှာသာနေစေပြီး ရွှေများကိုတိုးပွားအောင် လုပ်ပေးဖို့ပြောလေသည်။

ထိုအချိန် သူဌေးမွေးထားသော လိပ်များ၏အုတ်ရေကန်ကြီးအနီး ဖွတ်တစ်ကောင် ရောက်လာလေသည်။ လိပ်များက ထိုဖွတ်အား 'သူတို့ကို အကူအညီပေးပါ၊သူဌေးကသူတို့ကိုတစ်နေ့တစ်ကောင်သတ် သတ်ပြီး ရွှေရှာနေပါတယ်။ သင်တက်က တက်သောအိမ် မွဲသည်ဟုကြားဖူး၍ ထိုသူဌေးအိမ်သွား၍ တက်စေလိုပါတယ်' ဟု တောင်းပန်ပြောဆိုကြသည်။

ဖွတ်လည်း'ကောင်းပြီ'ဟု ဝန်ခံပြီးသူဌေးအိမ်ကိုတက်ရန်သွားသည် သူဌေးအိမ်အနီးသို့ရောက်သောအခါ သူဌေးအိမ်ကို မော့ကြည့်လိုက်သည်။ ဤတွင် ရွှေလိမ်ဆရာတပည့်နှစ်ယောက် သူဌေးအိမ်ပေါ်တွင် ရောက်နေသည်ကိုမြင်သည်နှင့်မတက်တော့ဘဲလိပ်များထံပြန်လာပြီး " အဆွေလိပ်များ အဆွေတို့ ဘာမျှပူစရာမရှိတော့ပါ၊ သူဌေးမွဲပါတော့မယ်၊ ကျွန်ုပ်တက်နေ



စရာ မလိုတော့ပါ၊ သူ့အိမ်ပေါ်မှာ ရွှေလိမ်ဆရာတပည့်ရောက်နေပါပြီ " ဟု ပြောပြီး ဖွတ်ကြီး တခြားထွက်သွားလေသည်။

သူဌေးလည်း ထိုဆရာတပည့်ကိုယုံ၍ ရွှေများထုတ်ပေးပြီး တိုးအောင်အလုပ်ခိုင်းလေသည်။ ဆရာတပည့်လည်း မန်းဟန် မှုတ်ဟန်ဆောင် မီးများထွန်းပြီး သူတို့တွင်ပါလာသော ရွှေအတုများဖြင့် မသိအောင် အစားထိုးပြီး သူဌေးရွှေကို တိုးအောင်လုပ်ပြလိုက်သည်။ သူဌေးသည် ပိုမိုယုံကြည်လာသဖြင့် ရှိသမျှ အားလုံးထုတ်ပေးပြီး တိုးပွားအောင် လုပ်ခိုင်းတော့သည်။ ရွှေလိမ်ဆရာတပည့်လည်း လိမ်မြဲအတိုင်း တစ်ညလုံးလိုလို ဆေးဖယောင်းတိုင်မီးများထွန်း၊ မန်းဟန် မှုတ်ဟန်ဆောင်နေပြီး သူဌေးအိပ်သောအခါ ရွှေအစစ်များကိုယူ၊ ရွှေအတုများကိုထားခဲ့ပြီး ထွက်သွားကြ လေတော့သည်။

နံနက်လင်း၍ ဆရာတပည့်နှစ်ယောက်ကို သူဌေးရှာသောအခါ မတွေ့ရတော့သည့်အပြင် ရွှေအစစ်များလည်း ပျောက်ဆုံးနေပြီး ရွှေအတုများကိုသာ တွေ့ရလေတော့သည်။ သူဌေးသည် မောင်လိမ္မာထက် ပိုဌေးမလာဘဲ မွဲသွားရလေတော့သည်။

www.burmeseclassic.com

www.burmeseclassic.com



## ဟ သူတော် နဖင်ခြုံး

ရှေးအခါက တောရွာတစ်ရွာနှင့် မနီးမဝေးတွင် တောကျောင်းတစ်ကျောင်း၌ တောထွက်ဘုန်းကြီးတစ်ပါးနှင့် ဖိုးသူတော်တစ်ယောက် နေထိုင်ကြ၏။

ဖိုးသူတော်သည် ဘုန်းကြီးအားဆွမ်းခံ၍ ဝတ်ပြုနေသူဖြစ်ရာ တစ်နေ့တွင် အိမ်တစ်အိမ်မှ ဖွတ်သားဟင်းချက်၍ ဖိုးသူတော်ကြီးအား လောင်းလှူလိုက်၏။ ကျောင်းသို့ရောက်သော် ဖိုးသူတော်ကြီးသည် နေ့တိုင်းကဲ့သို့ ဆွမ်းပွဲပြင်ပြီး ဘုန်းကြီးပင့်ကာ ဤဟင်းက ဝက်သားဟင်းပါဘုရား၊ ဤဟင်းက ကြက်သားဟင်းပါဘုရား စသည်ဖြင့် လျှောက်ထားပြီး ထိုနေ့တွင် ဟင်းထူးရခဲ့သေးကြောင်း လျှောက်ထားသည်။ ဘုန်းကြီးသည် လက်ဆေးရင်း " ဘာဟင်းများလဲဟဲ့ သူတော် " ဟုမေးလိုက်၏ ဖိုးသူတော်က " ဖွတ်သားဟင်းပါဘုရား " ဟုလျှောက်ထား၏။ " အေး ငါဒီအသက်အရွယ်ထိ ဒီအသားကိုမစားဖူးသေးဘူး၊ ဘယ်လိုများအရသာ

www.burmeseclassic.com

www.burmeseclassic.com



ထူးရှိသလဲဆိုတာ မြည်းကြည့်ရတာပေါ့ကွာ ” ဟုဆိုပြီး ဘုဉ်းပေးကြည့်ရာ အရသာတွေ့၍ ထိုဖွတ်သားဟင်းပန်းကန်ကိုပင် ဆွမ်းဖြင့်လွေးကာ ဘုဉ်းပေးလိုက်လေသည်။

ဖိုးသူတော်ကြီးကလည်း ‘ ငါလဲဒီအသားဟင်းကို ဒီအရွယ်ထိ မစားဖူးသေးဘူး၊ ဘုန်းကြီးပြီး ငါပဲ ’ဟု စိတ်ထဲကကြိမ်းထားသည်။ ဘုန်းကြီး ဆွမ်းစားပြီး၍ ဖိုးသူတော်အလှည့်သို့ ရောက်သောအခါ သူစားလိုသောဟင်းကုန်နေသည်ကို တွေ့ရသဖြင့် “ ဘုန်းကြီးဆိုတာ ငါက ကပ်မှသာ စားရတာပါ၊နောက်တစ်ခါကျရင် ငါ့အလှည့်ပေါ့ကွာ ”ဟု ဖိုးသူတော်သည် မကျေမနပ်နှင့် နှုတ်မှ ရေရွတ်ပြောဆိုနေလေသည်။

တစ်နေ့တွင် ဘုန်းကြီးသည် ကျောင်း၏ အရံအတား အကာဖြစ်သော ဆူးရိုး ( ခရိုး )ကို လုံခြုံမှုရှိမရှိ လျှောက်၍ကြည့်ရှုနေစဉ် ဖွတ်ကြီးတစ်ကောင် ကျောင်းဝင်းဘက်ရှိ မန်ကျည်းပင်ပေါ်သို့ ပြေးတက်သွားသည်ကိုမြင်လိုက်၍ “ ဟဲ့ သူတော် သူတော် ” ဟု ထိတ်ထိတ်လန့်လန့်ခေါ်လိုက်သည်။ ဦးသူတော်လည်း အနီးသို့ လျင်မြန်စွာ ရောက်လာခဲ့၏။ ဤတွင် ဘုန်းကြီးသည် မိမိ၏ ဣန္ဒြေကို မပျက်စေရန် အထူးသတိထားပြီး “ ဒီ မန်ကျည်းပင်ကိုင်းဘယ်နှစ်ကိုင်းရှိသလဲ ရေစမ်း ” ဟု ပြောလိုက်သည်။

ဦးသူတော်သည် ဘာရည်ရွယ်ချက်နှင့် ခိုင်းသည်ကို မရိပ်မိချေ။ “ တစ်ကိုင်း၊ နှစ်ကိုင်း၊ သုံးကိုင်း၊ လေးကိုင်း၊ ငါးကိုင်း ရှိပါသည် ဘုရား ” ဟု လျှောက်ထား၏။ “ ဟ သူတော် ထပ်ရေစမ်းပါဦး ” ဟု



သုံးကြိမ်အထိခိုင်း၏။ နောက်ဆုံးအကြိမ်တွင်မှ ဦးသူတော်သည် ဖွတ်ကြီးပိုးနေသော အကိုင်းကိုမြင်သည်နှင့် “ တစ်ကိုင်း၊ နှစ်ကိုင်း၊ သုံးကိုင်း၊ လေးကိုင်း၊ ဖွတ်ကိုင်း ” ဟု လျှောက်လိုက်သည်။ ဘုန်းတော်ကြီးသည် “ ဝိနည်းတတ် ကြက်သတ် ” ဆိုသကဲ့သို့ “ ဟဲ့ သူတော် အဲဒီ ဖွတ်ကြီးကိုသတ်လား ပြုလား လုပ်မနေနဲ့နော် ” ဟု ပြောဆိုပြီး ကျောင်းတွင်းသို့ ဝင်သွားတော့သည်။

ဦးသူတော်ကြီးသည် ဘုန်းကြီး၏ ဆိုလိုမှုအဓိပ္ပာယ် အမှုအရာကို ရိပ်မိ၍ ဖွတ်ကြီးကိုသတ်လိုက်လေသည်။ ထိုရသောဖွတ်ကြီးကို ယူပြီး ဘုန်းတော်ကြီးအားပြရာတွင် ဘုန်းကြီးက “ မိုက်ပါဘိ သူတော်ရယ် သွားသွား ဒီအသားတွေ ချက်လားပြုတ်လား လုပ်မနေနဲ့ ” ဟု ပြောဆိုလိုက်ပြန်သည်။ ဦးသူတော်သည် တစ်ဆင့်တက်၍ ကောင်းမွန်စွာ ချက်ပြုတ်ပြီး ဘုန်းကြီးအား တဖန်ပြပြန်၏။ ဘုန်းကြီးသည် အချိန်လွန်နေပြီဖြစ်သဖြင့် “ နက်ဖြန်ကျတော့ ဒီဟင်း ငါ့ကိုကပ်လားပြုလား လုပ်မနေနဲ့နော် ” ဟု အမိန့်ရှိလိုက်သည်။ ဦးသူတော်ကမူ ‘ အရင်တစ်ခါ ဆွမ်းဟင်းခွက်တုန်းက ဒီဘုန်းကြီးဟာ ငါစားဖို့မချန်ဘူး ဒီတစ်ခါလည်း ငါစားရမယ်မထင်ဘူး အဲဒီတော့ ဒီဟင်းတွေကို ငါအကုန်စားပြီး ခြင်ကောင် ယင်ကောင်တွေ အိုးထဲဖမ်းထည့်ထားရင် ငါ့အကြံအောင်နိုင်တယ် ’ ဟု ကြံစည်၍ ဖွတ်သားတစ်အိုးလုံးကုန်အောင် အဝအတင်းစားပြီး ခြင်ကောင် ယင်ကောင်များကို ထိုအိုးထဲ ပြည့်အောင် ဖမ်းထည့်ထားလိုက်လေသည်။

www.burmeseclassic.com

www.burmeseclassic.com



နောက်တစ်နေ့ ဘုန်းကြီး ဆွမ်းပွဲအရောက်တွင် ဖိုးသူတော်သည် ဖွတ်သားဟင်းအိုးကြီးကို မ ချီလာကာ ဘုန်းကြီးအနီးတွင် ချလျက် ဟင်းကို ခပ်မည်ပြုဟန်ဖြင့် ဖွင့်လိုက်ရာ ခြင်များ ယင်များ တဝီဝီမြည်လျက် အထက်သို့ ပျံတက်သွားသည်ကို အံ့ဩစွာ မြင်ရ၍ " ဟ သူတော် မင်းဟင်းတွေ ဘယ်ရောက်ကုန်သလဲ မရှိတော့ပါလား " ဟု ဘုန်းကြီးကမေးလိုက်သည်။ " ဒီခြင်ကောင် ယင်ကောင်တွေ စားလို့ကုန်ပါပြီဘုရား "ဟု ဖိုးသူတော်က လျှောက်လိုက်သည်။ ဖိုးသူတော်က လှည့်ဖြားလျှောက်ထားသည်ကို ဘုန်းကြီး မသိရှာ ။ ထို့ကြောင့် ခြင်နှင့်ယင်များကို အလွန်ဒေါသဖြစ်သဖြင့် မြင်လျှင်တွေ့လျှင် ဘယ်နေရာမဆို ရိုက်ရမည် ဟု ပြောလိုက်သည်။ ထို့နောက် မကြာမီပင် ဘုန်းကြီး၏နဖူးတွင် ခြင်တစ်ကောင် လာနားသည်ကိုသိ၍ " ဟ သူတော် နဖင်ခြူး " ဟု ဘုန်းကြီးက ပြောလိုက်သည် ဤတွင် ဦးသူတော်သည် ဘုန်းကြီး၏ နဖူးတွင် နားနေသော ခြင်ကောင်ကို အနီးရှိ ကြေးစည်ထုဖြင့် တအားထုရိုက်လေရာ ဘုန်းတော်ကြီးမှာ ဒဏ်ရာအနာတရ မရသော်လည်း အတော်ကြာမူးမေ့သွားပြီးမှ သတိပြန်ရလာလေတော့သည်။

မှတ်ချက်။ ။ ' ဆူးရိုး ' ဟူသော အသုံးအနှုန်းကို ပုဂံနယ်တွင် ' ခရိုး ' ဟု သုံးစွဲပါသည်။

# ငအေး ဘုန်းကြီးပင့်နည်း

လွန်ခဲ့သော နှစ်ပေါင်း ၆၀ ကျော်လောက်က ( အင်း၀ ) တံတားဦးရွာတွင် ကြက်ဆူပစ်ရပ်၌ လွှထောင်ဦးဘိုးသိန်းဆိုသူတစ်ယောက်ရှိ၏။ တစ်နေ့သောအခါ လွှထောင်ဆရာသည် နောက်တစ်နေ့နံနက် မိမိအိမ်တွင် သံဃာတော်များကို နံနက်ဆွမ်းကပ်ရန် အိမ်မှ တပည့်တပန်းများအား ဘုန်းကြီးပင့်ခိုင်းထား၏။ သူနှင့် ဆရာဒကာအလွန်ရင်းနှီး၍ ကိုးကွယ်သော ကျောက်စာတိုင်ကျောင်းတိုက် ဆရာတော်ကိုမူ သူ၏ တပည့် လွှသမားငအေးကို အပင့်လွှတ်လိုက်လေသည်။

ငအေးသည် ဆရာစေခိုင်းသည့် အတိုင်း ကျောက်စာတိုင် ကျောင်းတိုက် ဆရာတော်ထံသို့ သွားရောက်သည်။ ဆရာတော်နှင့် တွေ့သောအခါ ၀တ်ချကန်တော့ပြီး " အရှင်ဘုရား နက်ဖြန်မနက်မှာ အားပါသလား ဘုရား " ဟု ဆရာတော်အား လျှောက်ထားသည်။ ဆရာတော်က " ငါတို့ ဘုန်းကြီးမှာ မအားတယ်လို့ မရှိပါဘူး အားပါတယ် " ဟု အမိန့်ရှိလိုက်သည်။ ဤတွင် ငအေးက "ဒါဖြင့် ဘုရား လွှထောင်ကြီး ဦးဘိုးသိန်း ဆွမ်းကျွေးနှင့် အတော်ပဲဘုရား "ဟု လျှောက်ထား၍ ကန်တော့ဝတ်ချပြီး ကျောင်းမှပြန်လာခဲ့သည်။

နောက်တစ်နေ့ နံနက်ရောက်သောအခါ လွှထောင်ကြီးဦးဘိုးသိန်း အိမ်၌ သံဃာတော်များ အစုံအညီ ကြွရောက်လာကြပြီ ဖြစ်သည်။ မိမိကိုးကွယ်သော ကျောက်စာတိုင် ဆရာတော်ကား မရောက်သေးပေ။ သို့နှင့် " ဟဲ့ ငအေး ဆရာတော်ကို ပင့်ခဲ့ရဲ့လား " ဟု

www.burmeseclassic.com

www.burmeseclassic.com



မေးမြန်းရလေသည်။ ငအေးကလည်း ပင့်ခဲ့ပါသည်ဟုပြောသည်။ သို့သော် အတန်ကြာသည်တိုင်အောင် ဆရာတော် ကြွမလာသဖြင့် ဦးဘိုးသိန်း ကိုယ်တိုင် ကျောင်းသို့ ခပ်သုတ်သုတ်သွားရောက်သောအခါ ဆရာတော်ကို အခန့်သင့်ပင်တွေ့သည်နှင့် " အရှင်ဘုရား မေ့နေပါသလားဘုရား၊ ငအေးကို တပည့်တော်အိမ် ယနေ့နံနက် ဆွမ်းဘုဉ်းပေးကြွရန် အပင့်ခိုင်းလိုက်ပါတယ်၊ ငအေးမနေ့က မလာဘူးလားဘုရား "ဟု လျှောက်မေးလိုက်သည်။ ဘုန်းတော်ကြီးက " ငအေးတော့ လာပါရဲ့၊ ငါ့ကိုတော့ မပင့်ပါ၊သူကငါ့ကို အရှင်ဘုရား နက်ဖြန်နံနက်မှာ မအားဘူးလားဘုရားလို့ လျှောက်တယ် ဒီတော့ငါက ဘုန်းကြီးဆိုတာ မအားတယ်လို့ မရှိပါဘူး အားပါတယ်လို့ပြောတော့၊ ငအေးက ဒါဖြင့်ရင် လွှတ်တော်ကြီး ဦးဘိုးသိန်း ဆွမ်းကျွေးနှင့် အတော်ပဲဘုရား လို့သာလျှောက်သွားတယ်၊ ငါ့ကို ကနေ့မနက် ဒကာမောင်ဘိုးသိန်းအိမ် ဆွမ်းစား ကြွပါလို့တော့ လျှောက်မသွားဘူး၊ အဲဒီတော့ ငါလာရမှာလား မောင်ဘိုးသိန်းရ " ဟု ပြောလေသည်။ ထိုအခါမှဦးဘိုးသိန်းသည် " အခုပဲ ဘုရားတပည့်တော် နေအိမ်ကို ဆွမ်းဘုဉ်းပေးကြွဖို့ ပင့်လျှောက်ပါတယ်ဘုရား " ဟု ထပ်မံပြီး ပင့်ခဲ့ရလေသတည်း။

# ဒေါသကြီးသော ကပ္ပိယ

တစ်ရံရောအခါက အိမ်ခြေတစ်ရာခန့်ရှိသော ရွာတစ်ရွာတွင် အသက် ၄၀ ကျော်ရှိသော လူပျို[illegible]းကိုကျောက်ခဲဆိုသူ တစ်ဦးရှိ၏။ ကိုကျောက်ခဲသည် အလွန်ဒေါသကြီး၍ ရွာထဲရှိ မည်သူနှင့်မျှ မတည့်ရုံမက အစ်မအရင်းဖြစ်သူ ဒေါ်ရွှေစာနှင့်ပင် တကျက်ကျက် ရန်ဖြစ်လေ့ရှိသည်။

ထို့ကြောင့် ရွာဦးကျောင်းရှိ ဘုန်းတော်ကြီးက လူပျိုကြီး ကိုကျောက်ခဲအားမိမိ၏ တပည့်ဖြစ်၍ သနားကြင်နာသည့်အလျောက် ရွာထဲ၌ မနေစေဘဲ မိမိကျောင်းသို့ ခေါ်ပြီး ကပ္ပိယလုပ်နေစေသည်။

ကပ္ပိယကိုကျောက်ခဲသည် အများနှင့်ဆက်ဆံရာတွင် ဒေါသကြီး သော်လည်း ဆွမ်းချက် ဟင်းချက် လက်ဖက်ရည်အိုးတည် စသော ဝေယျာဝစ္စအလုပ်များကို တစ်ယောက်တည်းလုပ်နေရလျှင် သီချင်း ကလေး တအေးအေးနှင့် စိတ်ရှည်လက်ရှည် သေသေချာချာ လုပ်လေ့ရှိသူဖြစ်သည်။

တစ်နေ့သော် ကပ္ပိယကိုကျောက်ခဲသည် မီးဖိုထဲတွင် ဆွမ်းများ ဟင်းများ ချက်ပြီး၍ လက်ဖက်ရည်အိုး တည်နေသည်။ ဒေါ်ရွှေစာသည် လည်း ကျောင်းသို့ ဆွမ်းပို့လာလေရာ ကျောင်းထိုင် ဘုန်းတော်ကြီးက " ဟဲ့ ရွှေစာ ဒီနှစ် သကြံန်တွင်းမှာ ဟိုရွာကလူ ဒီရွာကလူတွေနဲ့ ကျောင်းမှာ ရေအိုးတွေ တစ်ရာကျော်လောက်ရှိတယ်၊ အဲဒါ ကျောင်းမှာလည်း သုံးဖို့

www.burmeseclassic.com

www.burmeseclassic.com



မကုန်တော့ တစ်ရွာလုံး တစ်အိမ်တစ်လုံးစီ ယူသုံးကြပေါ့၊ ဟိုမီးဖိုထဲမှာ ရေအိုးတွေထားတယ်၊ ကပ္ပိယကျောက်ခဲကို ပြောပြီး ရေအိုးတစ်လုံးယူသွား ရွာထဲက လူတွေကိုလည်း တစ်အိမ်တစ်လုံးစီ ယူသုံးကြဖို့ ပြောလိုက် ” ဟု အမိန့်ရှိလေသည်။

ဒေါ်ရွှေစာကလည်း “ တင်ပါ့ဘုရား ”ဟု လျှောက်ထား၍ မီးဖိုထဲသွားပြီး မောင်ဖြစ်သူကပ္ပိယအား ပြောပြီး ရေအိုးတစ်လုံး ယူလေသည်။ ဤတွင် ကိုကျောက်ခဲက “ ဟေ့ အစ်မ မယူရဘူး ၊ မယူရဘူး ဘယ်သူမှ မယူရဘူး ပြန်ထားခဲ့ ” ဟု ခပ်တည်တည်နှင့် ပြောလေသည်။

ဒေါ်ရွှေစာက “ ဟင် နင်ဒါကြောင့် လူပျိုကြီးကပ္ပိယဖြစ်နေတာ ဘုန်းကြီးက ယူနိုင်းလို့ယူတာပဲ၊ ယူတော့ ဘာလုပ်ချင်သေးသလဲ ” ဟု ခပ်ငေါက်ငေါက် ပြောပြီး မောင်ဖြစ်သူအား လှောင်ပြုံးပြုံးကြည့်ကာ ယူသွားလေသည်။

ကပ္ပိယကိုကျောက်ခဲသည် ဆရာဘုန်းတော်ကြီး၏ အမိန့်အရ မိမိနှင့်မတည့်သော အစ်မဒေါ်ရွှေစာက ရေအိုးတစ်လုံး ယူသွားသည်ကို မြင်ရ၍ ဒေါသဖြစ်နေရုံမက မိမိနှင့် မတည့်ကြသော တစ်ရွာလုံးကလည်း ဤသို့ ကိုယ်စီကိုယ်စီ ရေအိုးများကို လာယူကြဦးမည်ကို မြော်တွေးမိကာ ပို၍ပို၍ စိတ်ဆိုးလာသည်။ သို့နှင့် သူ့ရှေ့က အိုးခွက်များကိုပင် မမြင်တော့ဘဲ မီးရဲရဲနှင့် မီးစကြီးကို ဆွဲကိုင်ပြီး မီးဖိုထဲရှိ အိုးခွက်များကို နင်းကာ “ ယူဦးဟ ယူဦးဟ ” ဟု အော်ရင်း ရေအိုးတစ်ရာကျော်ကို တခွမ်းခွမ်းနှင့် ရိုက်ခွဲပစ်လေသတည်း။

# ကားရားလေးချက် အဖေါ်ခက်

အရင်တုန်းက တောကျေးလက် ရွာတစ်ရွာ၌ စာပေကျမ်းဂန် ဗဟုသုတများကို အလွန်လေ့လာလိုက်စား မှတ်သား ည့် ဘုန်းတော်ကြီး တစ်ပါး သီတင်းသုံး နေထိုင်လျက်ရှိ၏။ ဘုန်းတော်ကြီးကျောင်းတွင် တပည့်ရဟန်း၊ ကိုရင်၊ ကျောင်းသားများလည်း အများအပြား ပညာသင်ယူလျက်ရှိကြလေသည်။

တစ်နေ့သော် ကိုရင်ကလေးတစ်ပါးသည်ကျောင်းဝင်းအတွင်းရှိ ဇရပ်ခေါင်းပန်းတွင် “ ကားရားလေးချက် အဖေါ်ခက် ” ဟူသောစာတန်းကို မြေဖြူဖြင့် ရေးထားလိုက်သည်။ ကိုရင်ကလေး စာတန်းရေးသည်ကို မည်သည့်ကိုရင်၊ ကျောင်းသားမျှလည်း မသိမမြင်လိုက်ကြပေ။

ဆရာဘုန်းတော်ကြီးသည် မကြာမီပင် ဤစာတန်းကို မြင်လေရာ တစ်နေရာရာနှင့် သက်ဆိုင်သည့် စာတန်းပင်ဖြစ်မည်၊ စာပေကျမ်းဂန် တစ်နေရာရာတွင် ပါရမည်ဆိုကာ မှတ်သားထားလိုက်ပြီး စဉ်းစားနေလေသည်။

ထိုစာတန်းနှင့် ပတ်သက်၍ စဉ်းစားကြံဆ၍ မရသောအခါ ဘုန်းတော်ကြီးသည် စာတိုက်ဘီရှိသို့သွားပြီး ပေစာထုပ်များကို လှန်လှော ရှာသည်။ ဟိုစာထုပ် သည်စာထုပ်များသာ ကုန်သွားသည်၊ မည်သည့် အထုပ်တွင်မျှ မတွေ့ပေ။ သို့ရာတွင် ဘုန်းတော်ကြီးသည် မလျှော့ဘဲ ထပ်ကာထပ်ကာရှာသည်။ ချွေးများဒီးဒီးကျ၍ ဖတ်ဖတ်သာမောတော့သည်။ ထိုစာတန်းနှင့်တိုက်ရိုက်သော်လည်းကောင်း၊ ဆီဆိုင်ရုံမျှသော်လည်းကောင်း

www.burmeseclassic.com

www.burmeseclassic.com



မတွေ့ရပေ။ သို့နှင့် ဘုန်းတော်ကြီးသည် စာထုပ်ပေထုပ်များကို သိမ်းထားလိုက်ပြီး သူ့တပည့် ကျောင်းသား၊ ကိုရင်များကို တုံးခေါက်၍ ခေါ်လိုက်သည်။

တပည့်များသည် ဆရာဘုန်းတော်ကြီး တုံးခေါက်သံ ရပ်သွားသည်နှင့် တပြိုင်နက် ဆရာဘုန်းတော်ကြီးအနီးသို့ စုရုံးရောက်ရှိလာကြပြီးကိုရင်များကကိုရင်များနေရာ၊ ကျောင်းသားများကလည်းကျောင်းသားများနေရာတွင် အရိုအသေပေးလျှက် ထိုင်ကြလေသည်။

" ဇရပ်ခါးပန်းမှာ ' ကားရားလေးချက် အဖော်ခက် ' ဆိုတဲ့ စာတန်းကို ဘယ်သူရေးသလဲ၊ ဘယ်သူရေးတာကို သိကြမြင်ကြသလဲ " ဟု ဘုန်းတော်ကြီးကဣန္ဒြေကြီးမားစွာဖြင့်တပည့်များအား မေးလိုက်သည်။

အခက်တွေ့ကြရလေပြီ စာတန်းရေးမိသော ကိုရင်ကလေးကလည်း ငါရေးတာ ဘုန်းတော်ကြီး သိသွားပြီထင်သည်၊ ဤမျှ ခြေဆော့လက်ဆော့ နိုင်ရပါမို့လားဆိုပြီး ဘုန်းတော်ကြီးက ရိုက်တော့မည်ဆိုကာ ဒူးတုန်နေသည်။ အခြားကျောင်းသား ကိုရင်များကလည်း ငါတို့လည်း မရေးရ၊ မည်သူရေးသည်ဆိုသည်ကိုလည်း ငါတို့မသိ၊ မလျှောက်နိုင်လည်းနင်တို့ အလွန်း၊ နလွန်းသည်ဆိုကာ သေသေချာချာ အရိုက်ခံရတော့မည်ဟု အောက်မေ့ပြီး ကျောချမ်းနေကြသည်။ မည်သည့်ကျောင်းသား ကိုရင်ထံကမှ အဖြေ ဟူ၍ကား ထွက်မလာပေ။

အတန်ကြာသွားသောအခါ သူ့တပည့်များ ကြောက်နေကြပြီး မည်သူကမျှ မလျှောက်ဝံ့ကြဟု၊ အကဲခတ်မိသော ဘုန်းတော်ကြီးက



" ဘယ်သူရေးတယ်ဆိုတာကို လျှောက်ပါ၊ သိမြင်ကြလို့ရှိရင်လည်း သိမြင်ကြတဲ့အတိုင်းလျှောက်ပါ၊ မရိုက်ပါ၊ အဓိပ္ပာယ်သိဖို့နဲ့ ဘယ်က ပါတဲ့စာဆိုတာ သိရအောင်မေးတာပါ " ဟု ဆိုလိုက်လေသည်။

ဤတွင်မှ အခြားကိုရင် ကျောင်းသားများလည်း အကြောက်ပြေသွားကြပြီး စာတန်းရေးသည့် ကိုရင်ကလေးလည်း အရိုက်မခံရတော့ဆိုသည်ကို သိသဖြင့် ထိုင်ရာမှထ၍ရှေ့အနည်းငယ်တိုးပြီး လက်အုပ်ချီကာ " မှန်လှပါဆရာတော် အဲဒီစာတန်းကို အခြားသူများ ရေးတာမဟုတ်ပါ၊ တပည့်တော်ရေးတာပါဘုရား " ဟုလျှောက်ထားလိုက်သည်။

" ကောင်းပြီ ဒီလိုဆိုရင် မင်းရေးတဲ့စာရဲ့ အဓိပ္ပာယ်ကို မင်းသိသလား၊ သိရင်ငါ့ကိုလျှောက်စမ်း " ဟု ဆရာဘုန်းတော်ကြီးက ဆိုလိုက်ပြန်သည်။

" မှန်လှပါ ဆရာတော် တပည့်တော်ရေးတဲ့စာရဲ့ အဓိပ္ပာယ်ကို တပည့်တော် သိပါတယ်၊ ကားရားလေးချက် အဖော်ခက် ဆိုတာဟာ ' ကင်း ' ( ကင်းကောင် ) ဖြစ်ပါတယ်၊ ကင်းများဟာ အိပ်ကားရား၊ စားကားရား၊ သွားကားရား၊ သေကားရား ဖြစ်ပါတယ်၊ ဘယ်တော့မှ ပြောင်းလဲတယ်လို့ မရှိပါဘုရား " ဟု စာတန်းရေးသည့် ကိုရင်ကလေးက လျှောက်ထားလိုက်သည်။

ဤတွင်မှ ဘုန်းတော်ကြီးလည်း တပည့်ကိုရင်ကလေး ရှင်းလင်းလျှောက်ထားသည်ကို သဘောကျပြီး " အေး အေး " ဟု ဆိုလိုက်ပြီး တပည့် ကျောင်းသား ကိုရင်များအားလုံး သွားခွင့်ပြုလိုက်လေသတည်း။

www.burmeseclassic.com

www.burmeseclassic.com



## တူသော အကျိုးပေးလိမ့်မယ်

ရှေးရှေးအခါက တောရွာကြီးတစ်ရွာရှိ ဘုန်းကြီးကျောင်း၌ အလွန်တရာရိုးသား၍ စိတ်ကောင်းနှလုံးကောင်းရှိသည့် ဖိုးသူတော်တစ်ဦး ရှိလေ၏။

ထိုဘုန်းကြီးကျောင်းဝင်းတွင် သရက်၊ ပိန္နဲ၊ မာလကာ၊ ဩဇာ၊ သလဲ၊ ရှဲယို၊ ကြောင်လျှာ၊ နာနတ်၊ ငှက်ပျောမှစ၍ စားသုံး သီးပင်များကလည်း စေ့စေ့ဆာဆာနှင့် ဥယျာဉ်ကြီးတမျှ စည်စည်ကားကားရှိလှသည်။ သစ်ပင်ပန်းမာလ် ပေါများသလောက် သစ်ရွက်ခြောက် အမှိုက်များကလည်း ပေါများလှပေသည်။

ဖိုးသူတော်သည် နံနက်စေလီစေလင်း အချိန်တွင် အိပ်ရာမှထ၍ ဘုန်းတော်ကြီးအတွက် ဝတ်ဖြည့်ကပ်လှူရန် လက်ဖက်ရည်အိုးတည်ခြင်း အာရုဏ်ဆွမ်းအတွက် ပြင်ဆင်စရာများ ပြင်ဆင်ခြင်းများ ပြီးစီးသည်နှင့် တပြိုင်နက် ကျောင်းဝင်းအတွင်းတွင် တံမြက်စည်းတစ်ချောင်းဖြင့် အမှိုက် လှည်းလေတော့သည်။ ဤကဲ့သို့ အမှိုက်လှည်းသည့် အလုပ်မှာ ဖိုးသူတော်၏ နေ့စဉ်လုပ်ငန်းပင် ဖြစ်လေသည်။ ဖိုးသူတော်သည် တံမြက်စည်းလှည်းရာတွင် ၎င်း၏ပါးစပ်ကလည်း " တူသောအကျိုးပေး

www.burmeseclassic.com

www.burmeseclassic.com



လိမ့်မယ်၊ စိတ်ကောင်းမှနတ်ကောင်း စောင်မမယ် ” ဟူ၍ ထပ်ခါတလဲလဲ ရွတ်ဆိုပြီး တံမြက်စည်းလှည်းလေ့ရှိသည်။

ဘုန်းကြီးကျောင်းအနီးရှိ အိမ်တစ်အိမ်မှ မိန်းမကြီးတစ်ယောက်သည်လည်း နေ့စဉ်ပင်နံနက်စောစော ဝေလီဝေလင်းအချိန်မှာပင် ‘မုန့်ပျားသလက် ’ ရောင်းလေ့ရှိသည်။ ထိုမိန်းမကြီးသည် ဖိုးသူတော် တံမြက်စည်းလှည်းစဉ်ဆိုသော “ တူတဲ့အကျိုးပေးလိမ့်မယ်၊ စိတ်ကောင်းမှနတ်ကောင်း စောင်မမယ် ” ဆိုသောရွတ်ဆိုသံကို နေ့စဉ်ပင် ကြားနေရသည့်အတွက် အလိုလိုနေရင်း မနာလိုစိတ်ရှိလာပြီး ဖိုးသူတော်သည် မိမိအား စောင်းမြောင်း၍ ရွတ်ဆိုသည်ဟုပင် ထင်လာတော့သည်။

မုန့်ပျားသလက် နေ့စဉ်လုပ်ကိုင်ရောင်းချနေသူ ထိုမိန်းမကြီးတွင် ကျောင်းသားအရွယ် တစ်ဦးတည်းသော သားကလေးတစ်ယောက်ရှိသည်။ သားကလေးကိုလည်း ဖိုးသူတော်ကြီးနေသော ဘုန်းကြီးကျောင်း၌ပင် ထားသည်။ မိန်းမကြီးသည် ဖိုးသူတော်အား အလွန်အမင်းမနာလိုဝန်တိုစိတ်ပွားများပြီး အမြင်ကတ်နေသည်ဖြစ်၍ ဖိုးသူတော်အားသေကြောင်းကြံရန် မိမိစိတ်ကိုဆုံးဖြတ်လိုက်လေသည်။

တစ်နေ့သော် ထိုမိန်းမကြီးသည် ခါတိုင်းလုပ်နေကျ မုန့်ပျားသလက်ထက်ကြီးသော မုန့်တစ်ချပ်တွင် အဆိပ်ထည့်လုပ်ပြီး စေတနာသဒ္ဓါတရားရှိဟန်ဖြင့် ဖိုးသူတော်ကြီးအား မိမိကိုယ်တိုင်သွားရောက် လှူဒါန်းလိုက်လေသည်။

**ဖိုးသူတော်သည် စိတ်ကောင်းနှလုံးကောင်းရှိသူဖြစ်၍ လှူဒါန်း**



လာသော မုန့်ပျားသလက်ကြီးကို အလှူခံ၍ သာဓုအနုမောဒနာခေါ်ပြီး လှူဒါန်းသူရောမိမိပါ ကုသိုလ်ရအောင်ရည်ရွယ်လျက် မိမိကိုယ်တိုင် မသုံးဆောင်တော့ဘဲ ဘုရားသို့ ဦးဦးဖျားဖျား ဆွမ်းတော်အဖြစ် ကပ်လှူလိုက်လေတော့သည်။

ထိုအချိန်သည် မိန်းမကြီး၏သားအပါအဝင် ကျောင်းသားများအား ဘုန်းတော်ကြီးက စာသင်ပေးနေချိန်ဖြစ်သည်။ ထို့နောက် မကြာမီပင် ကျောင်းသားများ ဆွမ်းတော်ကောက်ရန်နှင့်အခြားဝေယျာဝစ္စများလုပ်ကိုင်ရန် ကျောင်းဆင်းလိုက်လေသည်။

ဖိုးသူတော်သည်လည်း ဘုရားအားကပ်လှူထားသည့် မုန့်ပျားသလက်နှင့် အခြားဆွမ်းခဲဖွယ်ဘောဇဉ်တို့ကို ကျောင်းအနီး သင်ပုတ်ခွက်၌ စွန့်လေရာ မိန်းမကြီး၏သား ကျောင်းသားကလေးသည် အလျင်ဦးအောင် မုန့်ပျားသလက်ကြီးကို ကောက်ယူ၍စားလိုက်လေသည်။မုန့်ပျားသလက်မှာ ရိုးရိုးမုန့်မဟုတ်ဘဲ အဆိပ်ခတ်ထားသော မုန့်ဖြစ်သောကြောင့် စားပြီး မကြာမီမှာပင် ထိုမိန်းမကြီး၏သားကလေး သေဆုံးသွားလေတော့သည်။

မုန့်ပျားသလက်သည် မိန်းမကြီးမှာ နောင်တကြီးစွာရလျက် “ တူသောအကျိုးပေးလိမ့်မယ်၊ စိတ်ကောင်းမှနက်ကောင်း စောင်မမယ် ” ဟူသော ဖိုးသူတော်၏ ရွတ်ဆိုသံကို နားထဲ၌ကြားနေရပြီး သေဆုံးသွားသော သားကလေးအတွက် ယူကျုံးမရပူဆွေးငိုကြွေးလျက် ရှိနေတော့သည်။

www.burmeseclassic.com

www.burmeseclassic.com

## ခါးပူတာထက် နားပူတာမခံနိုင်

ရှေးအခါက ရွာတစ်ရွာတွင် ဘုန်းကြီးကျောင်းဝင်းကြီး တစ်ဝင်းရှိ၏။ ၎င်းကျောင်းဝင်းကြီးသည် တစ်ပြခန့် ကျယ်ပြန့်သော်လည်း ကျောင်းဆောင် တစ်ဆောင်သာရှိ၏။ ကျောင်းထိုင် ဘုန်းကြီးတစ်ပါးနှင့် ကိုရင်ကျောင်းသားလည်း နည်းနည်းသာရှိလေသည်။

ထိုကျောင်းဝင်းကြီးထဲတွင် မြက်များပေါများသည့် အလျောက် အဘိုးကြီးတစ်ယောက်သည် နှစ်စဉ်နှစ်တိုင်း နွားစာ၊ မြင်းစာများ အချိန်မှန် လာရိတ်ယူလေ့ရှိသည်။ ဘုန်းတော်ကြီးသည်လည်း အဘိုးကြီးကိုအမြင်များသဖြင့် မျက်မှန်းတန်းမိနေ၏။ နေပူပူကြီးတွင် နံပိုင်းကလေးသာဝတ်ထားပြီး ခါးတကုန်းကုန်းနှင့်မြက်ရိတ်၍ အသက်မွေးရသော အဘိုးကြီးကို ဘုန်းတော်ကြီးက သနားလာလေသည်။

ထို့ကြောင့်တစ်နေ့တွင် ဘုန်းတော်ကြီးသည် တကုန်းကုန်းနှင့် မြက်ရိတ်နေသော အဘိုးကြီး၏အနားသို့ ကြွသွားပြီး " အခုလို သုံးနာရီခန့် နေပူထဲမှာမြက်ရိတ်ရတာ ငွေဘယ်လောက်ရသလဲ " ဟုမေး၏။ ဤတွင်အဘိုးကြီးက တစ်မူးရကြောင်း ပြန်လျှောက်သည်။

" နေပူထဲ သုံးနာရီ အတွင်းမှာ မြက်မရိတ်ဘဲ ကျောင်းဝင်းထဲဝင်ပြီး တရားနာပါ၊ တရားနာတဲ့အတွက် ဘုန်းကြီးက ၎င်းငွေတမူးပေးပါ့မယ် " ဟုပြောကာ အဘိုးကြီးကို တရားခေါ်သွားလေ၏။



ဘုန်းတော်ကြီးသည် အဘိုးကြီးအား နေပူချိန် ၃ နာရီအတွင်း တရားဟော၏။ ဤကမ္ဘာလောကကြီး ဆိုတဲ့စိတ်စေတသိက် ရုပ်သဘောတရားတို့သည် ဘယ်သဘောတရားမှမမြဲကြောင်း၊ ပျက်ချိန်တန်ပျက်ကြ၍ အနိစ္စသဘောဖြစ်ကြောင်း၊ ဤကမ္ဘာလောကကြီးထဲရှိ ပုဂ္ဂိုလ်သတ္တဝါအချို့သည် မဟုတ်တာကို အဟုတ်ထင်၍ အဝိဇ္ဇာဖုံးအုပ်ပြီး ဒုက္ခခံနေကြရကြောင်း စသည့်သဘောများကို အကျယ်တဝင့်ရှင်းလင်း ပြောပြလေ၏ ပြီးသော်တရားနာခ ပိုက်ဆံတစ်မူးပေးလိုက်လေသည်။

နောက်တစ်နေ့ ၁၂ နာရီ နေခြစ်ခြစ်တောက်ပူနေသောအချိန်တွင် ထိုအဘိုးကြီးသည် မြက်များကိုလာရိတ်နေပြန်၏။ ဘုန်းတော်ကြီးကလည်း သနားသဖြင့် " အို အဘိုးကြီးမနေ့ကလို တရားနာလာပါ၊ ပိုက်ဆံတစ်မူးပေးပါ့မယ်၊ လာပါ " ဟုတရားနာခေါ်လေ၏။ နေပူထဲမှအဘိုးကြီးက မည်းနေသောခါးကို ကုန်းပြပြီး ဖြူနေသောသွားကို ပေါ်အောင်ဖြီးကာ တရားနာရတာနားပူသည်၊ နေသာအပူခံပြီး မြက်ကိုသာရိတ်တော့မည် ဆိုသည့်သဘောဖြင့် " တော်ပြီ တော်ပြီ ခါးပူတာထက် နားပူတာမခံနိုင်ပါဘုရား " ဟု ပြန်လျှောက်လေသည်။

www.burmeseclassic.com

www.burmeseclassic.com

## မကောင်း ကျောင်းပို့

ရှေးအခါက ရှေ့နေကြီးတစ်ယောက်သည် ဘုန်းတော်ကြီးတစ်ပါးအား ကျောင်းဆောက်၍ကိုးကွယ်လေသည်။

ရှေ့နေကြီးက ဘုန်းကြီးအား ကျောင်းသာမက အလိုရှိလျှင် သင်္ကန်း၊ ဆွမ်း၊ ဆေး ဟူသော ပစ္စည်းများကို တပည့်တော်ထံအလှူခံတော်မူပါ ဟုလျှောက်လေသည်။ ဘုန်းတော်ကြီးလည်း ရှေ့နေကြီး၏စေတနာကို " ကောင်း၏ ကောင်း၏ "ဟုဆို၍ လက်ခံတော်မူလေသည်။

ရှေ့နေကြီးတွင် တရုတ်အမှုသည်တစ်ဦးက လက်ဆောင်ပေးထားသော အလွန်လှပ၍ အဖိုးတန်သည့် လက်ဖက်ရည်အိုးနှင့်တကွ ပန်းကန်စုံတစ်စုံ ရှိလေသည်။ သူသည် ထိုလက်ဖက်ရည်အိုးနှင့် ပန်းကန်ကလေးကို လွန်စွာနှစ်သက်သဘောကျသဖြင့် တရိုတသေထားပြီး ထူးမြတ်သောပုဂ္ဂိုလ်များ အိမ်သို့လာမှသာလျှင် အဆိုပါပစ္စည်းများကိုထုတ်၍အသုံးပြုလေ့ရှိသည်။



ရှေ့နေကြီးသည် သူ၏မွေးနေ့တွင် သူကိုးကွယ်သောဘုန်းတော်ကြီးအား အိမ်သို့ပင့်လျက် ဆွမ်းကပ်ပြီးသော်တရိုတသေမွန်မွန် မြတ်မြတ်ထားသော၊သူအလွန်နှစ်သက်သဘောကျလှသည့် တရုတ်လက်ဖက်ရည်ကရားပန်းကန်အစုံဖြင့် လက်ဖက်ရည်ဆက်ကပ်ပြီး သူ၏လက်ဖက်ရည် ကရားအကြောင်းကိုချီးကျူးခန်းဖွင့်၍ ဘုန်းတော်ကြီးအားလျှောက်ထား လေသည်။

ဘုန်းတော်ကြီးကလည်း လက်ဖက်ရည်ကရားကိုမြင်ရကတည်းက သဘောကျလှပြီး အလှူခံရန်စိတ်ကူးထားပြီးဖြစ်သည်။

ရှေ့နေကြီး၏စကားအဆုံးသတ်သောအခါဘုန်းကြီးက " ကိုယ်အလွန်နှစ်သက်တဲ့ ပစ္စည်းကို လှူရတာဟာအလွန်တရာမှ မြတ်တဲ့ဒါနဖြစ်တယ်၊ ဒါကြောင့်မို့ ဒကာကြီး အလွန်နှစ်သက်တဲ့ ဒီလက်ဖက်ရည်ကရားနဲ့ပန်းကန်ပြားကို ဘုန်းကြီးကိုလှူပါ၊ ဘုန်းကြီးအလှူခံပါတယ် " ဟု အမိန့်ရှိလေသည်။

ထိုအခါ ရှေ့နေကြီးက " မြန်မာစကားမှာ မကောင်းကျောင်းပို့ ဆိုတဲ့စကားပုံတစ်ခုရှိပါတယ်၊ အခုတော့ ဒီလက်ဖက်ရည်ကရားနဲ့ ပန်းကန်တွေဟာ ကောင်းနေပါသေးတယ်၊ လက်ဖက်ရည်ကရားဟာ ပွန်းပဲ့နေပြီး ပန်းကန်ကလေးတွေ ကိုင်းကျိုးသွားတဲ့အခါမှ အရှင်ဘုရားကျောင်းကို ပို့လိုက်ပါမယ် " ဟု ရိုသေစွာလျှောက်ထားလိုက်လေသည်။

www.burmeseclassic.com

www.burmeseclassic.com



# မြောက်ကျောင်းကဘုန်းကြီး ကကြီးကသတ်ကက် ရှိသေး

ရှေးအခါက ကျေးရွာတစ်ရွာ၏ တောင်ကျောင်းတွင်ဘုန်းကြီးတစ်ပါးရှိသည်။ ထိုဘုန်းကြီးသည် ရွာအနီးအနားပတ်ဝန်းကျင်တွင် ဩဇာတိက္ကမ အတော်အတန်ရှိလေသည်။ သို့သော် ဤဘုန်းကြီးမှာ စာပေကျမ်းဂန်တတ်မြောက်သည်မဟုတ်ဘဲ ဘုရားရှင်၏အဆုံးအမများကိုလိုက်နာလျှင် သာသနာကြည်ညိုရာရောက်သည်ဟု ယုံကြည်၍ ရဟန်းပြုနေခြင်းဖြစ်သည်။

မြန်မာတောရွာများတွင် အလှူအတန်းပြုလျှင် အနီးအနားပတ်ဝန်းကျင်ရွာများမှ ဘုန်းတော်ကြီးများပင့်ဆောင်လေ့ရှိသည်။ တစ်ကြိမ်တွင် ထိုရွာ၌အလှူတစ်လှူရှိရာ အလှူတွင် ရွာနီးချုပ်စပ်မှ ဘုန်းတော်ကြီးများ ကြွလာဆုံမိကြလေသည်။ ဘုန်းတော်ကြီးများ ဆုံတွေ့ကြသည်နှင့် တရားစကား၊ စာစကား၊ ပေစကားများ ဆွေးနွေးနိုးနှောကြသည်။ အခြားသော ဘုန်းတော်ကြီးများ တရားအကြောင်း ဓမ္မအကြောင်း ဆွေးနွေးကြသည်ကို တောင်ကျောင်းဘုန်းကြီးမှာ မည်သို့မျှပင်မပြောနိုင်ဘဲ ပါးစပ်အဟောင်းသား ငေးမော နားထောင်နေရသည်။ သို့သော် ရွာမြောက်ကျောင်းကိုယ်တော်မှာလည်း စာမတတ်၍ အခြားဘုန်းကြီးများ ပြောသည်ကိုသာ နားထောင်နေရသည်ကိုတွေ့ရသဖြင့် တောင်ကျောင်းဘုန်းကြီးစိတ်တွင် တော်ပသေး၏ ဟု ဖြေနိုင်လေသည်။ သို့ရာတွင်

www.burmeseclassic.com

www.burmeseclassic.com



အများနည်းတူ မဖြစ်သေး၍ စာတော့သင်အုံးမှပဲဟု စိတ်ကူးကာကျောင်းသို့ ကြွလာခဲ့လေ၏။

ကျောင်းသို့ပြန်ရောက်သောအခါ တောင်ကျောင်းဘုန်းကြီးသည် စာကြိုးစား ကျက်လေတော့သည်။ တစ်နေ့တွင် ကျောင်းသို့ ဧရီးသွား ကုန်သည်တစ်စုရောက်လာသဖြင့် ဘုန်းတော်ကြီးက ဧည့်သည်များကို ငှက်ပျောသီး၊ မုန့် စသည်တို့ဖြင့် ဧည့်ခံကျွေးမွေးလေသည်။ ထိုနေ့ နေ့ပိုင်း ဘုန်းတော်ကြီး စာမကျက်ရတော့ပေ။ ညမှ ကျက်တော့မည်ဟု အောက်မေ့ထားလိုက် လေသည်။

ညရောက်သောအခါ ဘုန်းတော်ကြီးက “ ဟေ့ ဒကာတို့ အိပ်ကြ ပလား ” ဟုမေးသည်။ကုန်သည်များက “ မအိပ်သေးပါဘုရား ” ဟုပြန်ဖြေသည်။ နောက်တစ်ကြိမ် မေးပြန်သောအခါ၌လည်း မအိပ်သေး ကြောင်း ပြန်လျှောက်ထားကြသည်။ ထို့နောက် ဘုန်းတော်ကြီးက ခဏခဏဆက် မေးသဖြင့် ကုန်သည်များမှာ သံသယဝင်လာသည်။ သို့နှင့် နောက်တစ်ကြိမ် ဘုန်းတော်ကြီးက ထပ်မေးပြန်သောအခါ ပြန်မလျှောက်ဘဲ နေလိုက်ကြလေသည်။

ထိုအခါဘုန်းတော်ကြီးက ကုန်သည်များအိပ်ပြီဟုယူဆပြီး စာစ ကျက်တော့သည်။ ဘုန်းတော်ကြီးကလည်း “ ကကြီးလုံးတင်ကသတ်ကိတ် ကကြီးလုံးတင်နသတ်ကိန် ” စသည်ဖြင့်စာကျက်လေတော့သည်။ ထိုအခါ ကုန်သည်များက “ ဟာ ကျောင်းထိုင်ဘုန်းတော်ကြီးလုပ်နေပြီး ခုမှ ကကြီးလုံးတင်ကသတ်ကိတ် ရှိသေး ” ဟု ပြောကြသည်။ ဤတွင်



ဘုန်းတော်ကြီးက “ အံမာ ငါကတော်သေး၊ မြောက်ကျောင်းကဘုန်းကြီး ခုမှ ကကြီး ကသတ်ကက် ရှိသေး ” ဟုပြန်၍ မိန့်ကြားလိုက်သောဟူ၏။

www.burmeseclassic.com

www.burmeseclassic.com

## မူးတင်းပဲတင်းနှင့် ရှောက်တင်း ပိန်းတင်း

တစ်ခါကရွာတစ်ရွာတွင် ကပ်စေးနှဲသော သူဌေးကြီးတစ်ယောက်ရှိ၏။ ၎င်းရွာရှိ ကျောင်းတစ်ကျောင်းမှ ဘုန်းတော်ကြီးက တစ်နေ့ကွင် သူဌေးကြီးထံ ကျောင်းပြင်ရန်လာရောက်အလှူခံလေသည်။

သူဌေးကြီးလည်း မလှူချင်သဖြင့် ငွေကြေးမလွယ်၍မလှူနိုင်သေးကြောင်းပြန်၍လျှောက်လိုက်သည်။ ဘုန်းတော်ကြီးကလည်းသူဌေးကြီးလိမ်ပြောမှန်းသိ၍ " ဒကာကြီးက တစ်မျိုးပဲ ဘုန်းကြီးဟာကျတော့ပေးလားကမ်းလား လုပ်ရတယ်၊ဒကာ့ဟာကျတော့မူးတင်းပဲတင်းပါလား " ဟုဆိုလိုက်သည်။

ထိုအခါမှသူဌေးကြီးလည်း ငွေအနည်းငယ် လှူလိုက်သည်။ ဤသို့ လှူရခြင်းမှာလည်း သူဌေးကြီးသည်အကုန်အကျသက်သာအောင် ဘုန်းတော်ကြီးကျောင်းမှ ဆွမ်းဟင်းပိုများကို နေ့စဉ်အိမ်သို့ယူစားနေသူဖြစ်သောကြောင့် မကောင်းတတ်၍လှူခြင်းဖြစ်လေသည်။

ထိုငွေလှူပြီးသည့် နောက်တွင် ဘုန်းတော်ကြီးနှင့် သူဌေးကြီးသည် အဆက်အသွယ်မပြုကြတော့ချေ။

တစ်နေ့တွင် သူဌေးကြီးသည် အခက်တစ်ခုကြုံလာသည်။ သူ၏ရောဂါအတွက် ဆေးဖော်ရန် ရှောက်ရွက်နှင့်ပိန္နဲရွက် လိုလာခြင်းဖြစ်သည်။ တစ်ရွာလုံး လိုက်ရှာသော်လည်း မရသဖြင့် နောက်ဆုံးတွင် ဘုန်းတော်ကြီးကျောင်း သို့သွားရတော့သည်။



သူဌေးကြီးက ဘုန်းတော်ကြီးအား ရှောက်ရွက်နှင့် ပိန္နဲရွက်အနည်းငယ်ပေးသနားရန် လျှောက်သည်။ ဘုန်းတော်ကြီးက မပေးချင်သဖြင့် မကြားဟန်ဆောင်နေလိုက်သည်။

သည်အခါတွင်သူဌေးက

" အရှင်ဘုရားက ဘယ်လိုပါလဲ၊ ဒကာ့ဟာတော့ လှူလားကပ်လား၊ ဘုန်းကြီးဟာကျတော့ ရှောက်တင်း၊ ပိန်းတင်းပါလားဘုရား "

( 'ပိန်း' ဆိုသည်မှာပိန္နဲပင်ကို ဆိုလိုသည်။ )

ဤတွင်မှ ဘုန်းတော်ကြီးလည်း " ဟော့ ပိန္နဲပင်တော့ဆွဲမထည့်နဲ့ မင်းရူးချင်တာတွေရူးသွားဟေ့ "ဟူ၍အော်ဟစ်ပြောဆိုလိုက်လေတော့သည်။

ထို့နောက် ' မူးတင်း ပဲတင်း ' သည့် ကပ်စေးနှဲသူဌေးကြီးနှင့် ' ရှောက်တင်း ပိန်းတင်း ' သည့် ဘုန်းတော်ကြီးတို့ ဆရာ ဒကာပြန်ဖြစ်သွားကြလေသည်။

www.burmeseclassic.com

www.burmeseclassic.com

## အလှူ့ဒကာ

ရှေးအခါကရွာတစ်ရွာတွင် အလှူ့ဒကာ အလွန်အခေါ်ခံချင်သော လူကြွားကြီးတစ်ဦး ရှိသည်။ သူ့တွင် သားသမီးမရှိ၊ ဥစ္စာပစ္စည်းကား စားနိုင်သောက်နိုင် ရှိသည်။ ထိုလူကြွားသည် သူတစ်ပါးအလှူအတန်း ပြုသောအခါ " အလှူ့ဒကာ အလှူ့ဒကာ "နှင့် လူလယ်ခေါင်တွင်မျက်နှာ ပွင့်လန်းလျက် ခေါင်းပေါင်းစကြီးတရမ်းရမ်းလုပ်နေကြသောအလှူ့ဒကာများ ကို မြင်ရတိုင်း အလွန်အားကျနေလေသည်။



သို့နှင့် အလှူ့ဒကာအခေါ်ခံချင်လွန်းသောကြောင့် သူတစ်ပါး ကလေးများကိုတောင်း၍ သူတစ်ပါးထံမှကြွေးများချေးပြီး အလှူကြီးပေးရန် စီစဉ်လေသည်။ သူ့တွက်ကိန်းမှာ အလှူ့ဒကာလည်း အခေါ်ခံရမည် ကူငွေများများရသဖြင့် ကြွေးပြန်ဆပ်နိုင်သည့်အပြင် အမြတ်အစွန်းလည်း ရဦးမည် ဟူ၍ ဖြစ်သည်။

သို့သော် အလှူနေ့ရောက်သောအခါ ကူငွေမှာ ထင်သလောက် အခြေအနေမကောင်းဘဲ တင်နေသောကြွေး၏ ထက်ဝက်မျှသာရသဖြင့် အလွန်ပင် စိတ်မချမ်းမသာဖြစ်နေတော့သည်။ သို့နှင့် တရားနာချိန် ရောက်သောအခါ တရားသာနာနေရသော်လည်း သူတစ်ပါးထံမှ ချေးငှား ထားသော ကြွေးများကို မည်သို့မည်ပုံ ဆပ်ရမည်မသိသဖြင့် ' အကျိုးနဲ့ပြီ ငါတော့ အလှူ့ဒကာအခေါ်ခံချင်တာနဲ့ ဒီတစ်ခါတော့ အကျိုးနဲ့ပေါ့ 'ဟု စိတ်ထဲမှ ရေရွတ်လျက် စိတ်မချမ်းမသာဖြစ်နေလေသည်။

တရားဟောဘုန်းကြီးက သီလပေးပြီး ရေစက်ချသည်။ ဘုန်းကြီးက ရေစက်ချနေသော်လည်း အလှူ့ဒကာအခေါ်ခံချင်လှသော ကိုလူကြွားကြီးမှာကား ဘာတွေရေစက်ချနေသည်ကိုမသိ အတန်ကြာ၍ ရေစက်ချပြီးသဖြင့် သားလူများက " အလှူ့ဒကာ အမျှဝေပါ " ဟု ဆိုသောအခါမှ အလန့်တကြားထ၍ " သောက်ကျိုးနဲ့ကုန်ပါပြီဗျို့ " ဟု ပါးစပ်မှ ထွက်သွားမိလေတော့သတည်း။

www.burmeseclassic.com

www.burmeseclassic.com

## သုတ်ဖိုးသူတော်နှင့် ဝိနည်းဖိုးသူတော်

ရှေးအခါကရွာတစ်ရွာတွင် သုတ်ဖိုးသူတော်နှင့် ဝိနည်းဖိုးသူတော် ဟူ၍ ဖိုးသူတော်နှစ်ဦးရှိသည်။ ဝိနည်းဖိုးသူတော်မှာ ဝိနည်းတော်အရ မိမိအား ဆွမ်းဆန်လောင်းသူများအား ဆုတောင်းရှည်ရှည်ကြီး ပေးလေ့ရှိသည် သုတ်ဖိုးသူတော်ကား ဝိနည်းဖိုးသူတော်ကဲ့သို့ဆုတောင်းရှည်ရှည်တောင်း ပေးလေ့မရှိပေ။ တစ်နေ့တွင် သုတ်ဖိုးသူတော်သည် တစ်ဦးတည်းရွာတွင်းသို့ဝင်ကာ ဆွမ်းဆန်အလှူခံလေသည်။ အိမ်တစ်အိမ်သို့ အရောက်တွင် မိန်းမကြီးတစ်ယောက် ထွက်လာပြီး ဆန်လောင်းလိုက်စဉ် ဖိုးသူတော်က " ဘလုတ် " ဟုတစ်ခွန်းတည်းရွတ်ဆိုလိုက်သည်။ ထိုအခါမိန်းမကြီးက " ဘယ့်နှယ် ဖိုးသူတော်ကြီး ဆုတောင်းရှည်ရှည်ပေးပါဆိုမှ ဆုတောင်းမရွတ်ဘဲ ဘယ့်နှယ်ဟာရွတ်ပါသလဲ " ဟုမေးလိုက်သည်။ ဖိုးသူတော်က " ဘလုတ် " ဆိုသည်မှာ ရှေးကပစ္စည်းဥစ္စာချမ်းသာသော ဘလုတ်သူဌေးကိုရည်စူး၍ ဘလုတ်သူဌေးကဲ့သို့ ချမ်းသာအောင် ဆုတောင်းပေးခြင်းဖြစ်ကြောင်းနှင့် နောက်တစ်ခါဆုတောင်းရှည်ရှည်ကျက်ခဲ့မည် ဖြစ်ကြောင်း



ရက်တစ်ပတ်ခန့်ကြာသော် သုတ်ဖိုးသူတော်ကြီး ဆွမ်းဆန်ခံရန် ရောက်လာပြန်သည်။ မိန်းမကြီးကလည်း ဆွမ်းဆန်လောင်းလိုက်သည်။ ဤတစ်ခေါက်တွင်လည်း ဖိုးသူတော်က " ဘလုတ် " ဟုပင်ရွတ်လိုက်ပြန်သည်။ " ဘယ့်နှယ် ဖိုးသူတော်ကြီး အရင်တစ်ခေါက်ပြန်သွားတုန်းက ဆုတောင်းရှည်ရှည် ကျက်ခဲ့မယ်ဆိုပြီး ဘယ့်နှယ်အခုတစ်ခေါက်လည်း ဘလုတ်ကိုရွတ်ပြန်တာလဲ" ဟုမိန်းမကြီးကမေးရာ၊ ဖိုးသူတော်ကြီးက " ဘလုတ်မကြိုက် စက်ဆန်းဗျား၊ စက်ဆန်းဗျား " ဟုဆုတောင်း၍ ထွက်သွားလေတော့သည်။

စက်ဆန်းဆိုသည်မှာ မနေရှေ့ငွေချမ်းသာသော စက်ဆန်းသူဌေး ဟူ၍ရှိခဲ့ရာ ထိုသူဌေးကဲ့သို့ ဆွမ်းဆန်လောင်းသောမိန်းမကြီး ချမ်းသာစေရန် သုတ်ဖိုးသူတော်က ဆုတောင်းပေးခြင်းဖြစ်လေသည်။

www.burmeseclassic.com

www.burmeseclassic.com



## မြောက်ခြမ်းသား

ရှေးအခါက တစ်ရွာမှတစ်ရွာ လှည့်လည်၍ရာသီကုန်ကူးကြသော ကုန်သည်နှစ်ဦးရှိ၏။ တစ်နေ့သော် ထိုကုန်သည်နှစ်ယောက်သည် တောရွာ တစ်ရွာအရောက်တွင် ကုန်ရောင်းကုန်ဝယ်ခြင်းဖြင့် အချိန်ကုန်လွန်သွားရာ အခြား တစ်ရွာသို့ဆက်ပြီး မကူးနိုင်တော့သဖြင့် ၎င်းရွာမှ ရွာဦး ဘုန်းတော်ကြီးကျောင်းတွင်တည်းခိုခွင့်ပြုရန် ခွင့်ပန်၍တည်းခိုကြလေသည်။ ဘုန်းတော်ကြီး၏ကျောင်းသည် ရာသီအလိုက်သီးနှံပင်များကို စိုက်ပျိုးပြုစု ထားသောကြောင့် စိုပြေဝပြောသာယာနေပေသည်။ အထူးသဖြင့် ကျောင်း၏ မြောက်ဘက်ပိုင်းတွင် ဘူးပင်အများအပြား စိုက်ပျိုးထားသောကြောင့် အသီး အပွင့်များဖြင့် မြိုင်ဆိုင်လှပေသည်။

ကုန်သည်နှစ်ဦးလည်း ဘုန်းတော်ကြီးကျောင်း အောက်ထပ်တွင် တည်းခိုခွင့်ရသဖြင့် ယင်းကျောင်းအောက်တွင်ပင် လေး၊ငါးရက်မျှ တည်းခို နေကြလေသည်။ ဤသို့နေကြသည့်ရက်များအတွင်း ကျောင်းပေါ်မှ

www.burmeseclassic.com

www.burmeseclassic.com



ဘုန်းတော်ကြီးအား အပူမကပ်ဘဲအသင့်ပါလာသောဆီ၊ ဆန်၊ ဆားများကို ချက်ပြုတ် စားသောက်ကာသာ နေကြလေသည်။ ဘုန်းတော်ကြီးက " ဒကာတို့ ကနေ့ဘာဟင်းနဲ့များ စားကြသလဲ " ဟု မေးရာ၊ကုန်သည်တို့က " ကနေ့ တပည့်တော်တို့ မြောက်ခြမ်းသားဟင်းနဲ့စားကြပါတယ်ဘုရား "ဟု လျှောက်ထားလိုက်သည်။

ဘုန်းတော်ကြီးသည်နောက်တစ်နေ့တွင်လည်း အထက်ပါအတိုင်း " ဒကာတို့ဘာဟင်းနဲ့များစားကြသလဲ "ဟုမေးပြန်သည်။ ကုန်သည်များက မြောက်ခြမ်းသားဟင်းဖြင့်ပင် စားရပါကြောင်းဖြင့် လျှောက်ထားပြန်သည်။ ထိုနေ့တွင် ဘုန်းတော်ကြီးသည် မြောက်ခြမ်းသားဆိုသည်မှာ မည်ကဲ့သို့သော အစားအစာဖြစ်လေသနည်းဟု တစ်ပါးတည်းတွေးနေမိသည်။ သို့သော်ကုန်သည်တို့အား ထိုစားဘွယ်အကြောင်း မမေးမြန်းလို၍ မမေးဘဲနေလိုက်သည်။ ငါးရက်မြောက်သောနေ့တွင် ကုန်သည်တို့သည် ဘုန်းတော်ကြီးအား အသိမပေးဘဲ အခြားရွာသို့ ထွက်သွားကြလေသည်။

ကျောင်းထိုင်ဘုန်းတော်ကြီးသည် ကုန်သည်များ ငါ့ကိုအသိမပေးဘဲ ထွက်သွားကြသည်။ သူတို့စားသော မြောက်ခြမ်းသားဟင်းသည် မည်သို့သောအစားအစာ ဖြစ်လေမည်နည်းဟူ၍ တွေးတောရင်းကျောင်းဝင်းအတွင်း လှည့်လည်လျှောက်ကြည့်လေသည်။ ကျောင်းမြောက်ဘက်သို့ ရောက်အသွားတွင် စိုက်ပျိုးထားသော ဘူးပင်မှ ဘူးသီးများ တောင်ဘက်အခြမ်းသာရှိ၍ မြောက်ဘက်အခြမ်းများ မရှိတော့သည်ကို တွေ့လေရာ ထိုအခါမှ ဂကုန်သည်တို့ချက်စားသော မြောက်ခြမ်းသားကား ဘူးသီး၏ မြောက်ဘက်က အခြမ်းများပါတကား ဟု အဖြေပေါ်လေသတည်း။

# ပရန္ဒဝါဆိုတာ မင်းလားဟေ့

ရှေးရှေးအခါက အညာကျေးလက် ရွာတစ်ရွာတွင် သားအဖနှစ်ယောက်ရှိလေသည်။

ဖခင်ဖြစ်သူအသက်မှာ ရှစ်ဆယ်ကျော်ပြီဖြစ်ပြီးသားဖြစ်သူအသက်မှာ လေးဆယ်ကျော်ခန့်ဖြစ်သည်။ သား၏နာမည်ကား ကိုထူး ဖြစ်၏။

ကိုထူးသည် အသက်လေးဆယ်ကျော်အရွယ်တွင်မှ သက်န်းကိုရှောင်ကာ လူ့ဘောင်သို့ကူးခဲ့သော လူပြန်တော်ဖြစ်သည်။

အသက်ရှစ်ကျော်အရွယ်အိုမင်းမစွမ်းဖြစ်နေသူဖခင်ကြီးက သား၏ရှေ့ရေးကို မျှော်တွေးကာ သားအိမ်ထောင်ပြုစေလိုသည်။ ထို့ကြောင့်သား၏ အကဲကိုစမ်းလိုသဖြင့် –

" ငါ့သား မောင်ထူး၊ အဖေ့မှာငွေတစ်ထောင်တိတိရှိတယ်၊ ဒီငွေတစ်ထောင်နဲ့ မြင်းကောင်းကောင်းတစ်ကောင်ငါ့သား ဝယ်စီးမလား၊ ဒါမှမဟုတ်မိန်းမတစ်ယောက်ကို ငွေတစ်ထောင်တင်ပြီးယူမလား " ဟုမေးလေသည်။

ထိုအခါ သားဖြစ်သူ ကိုထူးက " ဒီလိုလုပ်ကြစို့အဖေရယ်၊ အဖေ့ငွေတစ်ထောင်ကို တစ်ဝက်ခွဲပြီး ငွေငါးရာနဲ့ မြင်းတစ်ကောင်ဝယ်၊ ကျန်တဲ့ငွေငါးရာကိုတော့ မိန်းမတင်ပြီးတောင်းယူရရင်မကောင်းဘူးလား " ဟု ဆိုသဖြင့် သားကို ချစ်လှသည့်ဖခင်ကြီးသည် မောင်ထူးအား မြင်းတစ်ကောင်နှင့် မိန်းမတစ်ယောက်ရရှိစေပြီး သူ့သားပညာရှိကို စိတ်ထဲမှပီတိဖြစ်နေလေတော့သည်။

www.burmeseclassic.com

www.burmeseclassic.com



ကိုထူး အိမ်ထောင်ကျ၍ တစ်နှစ်မျှကြာသောအခါ သူတို့ဇနီး မောင်နှံတွင် သားဦးကလေးတစ်ယောက် ထွန်းကားရရှိလေတော့သည်။

ကိုထူး၏ဇနီးက ကလေးမျက်နှာမြင်ချိန်တွင် ဟင်းခါးချက်၍ သောက်ရန်အတွက် ကိုထူးအား ' ပရန္နဝါရွက် ' အရှာခိုင်းလေသည်။ ဤတွင်ကိုထူးက " ရှင်မရယ် ကိစ္စများမြောင်လှတို့ဘောင်မှာ 'ပရန္နဝါရွက်' ဆိုတာ မောင့်တစ်သက်နဲ့တစ်ကိုယ် ကြားလည်းမကြားဘူးဘူး၊ မြင်လည်း မမြင်ဖူးဘူး၊ ဒါကြောင့်အရွက်ရဲ့ ပုံသဏ္ဌာန်နဲ့ အရောင်အဆင်းကလေးကို ပြောပြလိုက်ပါ၊ မောင်ရအောင်ရှာပေးပါ့မယ် " ဟု ဆိုလေသည်။

ထိုအခါ ကိုထူး၏ဇနီးက " မောင်ရယ် ဝေးဝေးသွားပြီး ရှာဖို့ မလိုပါဘူး၊ ပရန္နဝါရွက် ဆိုတာ အရောင်က စိမ်းနေပြီး ပုံသဏ္ဌာန်က မတိုမရှည်ပါ၊ ရွာစည်းရိုးမှာ သွားကြည့်ပါ " ဟု လမ်းညွှန်လိုက်လေသည်။

ကိုထူးသည် ဇနီးသည်လမ်းညွှန်သည့်အတိုင်းပင် ရွာစည်းရိုးသို့ ထွက်လာရာ ပုတ်သင်ညိုတစ်ကောင်ကို တွေ့လေသည်။ ကိုထူးက ငေးစိုက်၍ အကဲခပ်ကြည့်ပြီး " အရောင်ကစိမ်းစိမ်း၊ အရွယ်ပုံသဏ္ဌာန်က မတိုမရှည် ပရန္နဝါဆိုတာ မင်းလားဟေ့ " ဟု ကိုထူးက မေးလိုက်ရာ ပုတ်သင်ညိုက ခေါင်းညိတ်လေသည်။

ကိုထူးသည် ပုတ်သင်ညိုကလေးကို တုတ်ဖြင့်အားရဝမ်းသာရွာ လိုက်ရိုက်ပြီး အိမ်သို့ယူဆောင်ခဲ့ကာ ချစ်ဇနီးအတွက် ဟင်းခါးချက် လေတော့သည်။

သူ၏ချစ်ဇနီးက ကိုထူးအား ဟင်းခါးသောက်ရန် ယူခဲ့ပါဟုဆို



လေသော် ကိုထူးသည် ပုတ်သင်ညိုပဲ့ခေါင်းပါး ရေလုံပြုတ်ကို ပန်းကန်တွင် ထည့်၍ ဇနီးအား ပေးပါလေတော့သည်။

ပရန္နဝါရွက်ကို မမြင်ရဘဲ ပုတ်သင်ညိုဟင်းခါးကို တွေ့ရသော ဇနီးသည် သည် ကိုထူး အ ပုံ နှ ပုံကို ဒေါသဖြစ်လွန်းလှ၍ " ကိုထူး ခဏဒီနားကိုလာစမ်းပါ " ဟု ခေါ်ကာ ငုံ့ပြီး ကိုက်လိုက်လေသည်။

" ခွေးသားအုပ်မမှ ကိုက်တယ်ကြားဖူးပါတယ်၊ ခုတော့ လူသား အုပ်မကလည်း ကိုက်သကိုး " ဟု ကိုထူးက ဆိုလိုက်ချေသေးသည်။

တဖန် ချစ်ဇနီးက ရေနွေးတောင်းပြန်သောအခါတွင် " မင့်အနားမလာဝံ့ဘူးကွ၊ ကိုက်မှာကြောက်ရတယ် " ဟု ဆိုပြန်လေသော်၊ ၎င်း၏ ဇနီးမှာ သွားကလေးများပေါ်အောင်ပင်မချိပြုံး ပြုံးရရှာလေသည်။ ထိုအပြုံး ကိုပင် ကိုထူးက " ကြည့်ပါလား၊ခုတောင်မှကိုက်မလို့သွားဖြဲပြနေပြန်ပြီ " ဟုဆိုပြန်လေသည်။

တစ်နေ့တွင် ဇနီးက ကိုထူးအား မုန့်စိမ်းပေါင်းလုပ်ရန် ပေါင်း ချောင်အဝယ်ခိုင်းလိုက်သည်။ ကိုထူးသည် ဈေးသို့ရောက်ခဲ့သော်လည်း ပေါင်းချောင်မဝယ်ခဲ့ဘဲ ပြန်လာလေသည်။ ဇနီးသည်က အကျိုးအကြောင်း ဆီးမေးသောအခါ " အို ဘာရမလဲရှင်မရယ် သူတို့ကငါ့ကိုလူပြန်တော် ဆိုပြီး အိုးဖင်ပေါက်တွေကို ပေါင်းချောင်လို့ပြောပြီး ညာရောင်းကြတယ် အိုးဖင်ပေါက်တွေမို့ မဝယ်ခဲ့ပါဘူး " ဟု ရှင်းလင်းပြောပြသည်။ ဤတွင် ကိုထူး၏ဇနီးမှာ ဒါလောက် န ရ ၊ အ ရ ပါမို့လား ဟု ဆိုကာ ဒေါသ ထွက်လှသဖြင့် ကိုထူးအား အမျိုးမျိုးကျိန်ဆဲလေတော့သည်။

www.burmeseclassic.com

www.burmeseclassic.com



မိန်းမက ကျိန်ဆဲလွှန်းလှသဖြင့် ကိုထူးသည် စိတ်ညစ်ပြီး နေအိမ်မှထွက်ခွာလာခဲ့ရာ တစ်ခုသောမြစ်ဆိပ်သို့ ရောက်သွားလေသည်။ ထိုအခါ လှေသူကြီးတစ်ဦးနှင့်တွေ့၍ လှေထိုးသားအဖြစ်ဖြင့် လိုက်လိုပါကြောင်း ကိုထူးကပြောကြားအသနားခံလေသည်။ လှေသူကြီးလည်း ကိုထူးအား မြင်မြင်ချင်းဆိုသလိုသနားသဖြင့် မိမိလှေအတွက် လှေထိုးသား အဖြစ် ခေါ်သွားလေသည်။ တစ်ခုသော လှေဆိပ်တွင် ဝင်နားကြသောအခါ လှေသူကြီးနှင့် လှေထိုးသားအချို့သည် ကုန်းပေါ်သို့တက်ကြမည်ဖြစ်၍ မောင်ထူးအား လှေကို ရေနံစေ့စေ့စပ်စပ်သုတ်ထားနှင့်ရန် မှာကြားထားခဲ့လေသည်။

မောင်ထူးသည် လှေတစ်စင်းလုံးကိုသာ ရေနံသုတ်ရုံမျှမက လှေပေါ်ရှိ ပန်းကန်ခွက်ယောက်နှင့်စောင်များ ခေါင်းအုံးများကိုပါ ရေနံသုတ်ထားလေသည်။

လှေသူကြီးနှင့်အဖွဲ့ လှေသို့ပြန်ရောက်လာကြသော် မောင်ထူး ဝီရိယပိုပိုဖြင့် လုပ်ထားသောအလုပ်များကိုကြည့်ပြီး စိတ်အပျက်ကြီးပျက်ကြလေသည်။

ထို့ကြောင့် မောင်ထူးအား ထိုလှေဆိပ်မှာပင်ထားခဲ့ကာ လှေကို မောင်ထူးမသိအောင် တိတ်တဆိတ်ထွက်ခွာသွားကြလေတော့သည်။

ကျန်ရစ်သောမောင်ထူးသည် မြစ်ကမ်းနဖူး၌ တစ်ယောက်တည်းထိုင်ကာ လူ့ဘုံခန်းဝါ လူ့ဓမ္မတာများကို တစ်ရေးရေးတွေးကြည့်နေသည်။ တွေးရင်းတွေးရင်း လောကဇာတ်ခုံ ဤလူ့ဘုံကို စိတ်ပျက်ငြီးငွေ့လာသောကြောင့် တစ်ဖန်သင်္ကန်းပြန်ဝတ်လေတော့သတည်း။

ဆရာကြီး သခင်ကိုယ်တော်မှိုင်း

# တို့မြန်မာဝတ်ရှက်စဉ်

( ဒုတိယအကြိမ် )

ထွက်နေပါပြီ

၂၅ - ကျပ်

လူထု ကြီးပွားရေး စာအုပ်တိုက်
၂၂၁ ၊ ၈၄ လမ်း - မန္တလေး
ဖုန်း - ၂၁၀၀၃ ၊ ၂၁၁၃၆

www.burmeseclassic.com